# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် ၂၀၁၇ ခုနှစ်၊ သြဂုတ် ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၀၇)


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**

# ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကျင်းပ




ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံ ကျင်းပစဉ်

ဓာတ်ပုံ - စိန်လွင်အောင် (မြန်မာ့အလင်း)

**ရန်ကုန် သြဂုတ် ၅**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ သီတဂူဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ ဦးဆောင်မှုဖြင့် ဂျပန်ဖောင်ဒေးရှင်းနှင့် အိန္ဒိယနိုင်ငံ ဝိဝေကာနန္ဒအပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်းတို့၏ ပူးပေါင်းကူညီမှုဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် သီတဂူဆရာတော်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်းမြွက်ကြားရာတွင် မိမိတို့အနေဖြင့် ဘာသာတရား၊ ယဉ်ကျေးမှု၊ လူနေမှုစရိုက် အမျိုးမျိုးကွဲပြားသော နိုင်ငံအသီးသီးတို့မှ လာရောက်စုဝေးမိကြသည်ဖြစ်သော်လည်း တူညီသော ရည်ရွယ်ချက်တစ်ခုရှိနေကြောင်း၊ ၎င်းမှာ Peace, Stability and Security of the Human World ဖြစ်ကြောင်း၊ ကိုးကွယ်ရာ ဘာသာတရားအားလုံး၏ ရည်ရွယ်ချက်သည် လူသားအားလုံးတို့၏ ဘဝတည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်သူများအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေး ပိုမိုတိုးမြှင့်နိုင်မှုကို အထောက်အကူပြုစေနိုင်မည့် ရလဒ်ကောင်းများပေါ်ထွက်လာအောင် မိမိတို့၏ အတွေ့အကြုံ၊ အမြင်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

❖ **မိမိတို့ကိုးကွယ်သည့် ဘာသာ၊ အယူဝါဒများ မည်သို့ပင်ခြားနားစေကာမူ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြမည်ဆိုသည့် ခိုင်မာသောသန္နိဋ္ဌာန်ထားရှိချက်မှာ အတူတူပင်ဖြစ်**

**မြန်မာ-တရုတ် ချစ်ကြည်ရေးဆေးရုံအဖြစ် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအကြီးဖွင့်လှစ်** စာ ၄

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Daihatsu ကားကုမ္ပဏီ သွားရောက်လေ့လာ** စာ ၅

**လူမှုမီဒီယာကိုအသုံးချပြီး အကြမ်းဖက်မှုများကို တန်ပြန်တိုက်ဖျက်သွားရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သဘောတူ** စာ ၁၄




မြန်မာ့အလင်း

# မယဉ်ကျေးမှုများ ထိပ်တိုက်တွေ့ခြင်းနှင့် လူသားကမ္ဘာအတွက် ဓမ္မအလင်းရောင်

"လူမျိုးတစ်မျိုးနှင့် အခြားလူမျိုးတစ်မျိုးအတွင်း တင်းမာမှုများ၊ ပဋိပက္ခများ ဖြစ်ပွားရခြင်းသည် ထိုလူမျိုးတို့၏ ရိုးရာအစဉ်အလာနှင့် ယဉ်ကျေးမှုချင်းကွဲပြားသော ဆန့်ကျင်ဘက်အယူအဆကြောင့် ဖြစ်သည်ဟုဆိုခြင်းမှာ မှန်ကန်မှုရှိ၊ မရှိ လွန်ခဲ့သောနှစ်များစွာက လူထုအတွင်း မိန့်ခွန်းပြောကြားရာ၌ ကျွန်တော်အလေးအနက်ထား၍ မေးခွန်းထုတ်ခဲ့ပါသည်။ အင်္ဂလန်နှင့်ပြင်သစ် သို့မဟုတ် ပြင်သစ်နှင့် ဂျာမနီတို့သည် ယဉ်ကျေးမှုချင်းတူညီကြသည်။ ခရစ်ယာန်ဘာသာကိုပင် ကိုးကွယ်ကြသည်။ သို့သော် ထိုနိုင်ငံများသည် ရာစုနှစ်နှင့်ချီ၍ စစ်ဖြစ်ခဲ့ကြသည်။ နိုင်ငံအချင်းချင်းဖြစ်ပွားသည့် ပဋိပက္ခများ၊ ပုဂ္ဂလိကအချင်းချင်း ဖြစ်ပွားသည့် ပဋိပက္ခများမှာ ယေဘုယျအားဖြင့် ယဉ်ကျေးမှုချင်း အယူအဆကွဲပြားမှုကြောင့် လည်းကောင်း၊ ရိုးရာအစဉ်အလာနှင့် သမိုင်းအစဉ်အလာ အကြောင်းပြချက်များကြောင့်လည်းကောင်း ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ပင်ကိုစရိုက်အရ ယဉ်ကျေးမှုမရှိသည့် အင်အားစုများကြောင့်သာ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။"

အထက်ပါ စာစုမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရေးသားသည့် View from the UN (ရဲတင့် ဘာသာပြန်-ကုလသမဂ္ဂပေါ်မှ အမြင်)မှ ကောက်နုတ်ချက်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တင်းမာမှုများ၏ အကြောင်းရင်းခံသည် ယဉ်ကျေးမှုမရှိသည့် အင်အားစုများကြောင့်သာဖြစ်သည်ဟု ဦးသန့်က ရှင်းလင်းစွာရှုမြင်ထားသည်ကို အဆိုပါကောက်နုတ်ချက်တွင် တွေ့နိုင်သည်။ ပစ္စုပ္ပန်ကာလ မိမိတို့မျက်မှောက်ကမ္ဘာတွင် ရင်ဆိုင်ကြုံတွေ့နေရသော တင်းမာမှုများနှင့် ပဋိပက္ခများအပေါ် မတူကွဲပြားသည့် ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုများအကြားမှ ထိပ်တိုက်တွေ့မှု (Clash of Civilizations) ဖြစ်သည်ဟုဆိုသည့် အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် ဆင်မြူယယ်ဟန်တင်တန်၏ ဒဿနသည်ပင်လျှင် ဦးသန့်၏ အမြင်အရဆိုပါက ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်မည်ဖြစ်သည်။ "ယေဘုယျအားဖြင့် အာရှတိုက်တွင် ယဉ်ကျေးမှုတစ်ခုရှိသည်။ အနောက်တိုင်းမှာ အာရှယဉ်ကျေးမှုနှင့် ခြားနားသော အခြားယဉ်ကျေးမှု တစ်ခုရှိသည်။ ယင်းသို့ခြားနားသော ယဉ်ကျေးမှုကြောင့်ပင်လျှင် ပထဝီဒေသချင်းကွဲပြားသော ဒေသကြီးနှစ်ခုအတွင်းမှ ပြည်သူအချင်းချင်း ပဋိပက္ခများ၊ တင်းမာမှုများ ဖြစ်ထွန်းပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ဆိုကြပါသည်။ ဤအဆိုသည် မှားယွင်းသော အယူအဆဖြစ်ပါသည်"ဟု ဦးသန့်က ဆိုခဲ့သည်။

စင်စစ်အားဖြင့် မျက်မှောက်ကမ္ဘာ၏ ပဋိပက္ခများ၊ တင်းမာမှုများသည် ကွဲပြားခြားနားသော ယဉ်ကျေးမှုများကြောင့်မဟုတ်ဘဲ မယဉ်ကျေးမှုများကြောင့်သာ ဖြစ်သည်။ မတူညီသော ကိုးကွယ်ယုံကြည်မှုများကြောင့်မဟုတ်ဘဲ အပေါ်ယံကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးကို တလွဲအသုံးချမှုများကြောင့်သာ ဖြစ်သည်။ "ဘာသာတရားအားလုံးတို့၏ အညီအမျှတူကြသည့် Common Core မှာ ဒါန-သီလ-သမာဓိ-ပညာ-မေတ္တာ-ကရုဏာ-ခန္တီ-သစ္စာ တို့ဖြစ်ကြောင်း၊ ယင်းတို့ကို သက်ဆိုင်ရာ ဘာသာဝင်အားလုံးတို့က အလေးအနက်ထား သင်နိုင်၊ ကျင့်နိုင်ကြမည်ဆိုလျှင် ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆူပူခြင်း၊ တိုက်ခိုက်ခြင်းစသည်တို့ တဖြည်းဖြည်းလျော့ပါးလာပြီးနောက် ချုပ်ငြိမ်းသွားမည်ဖြစ်ကြောင်း" သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရက ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့သည့် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးညီလာခံကြီး၌ မိန့်ကြားခဲ့ဖူးသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့ ပိုမိုတိုးမြှင့်လာစေရေးဟူသော မွန်မြတ်သည့် ဦးတည်ချက်များဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ဘာသာရေးခေါင်းဆောင်များ၊ ပညာရှင်များပါဝင်ကာ ရန်ကုန်မြို့တွင် ကျင်းပနေသည့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကြီးမှ လင်းလက်တောက်ပလာမည့် ဓမ္မအလင်းရောင်သည် ကမ္ဘာတစ်ဝန်းသို့ လွှမ်းခြုံကာ အဓမ္မအမှောင်ကို ဖြိုခွင်းနိုင်ပါစေကြောင်း။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အမှိုက်ပုံမှထွက်ရှိသည့်ရေဆိုးများအား သန့်စင်သည့်နည်းစနစ်ကို ပြည်ပအကူအညီမပါဘဲ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်သွားမည်

**ပုသိမ်ကြီး ဩဂုတ် ၅**
ပုသိမ်ကြီးမြို့နယ် အင်ဂျယ်ကျေးရွာရှိ ကျောက်ကြမ်းတောင် အမှိုက်ပုံမှထွက်ရှိလာသည့် အမှိုက်ပုတ်ရေအား သန့်စင်နိုင်သည့်နည်းစနစ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ပြည်ပအကူအညီမယူဘဲ စွန့်ပစ်ရေသန့်စင်မှုစနစ်ကို အသုံးပြုကာ ဩဂုတ်လအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစွန့်ပစ်ရေများကြောင့် အနီးပတ်ဝန်းကျင်ရှိ စပါးခင်း၊ သရက်ခြံ၊ မာလကာခြံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်း ဧက ၅၀ ကျော် ထိခိုက်လျက်ရှိ၍ စွန့်ပစ်ရေသန့်စင်မှုစနစ်ပြုလုပ်ပြီးပါက ထွက်ရှိလာသည့်ရေများကို စိုက်ပျိုးရေ၊ ကျွဲ၊ နွား သောက်သုံးရေအဖြစ် အန္တရာယ်ကင်းစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သန့်ရှင်းရေးဌာနမှ ဌာနခွဲမှူး ဦးသန်းထွဋ်က ပြောကြားသည်။

"ကိုယ့်ဌာနနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်ကပြည်သူတွေ ကြုံတွေ့နေရတဲ့ ပြဿနာတစ်ခုဖြစ်တဲ့အတွက် နည်းလမ်းကို ကြိုးစားပြီးရှာခဲ့တယ်။ ကျွန်တော် ပြည်ပခရီးစဉ်ကရခဲ့တဲ့ အတွေ့အကြုံနဲ့ ပညာရပ်တွေကို အသုံးချပြီး စမ်းသပ်ခဲ့တယ်။ အမှိုက်ကျင်းက အမှိုက်ပုတ်ရေ (leachat acid) ရေတစ်ဂါလန်ကို နမူနာယူပြီး စမ်းသပ်တယ်။ သန့်စင်နိုင်တဲ့ နည်းလမ်းကို ဆောင်ရွက်လို့ရနိုင်တယ်ဆိုတာ တွေ့ရှိခဲ့တယ်။ တွေ့ရှိချက်ကို ကော်မတီကိုတင်ပြတော့ လတ်တလော ဖြေရှင်းဖို့နဲ့ အမြန်ဆုံးဆောင်ရွက်နိုင်မယ့် အသေးစားပုံစံပြု သန့်စင်စနစ်တစ်ခုကို ရက်ပိုင်းအတွင်း တည်ဆောက်ဆောင်ရွက်ဖို့ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါတယ်။ ဒီလထဲမှာ ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် စီမံဆောင်ရွက်သည့်အနေဖြင့် ရေဂါလန် ခြောက်သောင်းခွဲခန့် ရေဆိုးစုမြေသားကန် စတင်တူးဖော်လျက်ရှိပြီး တူးဖော်ပြီးပါက စိုက်ပျိုးမြေများသို့ ရေဆိုးဝင်ရောက်မှုကို တားဆီးနိုင်မည်ဖြစ်သည်။

အဆိုပါကန်အတွင်းရှိ ရေအားအသေးစားပုံစံပြု (prototype) ဖြင့် သန့်စင်သွားမည်ဖြစ်ကာ တစ်နေ့လျှင် ရေဂါလန် ၆၀၀၀ ခန့် သန့်စင်ပြီးရေများကိုသာ ထုတ်လွှတ်ပေးမည်ဖြစ်သည်။

သန့်စင်ခြင်းမပြုနိုင်သေးသည့် ရေဆိုးများကို နိုင်ငံတကာမှ လက်ခံထားသည့်နည်းလမ်းအတိုင်း အမှိုက်ပုံပေါ်သို့ ပြန်လည်ပက်ဖျန်းပေးခြင်းဖြင့် အမှိုက်၏ ဆွေးမြည့်မှုကို ပြန်လည်အားဖြည့်ပေးမည်ဖြစ်ကာ ပမာဏအားလုံး သန့်စင်နိုင်မည့် ရေသန့်စင်စနစ်ကို ကော်မတီထံသို့တင်ပြကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစွန့်ပစ်ရေသန့်စင်မှုစနစ်မှ ထွက်ရှိလာမည့်ရေမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး ထုတ်လွှတ်မှုသတ်မှတ်ချက်များဖြစ်သော ရေချဉ်ငန်ဓာတ် ($pH_6$ to $pH_9$) ဇီဝအောက်ဆီဂျင်လိုအပ်ချက် BOD (50) ဓာတုအောက်ဆီဂျင်လိုအပ်ချက် COD (250) အတွင်း ရောက်ရှိသည်အထိ သန့်စင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကနဦးအနေနဲ့ မြေသားရေဆိုးစုကန်ကို တူးမယ်။ လက်ရှိရေဆိုးဝင်ရောက်နေတဲ့နေရာမှာ ဝင်နေတဲ့ရေကို ဖြတ်တောက်ပြီး သန့်စင်နိုင်တဲ့နည်းစနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

အဆိုပါ ကျောက်ကြမ်းတောင် အမှိုက်ပုံတွင် ၂၀၁၀ ခုနှစ်မှစ၍ မန္တလေးမြို့တွင်းရှိ အမှိုက်များအား ပေ ၃၀ အနက်မြေတွင်းများတူးကာ စွန့်ပစ်ခဲ့ရာ ယခုအခါတွင်းများပြည့်လာပြီး မြေပြင်ပေါ်တွင် စွန့်ပစ်နေရသောကြောင့် အမှိုက်မှထွက်ရှိလာသည့် အမှိုက်ပုတ်ရေများသည် မိုးရေ၊ တောင်ကျရေများနှင့်ပေါင်းစပ်ကာ အနီးပတ်ဝန်းကျင်ရှိ လယ်ကွင်း၊ စိုက်ခင်းများသို့ ဝင်ရောက်ခဲ့ကြောင်း သန့်ရှင်းရေးဌာနမှ ဌာနစုမှူး ဦးမင်းအောင်ဖြိုးက ပြောပြသည်။

ယင်းကျောက်ကြမ်းတောင်၌ နေ့စဉ်အမှိုက်တန်ချိန် ၅၀၀ခန့် စွန့်ပစ်လျက်ရှိပြီးအမှိုက်မှထွက်ရှိလာသည့် အမှိုက်ပုတ်ရေမှာ လက်ရှိတိုင်းတာမှုအရ တစ်နာရီလျှင် ရေဆိုးဂါလန် ၁၅၀၀၀ ခန့် စိမ့်ထွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

ထင်သာမြင်သာပြုပြင်စရာ

# မိတ္ထီလာမြို့ လမ်းပျက်စီးမှု အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန်လိုအပ်

မိတ္ထီလာမြို့ပေါက်ချောင်းရပ်ကွက်ရှိ ပေါက်ချောင်းဈေးနှင့် လူမှုဝန်ထမ်းဦးစီးဌာန မူကြိုကျောင်းအနီး လမ်းပျက်စီးမှုကြောင့် လမ်းသွားလမ်းလာများမှာ အခက်ကြုံတွေ့ခြင်း၊ လမ်းပျက်၍ မူကြိုကျောင်းရှေ့ရေမြောင်းမှာ ရေစီးရေလာကောင်းမွန်မှု မရှိခြင်းတို့ကြောင့် လမ်းကို အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။



"ဒီလမ်းက မိုးရွာတိုင်း လမ်းမပေါ် မိုးရေလျှံတက်ပြီး လမ်းတွေပျက်စီးတယ်။ မိုးရွာပြီးနောက်ပိုင်းလည်း လမ်းပေါ်မှာ ရေတွေဝပ်ကျန်ပြီး ချိုင့်ခွက်တွေဖြစ်နေတာကြောင့် လမ်းသွား လမ်းလာတွေ နေ့စဉ် အခက်အခဲကြုံတွေ့ရတယ်။ လမ်းကပျက်စီးတော့ လမ်းတောင်ဘက်မှာရှိတဲ့ မူကြိုကျောင်းရှေ့က ရေနုတ်မြောင်းလည်း ရေစီးရေလာ မကောင်းတော့ဘူး။ ဒီလမ်းပျက်စီးမှု အမြန်ကောင်းမွန်ပြီး ရေမြောင်းရေစီးရေလာကောင်းမွန်အောင် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ပေါက်ချောင်းရပ်ကွက်၌ နေထိုင်သူ ဒေသခံတစ်ဦးက ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၅-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ | ・၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ | ・၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၂၁ |
| တရုတ် | တစ်ယွမ် | ၂၀၂ | ・၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ・၄၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

✻ *ရှေ့စုံးမှ*

အယူအဆများကိုအခြေခံကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြလိမ့်မည်ဟု အလေးအနက် ယုံကြည်ပါကြောင်း။

**တုန်လှုပ်ချောက်ချားလျက်ရှိ**

ယနေ့ မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် လူသားအများစုသည် ငြိမ်းချမ်းရေးလည်းမရကြသလို လုံခြုံမှု၊ တည်ငြိမ်မှုလည်းမရှိကြကြောင်း၊ အမျိုးမျိုးသော နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများကြောင့် ကမ္ဘာကြီးသည် ချောင်းမြောင်းလုပ်ကြံမှု၊ ဆူပူသောင်းကျန်းမှု၊ နယ်မြေကျူးကျော်မှု စသည်တို့ဖြင့် တုန်လှုပ်ချောက်ချားလျက် ရှိနေရကြောင်း၊ အဆိုပါ အနိဋ္ဌာရုံအားလုံးတို့၏ အရင်းအမြစ်သည် ယနေ့ နိုင်ငံတိုင်း၊ ဘာသာတိုင်း၌ ကြုံတွေ့နေရသည့် ကိုးကွယ်ရာဘာသာမဲ့ အရေးအတွက်ကြောင်း၊ ချိုးသူတိုင်းကို သန့်ရှင်းစေပါကြောင်း၊ ဤကဲ့သို့ပင် အိန္ဒိယတွင်ရှိသော ဂင်္ဂါမြစ်ကြီးထဲမှ ရေများသည်လည်း သောက်သုံးသူတိုင်းကို အေးချမ်းစေပါကြောင်း၊ သန့်ရှင်းစေပါကြောင်း၊ ထိုနည်းတူစွာ တရုတ်နိုင်ငံမှ မြစ်ဝါမြစ်၊ အမေရိကန်နိုင်ငံမှ မစ္စစ္စပီမြစ်တို့သည်လည်း တစ်သဘောတည်းရှိကြောင်း၊ မိမိတို့အားလုံးအနေဖြင့် မိမိတို့ကိုးကွယ်သည့်ဘာသာ၊ အယူဝါဒများ မည်သို့ပင်ခြားနားစေကာမူ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြမည်ဆိုသည့် ခိုင်မာသော သန္နိဋ္ဌာန်ထားရှိချက်မှာ အတူတူပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘာသာရေးခေါင်းဆောင်များ အားလုံးအနေဖြင့် မတူညီသော၊ ကွဲပြားသော အကြောင်းအရာများကို ဘေးဖယ်ထား၍ ငြိမ်းချမ်း



သီတဂူဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ

သည် ပြည်တွင်း၊ ပြည်ပမည်သည့်နေရာက ထွက်ရှိလာသည်ဖြစ်စေ ဆိုးရွားသည့်ပြဿနာကို ဖြစ်ပေါ်စေကြောင်း၊ သို့ဖြစ်၍ အရောင်စုံ၊ အလှအစုံသော လူ့ဘောင်အဖွဲ့အစည်းအတွင်း မရှိအပ်သည့်အရာဖြစ်ကြောင်း။

လုံခြုံရေးဟု ဆိုကြရာတွင် လူအများစုသည် ကာကွယ်ရေးနှင့် ပတ်သက်သည့် ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးကိုသာ မြင်လေ့ရှိကြောင်း၊ လူသားလုံခြုံရေးဟူသည် ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးသာမဟုတ်ကြောင်း၊ ယခုမိမိတို့သည် ငြိမ်းချမ်းရေး၊ သင့်မြတ်သဟဇာတဖြစ်ရေးနှင့် လုံခြုံရေးကိုဖော်ဆောင်နေကြသည့် အရှေ့မျက်နှာစာတစ်ခုဖြစ်ကြောင်း၊ ယုံကြည်ကိုးကွယ်မှုများကိုအခြေခံပြီး ကောင်းမွန်သည့် ဆက်ဆံရေးကို ထူထောင်ကာ ငြိမ်းချမ်းမှုကို မိမိတို့စေကြောင်း၊ အမုန်တရားနှင့် ဖြစ်ရပ်မှန်ဆိုသည့် တန်ဖိုးသည်လည်း ကွယ်ပျောက်ပျက်စီးသွားကြောင်း စသည်ဖြင့် ပါရှိသည်။

ယင်းနောက် ဂျပန်ဖောင်ဒေးရှင်း၏ ဒုတိယဥက္ကဋ္ဌ Ms. Hiroko Tsuka က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**စုပေါင်းဓာတ်ပုံရိုက်**

ထို့နောက် ကြွရောက်လာကြသော ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဆရာတော်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ပြည်ပအစိုးရနိုင်ငံအသီးသီးမှ အကြီးအကဲများ၊ ဓမ္မစာပေပညာရှင်များ၊ စာတမ်းရှင်များကို အထိမ်းအမှတ်လက်ဆောင်များ ဆက်ကပ်အပ်နှင်းကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ညီလာခံကို ဆက်လက်ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်



အမျိုးသားလုံခြုံရေးနှင့် အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း မိန့်ခွန်းဖတ်ကြားစဉ်



Gen. N.C. Vij, Director, VIF, India ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်



H.E. Mr. Ramchandra Damodar Naik ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်

များ တစ်နေ့တခြား တိုးပွားလာခြင်းကြောင့်ဟု ယုံကြည်ကြောင်း၊ အင်္ဂလန်တွင် ဘာသာမဲ့ပုဂ္ဂိုလ် ၃၅ ရာခိုင်နှုန်း၊ ဂျပန်တွင် ၃၁ ရာခိုင်နှုန်းနှင့် အမေရိကန်တွင် ၃၃ ရာခိုင်နှုန်းရှိနေပြီဟု ကြားသိရကြောင်း၊ ထိုနည်းတူ မိမိတို့၏ ဘာသာကြီးငါးခု မွေးဖွားရာနိုင်ငံများမှာလည်း ဘာသာမဲ့ပုဂ္ဂိုလ် တော်တော်များများ ပေါ်ပေါက်နေပြီဖြစ်ကြောင်း၊ သိပ္ပံနှင့် နည်းပညာတိုးတက်ထွန်းကားနေသော မျက်မှောက်ခေတ်ကာလတွင် လူငယ်တော်တော်များများသည် မိမိတို့ ကိုးကွယ်ရာ ဘာသာတရားများ၏ အဆုံးအမကိုလိုက်နာခြင်းမရှိကြ၍ ယခုကဲ့သို့ ထိတ်လန့်ဖွယ်အခြေအနေဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း၊ ဤအရေးသည် ယနေ့ကမ္ဘာကြီးအတွက် ထိတ်လန့်ဖွယ် အကောင်းဆုံးကိစ္စဟု ရှုမြင်သုံးသပ်ပါကြောင်း။

**ငြိမ်းချမ်းအောင် ဆောင်ရွက်နေ**

ယနေ့ နိုင်ငံရေးခေါင်းဆောင်များစွာတို့သည် ဆွေးနွေးပွဲပေါင်းများစွာဖြင့် ကမ္ဘာကြီးငြိမ်းချမ်းအောင် ဆောင်ရွက်နေကြကြောင်း၊ သို့ဖြစ်ရာ မိမိတို့ဘာသာရေးခေါင်းဆောင် ညီအစ်ကို မောင်နှမများကလည်း တူညီသောရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးတို့ကို အထောက်အကူပြုမည့် ဤကဲ့သို့သော အစည်းအဝေးများကို ခေါ်ဆိုရခြင်းဖြစ်ကြောင်း၊ ဤသည်ပင် မိမိတို့၏ Common Platform ဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ရာ၌ မိမိတို့ဘာသာရေးခေါင်းဆောင်များအတွက် အရေးကြီးဆုံး လုပ်ဆောင်ရမည့် အရာမှာ မိမိတို့၏ သက်ဆိုင်ရာ ဘာသာဝင်များအနေဖြင့် ဘာသာတရား၏ အနှစ်သာရကို နားလည်သဘောပေါက်ပြီး အမှန်တကယ် လိုက်နာကျင့်သုံးတတ်အောင် သင်ကြားပေးဖို့ပင်ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင်ရှိသည့် ဧရာဝတီမြစ်ကြီးထဲမှ ရေများသည် သောက်သုံးသူတိုင်းကို အေးချမ်းစေပါရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးဟူသော တူညီသောလမ်းပေါ်တွင် လက်တွဲလျှောက်ကြရန် အဓိဋ္ဌာန်ပြုပါကြောင်းဖြင့် အကျယ်တဝင့် မိန့်ကြားသည်။

ထို့နောက် Gen. N.C. Vij, Director, VIF, India က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အိန္ဒိယဝန်ကြီးချုပ်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ကပေးပို့သော သဝဏ်လွှာကို Video Tape ဖြင့် ညီလာခံသို့ တင်ပြသည်။ ဆက်လက်၍ ကောင်းချီးမင်္ဂလာသဝဏ်လွှာကို Param Pujya Swami Avdeshanandaji က ဖတ်ကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အိန္ဒိယနိုင်ငံ Uttar Pradesh ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Ramchandra Damodar Naik နှင့် State Minister for Foreign Affairs of Japan မှ H.E. Mr. Nobuo Kishi တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား အမျိုးသားလုံခြုံရေးနှင့်အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက အခမ်းအနားဖွင့်မိန့်ခွန်းကို ဖတ်ကြားသည်။

**ဆုံးဖြတ်အတည်ပြုထား**

အဆိုပါမိန့်ခွန်းတွင် ၂၀၀၃ ခုနှစ်၊ ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်ဖြင့် ကွဲပြားခြားနားသည့် ကိုးကွယ်ရာဘာသာများအကြား အပြန်အလှန်ဆွေးနွေးဖလှယ်မှုများဖြင့် တူညီသည့် အယူအဆတန်ဖိုးထားမှုများကို ဖော်ထုတ် အားပေးကြရန် ကမ္ဘာ့နိုင်ငံများမှ ဆုံးဖြတ်အတည်ပြုထားကြောင်း၊ သို့ဖြစ်၍ ယနေ့အေးချမ်းမှု၊ သင့်မြတ်မှုအတွက် ကျင်းပသည့် ဆွေးနွေးပွဲကို ရန်ကုန်မြို့၌ ကျင်းပခြင်းသည် သင့်လျော်သည်ဟု ယူဆပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဒဂုံမြို့ဟု အမည်ပေးတည်ထောင်ခဲ့သည့် မြို့တော်ကို ရန်အပေါင်းချုပ်ငြိမ်းသည်ဟု အဓိပ္ပာယ်ဆောင်သည့် “ရန်ကုန်”ဟု ပြောင်းလဲခေါ်ဝေါ်အမည်ပေးခဲ့သည့် မြို့တော်ဖြစ်ကြောင်း၊ ခိုက်ရန်ဟူသမျှ အပြီးသတ်ချုပ်ငြိမ်းစေပြီး လူသားအားလုံးအတွက် ဒုက္ခကင်းဝေးအောင် ဖော်ဆောင်ရေးသည် မိမိတို့၏ ရည်မှန်းချက်ဖြစ်ကြောင်း။

**လမ်းကြောင်းအမှန် ပြသပေး**

ကွဲပြားခြားနားသည့် ဘာသာတရားကိုးကွယ်ယုံကြည်မှုများအကြား တူညီသည့် အချက်များကိုအခြေခံ၍ အေးချမ်းသာယာမှုကို ပူးပေါင်းဖော်ဆောင်နိုင်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဘာသာတရားတိုင်းသည် လောကအေးချမ်းသာယာတည်ငြိမ်ရေးကို ဦးတည်ချက်ထားရှိကြောင်း၊ တစ်ဦးနှင့်တစ်ဦး သည်းခံတတ်ကြရန်၊ အကြမ်းဖက်မှုကို ရှောင်ရှားကြရန် သွန်သင်ပေးကြောင်း၊ မွန်မြတ်သည့် တရားဓမ္မများတွင် လူလူချင်း သင့်မြတ်သဟဇာတဖြစ်သည့် ညီညွတ်မှုရှိရေးကို ဟောပြောဆုံးမထားကြောင်း၊ မိမိတို့အားလုံးသည် ငြိမ်းချမ်းမှု၊ မိတ်ဆွေသင်္ဂဟဖြစ်မှု၊ လေးစားမှုတို့ကို လိုလားကြကြောင်း၊ ဘာသာရေးအကြီးအကဲများအနေဖြင့် တပည့်တပန်းများအား အထက်ပါ ငြိမ်းချမ်းရေးဆိုင်ရာ“မှု” များကို ဟောပြောသွန်သင်ဆုံးမပေးခြင်းဖြင့် မုန်းတီးသူများ၏ ပျက်စီးရာပျက်စီးကြောင်း ဝါဒဖြန့်မှုများကို ရှောင်ရှားနိုင်မည့် လမ်းကြောင်းအမှန်ကို ပြသပေးရန်လိုအပ်ကြောင်း။

မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးကို အညီအမျှရရှိစေရမည်”ဟု အတိအလင်း ပြဋ္ဌာန်းထားကြောင်း၊ ယင်းဘာသာတရားလွတ်လပ်မှုကို ထိန်းသိမ်းဖော်ဆောင်ပေးရန် ဆုံးဖြတ်ချက်ရှိထားသကဲ့သို့ တစ်ဖက်၌လည်း ဆင်းရဲဒုက္ခကင်းဝေးစေရေးအတွက် ငြိမ်းချမ်းရေးကို တည်ဆောက်ရန် ဆုံးဖြတ်ချက်အခိုင်အမာရှိထားပါကြောင်း၊ နေ့စဉ်နှင့်အမျှ အစွန်းရောက်အကြမ်းဖက်မှုများကို တွန်းလှန်တိုက်ခိုက်နေကြောင်း၊ အမုန်းတရားများ ဖြစ်ပေါ်ပွားများစေမည့် မဟုတ်မမှန် လိမ်လည်လုပ်ဇာတ်များကိုလည်း ရင်ဆိုင်ဖြေရှင်းနေရကြောင်း၊ ထိုလိမ်လည်ဇာတ်လမ်းများတည်ဆောက်နေကြောင်း၊ ဤနည်းဖြင့် သင့်မြတ်ညီညွတ်ရေးကို ရှိစေကြောင်းနှင့် ဤနည်းဖြင့် လုံခြုံမှုကို ထိန်းသိမ်းစောင့်ရှောက်နေကြောင်း။

ပဋိပက္ခကို ဖြစ်ပေါ်စေသည့် တွန်းအားစုများသည် ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းများစွာကတည်းက ရှိနေကြောင်း၊ သို့သော် ယခုခေတ်ကာလတွင် မိမိတို့ ပူးပေါင်းဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးနှင့် သင့်မြတ်သဟဇာတဖြစ်သည့် ညီညွတ်မှုရှိရေးကို စမ်းသပ်စိန်ခေါ်နေသည့် တွန်းအားသစ်များသည် အသွင်သစ်၊ တီထွင်ကြံဆမှုအသစ်များနှင့်အတူ ထွက်ပေါ်နေကြောင်း၊ ယနေ့ အင်တာနက်ကွန်ရက်သည် နယ်စည်းမရှိ အစွန်းရောက်သမားများ၏ အမုန်းစကားများကိုဝေးလံကျယ်ပြန့်သည့် နေရာများအထိ ဖြန့်ထုတ်ပေးနေကြောင်း၊ မဟုတ်မမှန်လိမ်လည် လုပ်ဇာတ်စကားများကို လွယ်လင့်တကူ ဖြန့်ဝေနိုင်အောင် အထောက်အကူများ ဖြစ်စေကြောင်း၊ မဟုတ်မမှန်စကားများကို ဤနည်းဖြင့် ကျယ်ပြန့်စွာဖြန့်ဝေပြီး လက်နက်သဖွယ် အသုံးပြုလာသည့်အခါတွင် တည်ငြိမ်အေးချမ်းမှုနှင့် သင့်မြတ်သဟဇာတဖြစ်မှုကိုပျက်စီးစေပြီး ပဋိပက္ခကိုဖြစ်ပေါ်

ဌင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အိန္ဒိယနိုင်ငံ Uttar Pradesh ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Ramchandra Damodar Naik နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri တို့က ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

ယနေ့ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံ ညီလာခံသို့ အမေရိကန်၊ အင်္ဂလန်၊ စပိန်၊ ဂျပန်၊ တရုတ်၊ ဘူတန်၊ ပြင်သစ်၊ အိန္ဒိယ၊ သီရိလင်္ကာ စသော ပြည်ပနိုင်ငံ ၃၂ နိုင်ငံမှ ဘာသာရေးခေါင်းဆောင်များနှင့် ပညာရှင်များ ၁၃၅ ဦးနှင့် မြန်မာနိုင်ငံမှ ဘာသာရေးခေါင်းဆောင်များနှင့် ပညာရှင်များ ၁၂၀ စုစုပေါင်း ၂၅၅ ဦး တက်ရောက်လျက်ရှိပြီး ညီလာခံကို ဩဂုတ် ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများအား ပြောကြားစဉ် (သတင်းစဉ်)

❄ *ကျောဖုံးမှ*

အဆိုပါ ကမ်းလွန်လုပ်ကွက်အမှတ် A(6)တွင် အကဲဖြတ်တွင်း ပြည်သစ်(၁) ကို ဇွန် ၁၀ ရက်တွင် စတင်တူးဖော်ခဲ့ပြီး ဇူလိုင် ၁၅ ရက်တွင် ရည်မှန်းအနက် ၄၅၇၀ မီတာအထိ တူးဖော်ခဲ့ရာ အနက် ၃၅၄၂ မီတာတွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနေသော အသားတင်ထုတ်ယူ ရရှိနိုင်မည့် သဲကြောအထူ ၃၅ မီတာ ခန့်ကို စမ်းသပ်တွေ့ရှိခဲ့သည်။ သဘာဝ ဓာတ်ငွေ့ထုတ်လုပ်နိုင်မှု စမ်းသပ်ခြင်း (Drill Stem Test)ကို ဆောင်ရွက်ခဲ့ရာ သဘာဝဓာတ်ငွေ့တစ်နေ့လျှင် ကုဗပေ သန်း ၅၀ နှုန်း ထုတ်ယူနိုင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။

မြန်မာ့ကမ်းလွန် လုပ်ကွက်အမှတ် A(6)တွင် MPRL E&P ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှု ၂၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံ Woodside Energy (Myanmar) Pte.,Ltd မှ ၄၀ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံ Total E & P Myanmar ကုမ္ပဏီမှ ၄၀ ရာခိုင်နှုန်း အချိုးကျပါဝင်ကာ ရှာဖွေတူးဖော်ခြင်း လုပ်ငန်းများကို အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

အကဲဖြတ်တွင်း ပြည်သစ်(၁)ကို လုပ်ကွက်A(6)၏ တတိယမြောက်တွင်းအဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၉၀ ခန့်အကွာ ကမ်းလွန်ပင်လယ်ပြင်တွင် ရေအနက် ၂၀၀၁ မီတာနေရာ၌ တူးဖော်ခဲ့ခြင်း ဖြစ်သည်။

လုပ်ကွက်အမှတ် A(6)တွင် ရှာဖွေရေးတွင်း/အကဲဖြတ်တွင်းများ ဆက်လက် တူးဖော်သွားမည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့ခိုအောင်းမှု ပမာဏသည် စီးပွားဖြစ် ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိပါက Development လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် လုပ်ကွက်အမှတ် A(6) တွင် အကဲဖြတ်တွင်း ပြည်သစ်(၁) တူးဖော်စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဩဂုတ် ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီ လျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**

# မြန်မာ-တရုတ် ချစ်ကြည်ရေးဆေးရုံအဖြစ် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအကြို့ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ အဆင့်မြှင့်တင် ပြင်ဆင် ဆောက်လုပ်လှူဒါန်းခဲ့သည့် မြန်မာ- တရုတ် ချစ်ကြည်ရေးဆေးရုံအဖြစ် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံ အကြို့ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂) ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ယင်းဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဝန်ကြီး H.E.Mr. Song Tao၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

"ကျွန်တော်တို့ ဒီဆေးရုံကို အဆင့်မြှင့်တင်ဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် မြန်မာ- တရုတ်ချစ်ကြည်ရင်းနှီးမှုကို ဖော်ထုတ်ပြသရာ ဖြစ်သလို ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ ပြုစုစောင့်ရှောက်ရေးအတွက် ထိရောက်စွာဆောင်ရွက်သွားနိုင်တော့မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်ဒေသတွေမှာ လိုအပ်နေတဲ့ သားဖွားဆရာမတွေ မွေးထုတ်ပေးနိုင်ဖို့လည်း ဒီဆေးရုံမှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဝန်ကြီး H.E.Mr. Song Tao နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်းတို့ကလည်း နှုတ်ခွန်းဆက် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ယင်းနောက် မြန်မာ-တရုတ် ချစ်ကြည်ရေးဆေးရုံအဖြစ် ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံအထိမ်းအမှတ် ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ မော်တော်ယာဉ်တစ်စီးကိုလည်း ယင်းဆေးရုံအတွက် ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါဆေးရုံမှာ သက်တမ်းအားဖြင့် ၈၄ နှစ်ရှိပြီဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ်တွင် တာဝါလိန်း အမျိုးသမီးဆေးရုံအမည်ဖြင့် သားဖွားဆေးရုံအဖြစ် အသုံးပြုခဲ့ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ အဖွဲ့ဝင် ၁၃ ဦး ပါဝင်ကြောင်း၊ ၁၉၈၂ ခုနှစ်တွင် ဗဟန်း အမျိုးသမီးဆေးရုံ အမည်သို့ ပြောင်းလဲခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ခုတင် (၅၀) ဆံ့ ဆေးရုံအဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းဆေးရုံကို တရုတ်နိုင်ငံ၏ အကူအညီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၂၂ရက်က စတင်ကာ အဆောက်အအုံအား ရှေးမူမပျက် ပြင်ဆင်မွမ်းမံခြင်းနှင့် နှစ်ထပ်လူနာကုသဆောင် ဆောက်လုပ်ခြင်းတို့ကို အမေရိကန်ဒေါ်လာသိန်း ၂၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



ယင်းဆေးရုံ၌ ခွဲစိတ်ခန်းနှစ်ခန်း၊ သားဖွားခန်း၊ အထူးကြပ်မတ်ကုသဆောင်၊ ပြင်ပလူနာဌာနနှင့်ဓာတ်ခွဲခန်းတို့ပါရှိမည်ဖြစ်ပြီး ခေတ်မီဆေးရုံသုံးပစ္စည်းများလည်း အသုံးပြုမည်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအတွက် အားထားရသောဆေးရုံတစ်ရုံအဖြစ် ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ သားဖွားသင်တန်းများလည်း ယင်းဆေးရုံ၌ ဖွင့်လှစ်သင်ကြားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမဝင်း အတွင်း၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ်(၁)မှ (၁၁၀၀)အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြပြီး အဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့ပြင် ယမန်နေ့က အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည့် ကျောက်မျက်အတွဲ ၃၂၆ တွဲအတွက် ရတနာကုန်သည်များထည့်သွင်းခဲ့သည့် အဆိုပြုလွှာများကို တာဝန်ရှိသူများက တင်ဒါပုံးများအတွင်းမှ ဖွင့်ဖောက်စစ်ဆေးကြေညာပေးသည်။

ပြပွဲ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများနှင့် ရတနာမျိုးစုံတို့ကို ကြည့်ရှုလေ့လာဝယ်ယူရာတွင် အဆင်ပြေစေရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကြသည်။



ပြပွဲ ပဉ္စမမြောက်နေ့တွင် ကျောက်စိမ်း အတွဲအမှတ်(၁၁၀၁) မှ (၂၂၀၀) ထိ လည်းကောင်း၊ ဆဋ္ဌမမြောက်နေ့တွင် ကျောက်စိမ်းအတွဲ အမှတ်(၂၂၀၁)မှ (၃၃၀၀)ထိ လည်းကောင်း၊ သတ္တမမြောက်နေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၃၃၀၁) မှ (၄၄၀၀) ထိလည်းကောင်း၊ အဋ္ဌမမြောက်နေ့တွင် ကျောက်စိမ်း အတွဲအမှတ် (၄၄၀၁) မှ (၅၅၀၀)ထိ လည်းကောင်း၊ နဝမမြောက်နေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၅၅၀၁) မှ (၆၅၆၁) ထိလည်းကောင်း အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၁၄ ရက်တွင် စင်ကာပူအသင်း၊ ဩဂုတ် ၁၆ ရက်တွင် လာအိုအသင်း၊ ဩဂုတ် ၁၈ ရက်တွင် ဘရူနိုင်းအသင်း၊ ဩဂုတ် ၂၁ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ **နည်းပြချုပ်** ဂတ်ဖရိုင်းဒရစ်၊ **လက်ထောက်နည်းပြ** ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဦးမြင့်ကို၊ **ကြံ့ခိုင်ရေး နည်းပြ** -ပိုပေါ့စကီး၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုး**-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ **နောက်တန်း**- နန်းဝေမင်း၊ ထိုက်ထိုက်အောင်၊ နိုင်လင်းထွန်း၊ သောင်လျှပ်ထျန်၊ သီဟထက်အောင်၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ **အလယ်တန်း**-စည်သူအောင်၊ ရဲရင့်ထွန်း၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ရှိုင်းသူရ၊ မောင်မောင်စိုး၊ **ရှေ့တန်း**-အောင်သူ၊ သန်းပိုင်၊ အောင်ကောင်းမာန်နှင့် ရွှေကိုတို့ ပါဝင်ကြသည်။

မြန်မာယူ-၂၂အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာပြိုင်ပွဲနှင့်ခြေစမ်းပွဲစုစုပေါင်း ၁၀ ပွဲ ယှဉ်ပြိုင်ကစားရာ ငါးပွဲနိုင်၊ ငါးပွဲ ရှုံးနိမ့်ခဲ့သည်။

## ရေကြီးနစ်မြုပ်မိုးစပါးများ ပြန်လည်ထူထောင်ရေးဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း မိုးစပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်ခဲ့ရာ စပါးစိုက်တောင်သူများအနေဖြင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးခြင်းနှင့် တောင်သူများ လိုအပ်ချက်များအား ကူညီထောက်ပံ့နိုင်ရေးအတွက် ဩဂုတ် ၅ ရက်က ခလယ်တံခွန်တိုင်ကျေးရွာရှိ ရေကြီးနစ်မြုပ်စပါးခင်းများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့သည်။ ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဇူလိုင်လနောက်ဆုံးအပတ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးစိုက်ဧက ၁၀၈၂ ဧက ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Daihatsu ကားကုမ္ပဏီ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၅**

ဂျပန်နိုင်ငံ Tokyo မြို့၌ အလုပ်သဘောချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Tokyo မြို့မှနေ၍ Shinkansen ကျည်ဆန်ရထားဖြင့် Shin-Osaka မြို့သို့ရောက်ရှိပြီး Senri Hankyu Hotel ၌ Daihatsu မော်တော်ကားကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Daihatsu မော်တော်ကားကုမ္ပဏီကို သွားရောက်လေ့လာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Shin-Osaka မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး Kyoto မြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ (State Guest House) သို့ ရောက်ရှိကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား ညနေပိုင်းတွင် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Taro ASO က Kyoto မြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ (State Guest House) ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Daihatsu မော်တော်ကားကုမ္ပဏီ စက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်**



# ဇူလိုင် ၂၁ ရက်မှ ယနေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၃၅၆ ဦးရှိပြီး H1N1 ပိုးတွေ့လူနာ ၁၃၆ ဦးရှိကာ သေဆုံးသူ စုစုပေါင်း ၁၅ ဦး ရှိကြောင်း သတင်းထုတ်ပြန်ထား

**နေပြည်တော် ဩဂုတ် ၅**

ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၅ ရက် ၂ နာရီအထိ သံသယလူနာ ၂၀ ကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ လေးဦးတွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၅၆ ဦးရှိခဲ့ပြီး ၎င်းတို့အနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၁၃၆ ဦးရှိကာ သေဆုံးသူ စုစုပေါင်း ၁၅ ဦး ရှိကြောင်း၊ သေဆုံးသူများ၏ အသက်အရွယ်အပိုင်းအခြားအရ အသက် (၅)နှစ်အောက်တွင် နှစ်ဦး၊ အသက် (၅)နှစ်မှ (၁၂) နှစ်ကြားတွင် နှစ်ဦးနှင့် အသက် (၁၃ နှစ်)မှ (၆၅ နှစ်) ကြားတွင် ၁၁ ဦးဖြစ်ကြောင်း၊ ထို့ကြောင့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူများတွင် သေဆုံးမှုနှုန်းမှာ ၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်တွင် H1N1 ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့သော်လည်း ယနေ့အထိ ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးရခြင်း မဟုတ်ဘဲ အခြားရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၁၂ ဦး ရှိကြောင်း။

**ဦးစားပေးဆောင်ရွက်**

ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် H1N1 ပိုးတွေ့အတွင်းလူနာ ၂၉ ဦးနှင့် အခြား တိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၃၂ ဦး၊ စုစုပေါင်း ၆၁ ဦး ဆက်လက်ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း၊ အများစုမှာသက်သာလျက်ရှိပြီး မကြာမီ ဆေးရုံဆင်းနိုင်မည့် အခြေအနေရှိကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်း အများဆုံးဒေသများဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များသည် ဇူလိုင် ၂၄ ရက်မှစ၍ ပိုးတွေ့လူနာများနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ အိမ်များသို့ သွားရောက်ပြီး ကျန်းမာရေးပညာပေးခြင်း၊ အတူနေထိုင်သူများ၏ ကျန်းမာရေး အခြေအနေကို မေးမြန်းစစ်ဆေးခြင်း၊ လူနာအိမ်နှင့်အနီးပတ်ဝန်းကျင်အိမ်များတွင် ဖျားနာ လူနာများ ရှိ၊ မရှိ စုံစမ်းထောက်လှမ်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း။

**မျိုးရိုးဗီဇပေါင်းစပ်မှုမရှိ**

ယခုမြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါပိုးအား ဂျပန်နိုင်ငံရှိ National Institute of Infectious Disease ဓာတ်ခွဲခန်းသို့ပို့ဆောင်၍ အသေးစိတ်စစ်ဆေးခဲ့ရာ ရောဂါပိုးမှာ တစ်ကမ္ဘာလုံး ပုံမှန်ပျံ့နှံ့သည့် ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ကြောင်း၊ ပုံမှန်ကုသသည့် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ရောဂါကို ကုသသောဆေးများအား ၉၅ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းထိ တုံ့ပြန်မှုရှိကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါပိုးနှင့် မျိုးရိုးဗီဇပေါင်းစပ်မှုမရှိကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**



## ရန်ကုန်မြို့ ကြေးသွန်းဘုရားကြီးရှေ့တွင် သပိတ်စခန်းဖွင့် တောင်းဆိုနေမှုကို ယာယီပိတ်သိမ်း

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်မြို့ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ မဟာဗေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး၏ မုခ်ဦးရှေ့တွင် ဖွင့်လှစ်ထားသည့် သပိတ်စခန်းကို ယနေ့ညနေပိုင်းမှစတင်ကာ ယာယီပိတ်သိမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ သပိတ်မှောက်မှုတွင် ပါဝင်သည့် ဦးဆောင်သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီး သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ယမန်နေ့က ဩဝါဒပေးခဲ့ပြီးနောက် ယခုကဲ့သို့ သပိတ်စခန်းကို ယာယီပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ရှိ သပိတ်စခန်းကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာက ဖယ်ရှားခဲ့ပြီး ဦးဆောင်ပါဝင်သူများကို ဥပဒေအရအရေးယူခြင်း၊ ဝန်ခံချက်များပြုလုပ်ခြင်း စသည်ဖြင့် ဆောင်ရွက်ထားကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် စာရေးဝန်ထမ်းများအား ရုံးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်မှုရှိပြီး၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းကို ဩဂုတ် ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်ဦးက အမှာစကားပြော ကြားသည်။

သင်တန်းတွင် ရုံးစာရေးသားနည်း၊ ရပ်/ကျေးဥပဒေ၊ မြေယာ၊ မြေယာဥပဒေ၊ မြေလွတ်မြေရိုင်း ဥပဒေ၊ ယစ်မျိုး၊ ငွေစာရင်း စသည့် ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **မျိုး(နေပြည်တော်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာသီတုပ်ကွေး ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၅၆ ဦးနှင့် ဓာတ်ခွဲအတည်ပြု သေဆုံးသူ ခြောက်ဦးရှိကြောင်း သတင်းထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ H1N1ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၅၆ ဦးနှင့် ဓာတ်ခွဲအတည်ပြု သေဆုံးသူ ခြောက်ဦးရှိကြောင်းနှင့် ယနေ့ နံနက် ၇ နာရီ သတင်းအရ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် ဆေးရုံတက်ရောက်ကုသနေသော လူနာ ၂၉ ဦးနှင့် ဩဂုတ် ၄ ရက်တွင် ဆေးရုံဆင်းလူနာ သုံးဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့ရှိ သပိတ်စခန်း လူစုခွဲဖယ်ရှားရှင်းလင်း

**နေပြည်တော် ဩဂုတ် ၅**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးနယ်မြေ အနောက် ၄၅ တာ၊ သာသနာ ၂၅၀၀ ဗိမာန်ဝင်းအတွင်း၌ ဩဂုတ် ၂ ရက်မှစ၍ ဖွင့်လှစ်ထားသော သပိတ်စခန်းကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ယနေ့နံနက်ပိုင်းက ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

သပိတ်စခန်းကို ယနေ့ နံနက်ပိုင်းတွင် လူစုခွဲဖယ်ရှားရှင်းလင်းစဉ် သံဃာ ၁၁ ပါးနှင့် အမျိုးသမီး နှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါဖမ်းဆီးရမိသူများထဲတွင် တရားစွဲဆိုထားသော ဦးဆောင်သံဃာ ရှစ်ပါး၊ လူပုဂ္ဂိုလ် ငါးဦးအနက်မှ ဦးဆောင်သံဃာ ခြောက်ပါးကို ပါဝင်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ သံဃာ ခြောက်ပါးကို နံနက် ၃ နာရီတွင် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့ရှေ့မှောက်တွင် လူဝတ်လဲ၍ မန္တလေး ဗဟိုအကျဉ်းထောင်သို့ ပို့ဆောင်ထိန်းသိမ်းခဲ့ကြောင်း။

ထို့နောက် ဖမ်းဝရမ်းထုတ်ဆင့်ရာတွင် ပါဝင်ခြင်းမရှိသည့် သံဃာ ငါးပါးကို နံနက် ၅ နာရီတွင် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များရှေ့မှောက်၌ ထွက်ဆိုချက်နှင့် ဝန်ခံချက်လက်မှတ်များရေးထိုး၍ တိုင်းဒေသကြီး သာသနာရေးဦးစီးမှူးက ၎င်းတို့၏ မြို့နယ် သံဃနာယကဆရာတော်များနှင့် ကျောင်းတိုက်များသို့ ပြန်လည်ပင့်ဆောင်အပ်နှံပေးခဲ့ကြောင်း၊ အမျိုးသမီးနှစ်ဦးကို ထွက်ဆိုချက်နှင့် ဝန်ခံချက်များ ပြုလုပ်၍ ၎င်းတို့ နေရပ်သို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရှိရသည်။

**(သတင်းစဉ်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၅** - ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

# Public Private Partnership ဆိုသည်မှာ

ကျော်လင်း (ဆောက်လုပ်ရေး)


ပုဂ္ဂလိကနှင့် အစိုးရတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership) သည် ယနေ့ခေတ်တွင် အလွန်ခေတ်စား၍ နိုင်ငံတကာတွင် ကျယ်ပြန့်စွာအသုံးပြုနေသော နည်းလမ်း (mechanism) တစ်ခု ဖြစ်ပါသည်။

PPP ကို အကောင်အထည်ဖော်သည့် နည်းလမ်းများစွာရှိပါသည်။ B.O.T၊ B.T.O ၊ B.O.O.T၊ MOT၊ BTL၊ B.T၊ B.L.T၊ D.B.F.O ၊ D.B.O.T နှင့် DCMF အစရှိသဖြင့် နည်းလမ်းများစွာရှိပါသည်။ မြန်မာနိုင်ငံတွင် B.O.T စနစ်သည် အများဆုံးအသုံးပြုသော နည်းလမ်းဖြစ်ပါသည်။


Build Operate Transfer (B.O.T) စနစ်သည် အစိုးရ၏မြေ (သို့မဟုတ်) အဆောက်အအုံပေါ်တွင် ပုဂ္ဂလိက၏ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်၍ အသုံးပြုကာလတစ်ခု (Operating Period) အတွင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူမှ ၎င်း၏ အရင်းရော၊ အကျိုးအမြတ်ပါရှာ၍ သတ်မှတ်ကာလပြီးမြောက်ချိန်တွင် နိုင်ငံတော်သို့ အဆိုပါမြေနှင့် စီမံကိန်းအဆောက်အအုံကို ပြန်လည်လွှဲပြောင်းပေးသောစနစ်ကို ခေါ်သည်။ ဥပမာ- အစိုးရထံမှ မြေငှား၍ ဟိုတယ်ဆောက်လုပ်လည်ပတ်ပြီး သတ်မှတ်ကာလပြည့်သည့်အချိန်တွင် အဆိုပါ မြေနေရာ၊ မြေပေါ်ရှိ ဟိုတယ်ကိုပါ အစိုးရသို့ ပြန်လည်လွှဲပြောင်းပေးသွားပြီး အစိုးရမှ ၁၀၀ ရာခိုင်နှုန်း ပြန်လည်ပိုင်ဆိုင်သွားသောစနစ်ဖြစ်ပါသည်။ အဆိုပါစနစ်တွင် Operating Period ကာလတွင် ရရှိဝင်ငွေပေါ်မှ နိုင်ငံတော်အစိုးရသို့ သတ်မှတ်ရာခိုင်နှုန်းတစ်ခု နှစ်စဉ်ပေးသွင်းရပါသည်။

အလားတူ B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ခြင်းမျိုးကို လမ်းတံတားလုပ်ငန်းများ၊ စားသောက်ဆိုင်၊ ရုပ်ရှင်ရုံ၊ ဆိပ်ကမ်း၊ လေယာဉ်ကွင်း၊ လေကြောင်းလိုင်းများ၊ ပို့ဆောင်ရေးနှင့် သက်ဆိုင်သောကဏ္ဍများ၊ ဆေးရုံများ၊ အားကစားကွင်းများ၊ အဆောက်အအုံများ အစရှိသဖြင့် အမြတ်အစွန်းရရှိနိုင်ခြေရှိသော လုပ်ငန်းများတွင်လည်း အကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့ရပါသည်။

PPP စနစ်ကို အမြတ်အစွန်းရရန်သေချာသော လုပ်ငန်းများတွင်သာ ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုရမည်ဖြစ်ပြီး ငွေကြေးအမြတ်အစွန်းမရှိနိုင်ဘဲ လူမှုရေးနှင့် နိုင်ငံရေးအမြတ်အစွန်းများသည့်လုပ်ငန်းများကို အစိုးရကသာလျှင် တာဝန်ယူဆောင်ရွက်ရပါသည်။ အမြတ်အစွန်းရရန်ရှိနိုင်သော်လည်း မသေချာသောလုပ်ငန်းမျိုးကို P.F.I စနစ်ဖြင့် ဆောင်ရွက်ရပါမည်။




တစ်ဖက်ပါဇယားသည် အစိုးရ (G) နှင့် ပုဂ္ဂလိက (P) တို့၏ ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်နိုင်မှုပုံစံကို ပြပါသည်။





I အစိုးရငွေကြေး စိုက်ထုတ်အကောင်အထည်ဖော်ပြီး အစိုးရမှ Operating ကို စီမံခန့်ခွဲခြင်းမျိုးသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်သော လုပ်ငန်းများဖြစ်သည်။

II အစိုးရမှ ငွေကြေးစိုက်ထုတ်၍ ပုဂ္ဂလိကက အကောင်အထည်ဖော် Operating ပြုလုပ်သော စီမံခန့်ခွဲခြင်းမျိုးသည် အစိုးရမှ ထောက်ပံ့စိုက်ထုတ်သည့် လုပ်ငန်း (Government Subsidy ) ဖြစ်သည်။

III ပုဂ္ဂလိကမှ ကနဦး စိုက်ထုတ်ဆောင်ရွက်ပြီး အစိုးရသို့ လွှဲပြောင်းပေး၍ အစိုးရမှ ဆက်စပ်သည့် Operating လုပ်ပြီး ကျသင့်စီမံကိန်းတန်ဖိုးကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူသို့ နှစ်အလိုက် ပြန်လည်ပေးဆပ်သွားခြင်းသည် PFI (Private Finance Initiative) ဖြစ်သည်။ ယင်းသည်လည်း PPP Model တစ်ခုဖြစ်သည်။


IV အစိုးရမြေ၊ အဆောက်အအုံပေါ်တွင် ပုဂ္ဂလိကမှ ငွေကြေးရင်းနှီးမြှုပ်နှံ၍ ပုဂ္ဂလိက ကပင် Operating ကို ဆောင်ရွက်ပြီး သတ်မှတ်အခွန်ငွေကို နိုင်ငံတော်သို့ ပေးသွင်းခြင်းက PPP (Public Private Partnership) ပုံစံဖြစ်သည်။




အထက်ပါ PPP Model တစ်ခု ရေရှည်တည်တံ့အောင်မြင်နိုင်ရန်မှာ PPP နှင့် ပတ်သက်သော ဥပဒေ (Law)များ၊ စည်းမျဉ်း၊ စည်းကမ်းများ (Rules and Regulations) များ အတိအကျပြဋ္ဌာန်းထားရန်လိုပါသည်။ စာချုပ်ဖောက်ဖျက်သော ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များကို အရေးယူအပြစ်ပေးရန် လိုမည်ဖြစ်ပါသည်။ စာချုပ်စည်းကမ်းကိုလိုက်နာ၍ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကို ကူညီနေသော ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များကို ဥပဒေအရ စောင့်ရှောက်ပေးရန် လိုပါသည်။ သို့မှသာ ရင်းနှီးမြှုပ်နှံလိုသူ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ တိုးလာနိုင်ပါသည်။

အစိုးရ ဈေးကောက်လုပ်ငန်း တင်ဒါ၊ အများသုံး အိမ်သာလုပ်ငန်းတင်ဒါ၊ ယာဉ်ဝင်ခွင့် ကောက်ခံလုပ်ငန်းတင်ဒါ၊ ဝန်ထမ်းစားသောက်ဆိုင် (Messing) လုပ်ငန်းတင်ဒါ၊ သန့်ရှင်းရေး အမှိုက်သိမ်းလုပ်ငန်းတင်ဒါ၊ လူအများအပန်းဖြေသည့်ပန်းခြံများ၊ လမ်းတစ်လျှောက် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတင်ဒါ၊ မီတာခများ ကောက်ခံခြင်းလုပ်ငန်းတင်ဒါ၊ ပလက်ဖောင်း ဆေးသုတ်လုပ်ငန်းတင်ဒါ အစရှိသည့် လုပ်ငန်းသေးသေးများသည်လည်း Public Private Partnership ၏ လုပ်ငန်းသေးသေးများဖြစ်ပြီး PPP Model ကို လုပ်ငန်းသေးသေးမှစ၍ လုပ်ငန်းကြီးများအထိ ကျင့်သုံးအကောင်အထည်ဖော်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ တိုးတက်ထွန်းကားရေးကို အားပေးရာရောက်သလို အစိုးရ၏ လစာနှင့် ပင်စင်ကဏ္ဍကို လျော့ကျစေပါသည်။ ထို့အတူ အကျင့်ပျက်လာဘ်စားမှု (Corruption) ကိုလည်း လျော့ကျစေပြီး နိုင်ငံတော်အတွက် မှန်ကန်သော အခွန်ငွေကို ရရှိစေပါသည်။ သို့သော် PPP နှင့် ပတ်သက်၍ တိကျသော စည်းမျဉ်း၊ စည်းကမ်းများ (Rules and Regulations) ရှိရန်လိုပါသည်။

ယခုအခါ နိုင်ငံတော်၏ အခြေခံအဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ဘတ်ဂျက်သည် အကန့်အသတ်နှင့် ခွင့်ပြုရသည့် အခြေအနေဖြစ်သည်။ သို့သော်လည်း ပြည်သူတို့သည် အဆင့်မြင့်ကောင်းမွန်သော Infrastructure ကို အမြန်ဆုံး အသုံးပြုလိုနေကြပါသည်။ ထိုအခြေအနေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့သည် Private Finance Initiative (PFI) Model ကို အသုံးပြု၍ အဆင့်မြင့်အခြေခံအဆောက်အအုံများကို ကြိုတင်ဆောင်ရွက်ထားသင့်ပါသည်။




အထက်ဖော်ပြပါ Model သည် လက်ရှိ နိုင်ငံတကာတွင် အသုံးပြုနေသော PFI Model တစ်ခုဖြစ်ပြီး Design Build Transfer စနစ်တစ်ခု ဖြစ်ပါသည်။ လမ်းတံတားများ (သို့မဟုတ်) အခြားအခြေခံအဆောက်အအုံစီမံကိန်းများကို ဦးစွာပထမ ပုဂ္ဂလိကသို့ စာချုပ်ချုပ်ဆို၍ ၁၀၀ ရာခိုင်နှုန်း စိုက်ထုတ်ဆောင်ရွက်စေပါသည်။ ယင်းနောက် ငါးနှစ် Operating Period တွင် Maintenance ကိုပါ အဆိုပါ ကုမ္ပဏီမှ တာဝန်ယူစေပြီး စာချုပ်ပါ စိုက်ထုတ်ငွေကို ငါးနှစ်ကာလအတွင်း စာချုပ်ပါ သဘောတူညီချက်အတိုင်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရမှ ကုမ္ပဏီများသို့ တစ်နှစ်ချင်းခွဲ၍ ပြန်ပေးသည့်နည်းဖြစ်ပါသည်။ အချို့တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြည်သူများလိုလားနေသော AC လမ်းများ၊ ကွန်ကရစ်လမ်းများ၊ တံတားများကို ဤနည်းဖြင့် ကြိုတင်ဆောင်ရွက်စေပြီးမှ တစ်နှစ်ချင်း အလီလီပြန်ပေးခြင်းမျိုးဖြစ်ပါသည်။ ဤနည်းသည် ငွေပင်၊ ငွေရင်းရှိ၍ အလုပ်မရှိသည့်ကုမ္ပဏီများကို လုပ်ငန်းလည်ပတ်စေနိုင်သလို တိုင်းဒေသကြီး၊ ပြည်နယ်၏ GDP ကိုလည်း တိုးစေပါသည်။ သို့သော်လည်း ပွင့်လင်းမြင်သာမှုရှိရန်နှင့် မသမာမှုများမရှိရန် အထူးဂရုပြုရမည့် ကိစ္စဖြစ်ပါသည်။

# ရေစကြိုမြို့နယ်၌ မြစ်ရေတိုက်စားမှုကြောင့် ညောင်စောက်- ပခန်းငယ်လမ်းပေါ် ရှိ တံတားတစ်စင်းနှင့် လမ်းပိုင်းအချို့ပျက်စီးခဲ့

**ရေစကြို ဩဂုတ် ၅**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ ဇူလိုင်လအတွင်း ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် မကြာသေးမီက တည်ဆောက်ခဲ့သည့် ညောင်စောက်-ပခန်းငယ်လမ်းပေါ်ရှိ တံတားတစ်စင်း ရေတိုက်စားမှုကြောင့်ပျက်စီးခဲ့ပြီး လမ်းပိုင်းအချို့လည်း ပျက်စီးခဲ့သဖြင့် သွားလာရေးခက်ခဲလျက်ရှိသည်ဟု သိရသည်။ အဆိုပါလမ်းမှာ ညောင်စောက်၊ မဲကုန်း၊ တောရွာ၊ သမန္တပို့၊ စဉ့်ကိုင်၊ ချစ်သူ၊ ပခန်းငယ် ကျေးရွာချင်းဆက်လမ်း မြေသားလမ်း ငါးမိုင် နှစ်ဖာလုံ အရှည်ဖြစ်ပြီး အဆိုပါလမ်းပေါ်တွင် မြေသားလမ်းဖောက်လုပ်ခြင်း၊ ၁၀ ပေတံတား ငါးစင်းနှင့် ပေ ၃၀ တံတား တစ်စင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် Hi -Tech land ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

**ရေဖိအားလာစု**

"ကျွန်တော်တို့ ညောင်စောက်ကျေးရွာနဲ့ မဲကုန်းကျေးရွာကြားမှာ ပေ ၃၀ တံတားတစ်စင်းနဲ့ ၁၀ ပေ တံတားတစ်စင်း ရှိပါတယ်။ မဲကုန်းကျေးရွာနဲ့သမန္တပို့ကျေးရွာကြားမှာ အရင်က ရေရိုးတွေရှိပါတယ်။ အခု လမ်းမြှင့်လိုက်တော့ ရေရိုးတွေမှာ ရေထွက်ပေါက်မရှိတော့တဲ့အတွက် ညောင်စောက်ကျေးရွာနဲ့ မဲကုန်းကျေးရွာကြားမှာ ရေဖိအားလာစုတာကြောင့် သုံးပန်လုချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ ၁၀ ပေတံတားနဲ့ လမ်းတွေပျက်စီးရတာပါ။ လမ်းပျက်တာတွေကတော့ ဇူလိုင် ၁၇ ရက်မတိုင်ခင် မြစ်ရေစတက်တုန်းက ဖြစ်တာပါ"ဟု လမ်းကော်မတီဝင် ဦးမြင့်ရှိန်က ပြောသည်။

**ရေတိုက်စားသွား**

လမ်းနဲ့တံတားတွေကို ပြီးခဲ့တဲ့ ခြောက်လပိုင်းကုန်က တည်ဆောက်တဲ့ ကုမ္ပဏီက အပြီးဆောင်ရွက်ပြီးကြောင်း လက်မှတ်ထိုးခိုင်းလို့ ထိုးပေးကြပါတယ်။ လမ်းအမြင့်က လေးပေခွဲရှိရမယ်လို့တော့ ကြားမိပါတယ်။ ဒါပေမယ့် တချို့နေရာတွေမှာ ပြည့်မီပေမယ့် အချို့နေရာတွေမှာ မပြည့်မီတာကိုသိပါတယ်။ အခု ဘဲတောင်ပဲ့သွားတဲ့တံတားက နဂို အစ တည်ဆောက်ပြီးခါစကတည်းက အောက်ခြေခုံက အက်နေတာပါ။ အက်နေတဲ့အကြောင်းကိုလည်းပြောပါတယ်။ အခုလမ်းပျက်သွားတာက လမ်းပေါ်ရေကျော်လို့ ရေကတိုက်စားသွားတာပါ။ လမ်းပျက်တဲ့နေရာတွေက အရင်ကဆိုရင် ရေအနက် ခြောက်ပေလောက်ထိရှိတဲ့နေရာတွေပါ။ အခု ဘဲတောင်ပျက်တဲ့နေရာကလည်း ရေတကယ်ကြီးရင် ရေအနက် ရှစ်ပေလောက်ထိရောက်ပါတယ်။ ရေတိုးအားကများပြီး တံတားက ၁၀ ပေတံတားဖြစ်နေတော့ ရေအားဒဏ်ကိုမခံနိုင်လို့ တံတားအနီးက မြေကြီးတွေကိုပါ ရေတိုက်စားသွားတာပါ"ဟု လမ်းကော်မတီဝင် ဦးကျော်ဌေးက ပြောသည်။

**ပျက်စီးခဲ့ရ**

အဆိုပါလမ်းပေါ်၌ ညောင်စောက်ကျေးရွာပိုင် လမ်းအရှည် ခြောက်ဖာလုံပါရှိပြီး ညောင်စောက်ကျေးရွာမှ လေးဖာလုံခန့်အတွင်းတွင် မြေသားလမ်း နှစ်နေရာကျိုးပျက်ခဲ့ပြီး အလျား ၁၀ ပေ၊ အမြင့် ၁၂ ပေ၊ အနံ ၁၄ ပေရှိ ကွန်ကရစ်တံတား ဘဲတောင်သုံးဘက် ပျက်စီးခဲ့ကာ တံတားအနီးရှိမြေများလည်း ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ရသည်ဟု သိရသည်။ အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ တာဝန်ယူတည်ဆောက်ခဲ့သည့် Hi-Tech land ကုမ္ပဏီကို ဆက်သွယ်မေးမြန်းရာတွင် "ရေကျပြီးလုပ်လို့ရတဲ့အချိန်ကျရင် ကုမ္ပဏီနဲ့တိုင်ပင်ပြီး လုပ်ပေးမှာပါ။ အခုချိန်မိုးရေတွေနဲ့ဆိုတော့ ကျွန်တော်တို့လုပ်လို့ကိုင်လို့မရသေးလို့ပါ" ဟု အဆိုပါ ကုမ္ပဏီမှ ပရောဂျက်အင်ဂျင်နီယာ ဦးဆန်းဝင်းက ပြောသည်။

**အိမွန်ဆွေ (ရေစကြို)**



# ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေ ဒုတိယအကြိမ် CLMTV ဝန်ကြီးအဆင့် အလုပ်သမားရေးရာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း အစည်းအဝေးတက်ရောက်

**နေပြည်တော် ဩဂုတ် ၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ဩဂုတ် ၂ ရက်က ကျင်းပသည့် ဒုတိယအကြိမ် CLMTV ဝန်ကြီးအဆင့် အလုပ်သမားရေးရာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်း "လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုနှင့် မှန်ကန်ကောင်းမွန်သည့် အလုပ်အကိုင်ဖြစ်စေရေး" အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး **(ယာပုံ)**ဩဂုတ် ၃ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။



အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းအလုပ်သမားများသည် စေလွှတ်နိုင်ငံနှင့် လက်ခံနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတကာစံများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ အကောင်အထည်မဖော်နိုင်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ဖြစ်စေရန်အတွက် စီမံကိန်းများကို ILO, IOM နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ အလုပ်သမားရေးရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် CLMTV နိုင်ငံများအကြား နိုင်ငံအသီးသီး၏ လက်ရှိအမျိုးသားဥပဒေများ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်အတွက် အောက်ပါအချက်များကို သဘောတူညီချက်များ ရရှိခဲ့ကြောင်း သိရသည်။

သဘာတူညီချက်များတွင် CLMTV နိုင်ငံများအကြား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ အပါအဝင် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှု အားကောင်းစေရန် လိုအပ်သည့် သတင်းအချက်အလက်များ ဖလှယ်ရေးနှင့် ကောင်းမွန်သည့် ကျင့်ထုံးများအား မျှဝေရေး၊ နှစ်နိုင်ငံ သဘောတူညီမှုများမှတစ်ဆင့် တရားဝင်နယ်စပ်ဖြတ်ကျော်ခြင်းနှင့် တရားဝင် အလုပ်လုပ်ကိုင်ခြင်းကို တိုးမြှင့်ရေး၊ CLMTV နိုင်ငံများတွင် အလုပ်သမားများ ခေါင်းပုံဖြတ်ခံရမှု၊ လူကုန်ကူးခံရမှုတို့မှ တားဆီးကာကွယ်နိုင်ရေးအတွက် ပိုမိုထိရောက်သည့် မူဝါဒများနှင့် ဆောင်ရွက်ချက်များကို ရှာဖွေလေ့လာနိုင်ရန် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုနှင့် ကာကွယ်စောင့်ရှောက်မှုမရရှိသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်သည့် အခြေခံအကြောင်းတရားများကို အလေးဂရုပြုရေးတို့ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် CLMTV နိုင်ငံများရှိ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများ၊ အလုပ်ရှင်များ၊ ပုဂ္ဂလိက လူစုဆောင်းသည့် အေဂျင်စီများနှင့် အလုပ်သမားများ၊ အလုပ်အကိုင် ရှာဖွေသူများကို အလုပ်သမားများ၏အခွင့်အရေးနှင့် ရပိုင်ခွင့်များ ရရှိခံစားစေရေး၊ ယင်းတို့၏ တာဝန်ဝတ္တရားများနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာမြှင့်တင်မှုလုပ်ငန်းများကို နိုင်ငံအဆင့်ဆောင်ရွက်ရေး၊ လက်ခံနိုင်ငံသို့ မစေလွှတ်မီ အလုပ်သမားများကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များနှင့် အခွင့်အရေးများ၊ လုပ်ငန်းခွင် စည်းကမ်းများ၊ ဥပဒေများနှင့် တားမြစ်ချက်များ တို့နှင့်စပ်လျဉ်း၍ အသိပညာပေးနိုင်ရေး၊ စေလွှတ်နိုင်ငံများမှ ပြည်ပမထွက်ခွာမီ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ သင်တန်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့လည်း ပါဝင်ကြောင်းသိရသည်။

အလားတူ ရွှေ့ပြောင်းအလုပ်သမားများအား ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာယန္တရားများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စေလွှတ်နိုင်ငံနှင့် လက်ခံနိုင်ငံများတွင် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှု တိုးတက်ဖြစ်ထွန်းလာစေရေး ပါဝင်ဆောင်ရွက်သူများ၏ တာဝန်ခံ၊ တာဝန်ယူမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ မျှဝေနိုင်ရန် အားပေးဆောင်ရွက်ရေးတို့ကိုလည်း သဘောတူညီခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်တွင် ပူးပေါင်းစစ်တမ်းကောက်ယူနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးမှ Ms. Renata Lok Dssallien နှင့်အဖွဲ့အား တွေ့ဆုံကာ ရခိုင်ပြည်နယ်တွင် ပူးပေါင်းစစ်တမ်းကောက်ယူနိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် UNDP မှ သုတေသနပညာရှင်များသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းကာ အဆိုပါစစ်တမ်းကောက်ယူမှုအား ဆောင်ရွက်ကြမည်ဖြစ်ပြီး စစ်တမ်းတွင် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာများ၊ လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုဆိုင်ရာ သဘောထားအမြင်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုများရရှိမှုအခြေအနေ၊ သဘာဝဘေးကြုံတွေ့မှုနှင့် ရင်ဆိုင်တုံ့ပြန်နိုင်ရေးဆိုင်ရာများ၊ နေ့စဉ်စားသုံးမှုနှင့် အစာအာဟာရဆိုင်ရာများအား ကောက်ယူသွားမည်ဖြစ်ကြောင်း တွေ့ဆုံဆွေးနွေးမှုမှ သိရသည်။

ထိုသို့ စစ်တမ်းဆောင်ရွက်ခြင်းအား ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါဝန်ကြီးရုံး စုပေါင်းခန်းမ၌ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်ပအထောက်အပံ့များ ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ကျင်းပသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ ဖွဲ့စည်းရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက အသစ်ဖွဲ့စည်းမည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ခွဲ ဖွဲ့စည်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က အဆိုပြုဖွဲ့စည်းပုံနှင့် အဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များအား လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး အစည်းအဝေး တက်ရောက်သူများကလည်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်သတ်ဖြတ်ခံရသည့် မြိုတိုင်းရင်းသား မိသားစုဝင်များထံသို့ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သွားရောက်တွေ့ဆုံ

**မောင်တော ဩဂုတ် ၅**

ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့သည် ဩဂုတ် ၃ ရက်က အကြမ်းဖက်သတ်ဖြတ်ခံရသည့် ကိုင်းကြီးကျေးရွာရှိ မြိုတိုင်းရင်းသားများ၏ မိသားစုဝင်များထံသို့ ယနေ့ မွန်းလွဲ ၂ နာရီတွင် သွားရောက်တွေ့ဆုံသည်။

လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် မြိုတိုင်းရင်းသားများအတွက် ဆန် ၄၆ အိတ်၊ တစ်အိမ်ထောင်လျှင် ဆီနှစ်ပိဿာ၊ ဆားနှစ်ပိဿာနှင့် ပဲနှစ်ပြည်တို့ကို ထောက်ပံ့ပေးအပ်ပြီး အသတ်ခံရသည့် မြိုတိုင်းရင်းသားမိသားစုဝင်များအတွက် မိသားစုတစ်စုလျှင် ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးအပ်သည်။

လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက ပြည်သူများ ဒုက္ခဖြစ်သည့်နေရာကို လာရောက်ရန် မိမိတို့တွင် တာဝန်ရှိကြောင်း၊ ယခုကဲ့သို့ ပြဿနာဖြစ်ပွားပြီးမှ ရောက်လာရသည်ကို တာဝန်မကျေသလိုခံစားရပါကြောင်း၊ ဆုံးရှုံးသွားရသည့် တိုင်းရင်းသားများ၏ တန်ဖိုးနှင့် မိမိတို့ထောက်ပံ့ကူညီမှုများမှာ အစားထိုး၍မရနိုင်ပါကြောင်း ပြောကြားခဲ့သည်။

**အေဝမ်းစိုး**

## ဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Emergency Management for GP (2017) သင်တန်းကို ဩဂုတ် ၁၉ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဗထူး**

## ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ပြောကြား

**ဘူးသီးတောင် ဩဂုတ် ၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုက ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးကို အထူးဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက် ၉ နာရီတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။ **(ယာပုံ)**




နယ်မြေရှင်းလင်းရေး လုပ်ငန်းများကိုလည်း နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဖမ်းဆီးရရှိမှုများ၊ စစ်ဆေးတွေ့ရှိမှုများကို များစွာရရှိခဲ့ပါကြောင်း၊ လုံခြုံရေးပိုင်းကို ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် မိမိဒေသရှိ ပြည်သူများ အေးဆေးတည်ငြိမ်စွာ စိတ်ချလက်ချ လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ပြည်သူလူထုနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး၊ ဖွံ့ဖြိုးရေးကဏ္ဍများတွင် လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ယနေ့ တက်ရောက်လာသူများ အနေဖြင့်လည်း လက်ရှိအခြေအနေ၊ ဖြစ်လာနိုင်သည့်အခြေအနေ၊ ဖြစ်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးစေလိုကြောင်း၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ပြောစေချင်ပါကြောင်း၊ သို့မှသာ အပြန်အလှန်ညှိနှိုင်း၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ကျော်ဇံ၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်တို့က ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ဒေသလိုအပ်ချက်များနှင့် နယ်မြေလုံခြုံရေး အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာသို့ ရောက်ရှိပြီး ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ဒေသခံ ရပ်မိရပ်ဖများနှင့် ရွှေ့ပြောင်းလာသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်အိတ်အလုံး ၃၀ နှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ**

**အေဝမ်းစိုး၊ မျိုးသူဟိန်း**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် စံပြရဲစိစစ်ရေး စာမေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်ဟူသည့် မူဝါဒနှင့်အညီ စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စွမ်းရည်ပြည့်ဝမှုတို့အတွက် စံပြရဲစိစစ်ရွေးချယ်ရန် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် စံပြရဲရေးဖြေစာမေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပခဲ့ရာ ရာထူး/အဆင့်အလိုက် တပ်ဖွဲ့ဝင် ၁၄၉ ဦး ဝင်ရောက်ဖြေဆို၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးနှင့် အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

## နှစ်ငါးဆယ်ပြည့် အာဆီယံ

◆ အာဆီယံ ရွှေရတုပေမို့
သပြေနုတို့ အခက်အလက်ဝေ
အခြေပြုဖို့ မိတ်ဖက်နိုင်ငံတွေကို
ချိတ်ဆက်နိုင်ရန်လေ စုစုစည်း။

◆ သိပ်သည်းလို့ ကျစ်လျစ်ခိုင်မာနေ
အနှစ်နှစ် ကမ္ဘာတိုင်ပါစေသတည်း။

◆ ဒေသတွင်းရဲ့အကျိုးဆက်တွေ
တိုးတက်မလေရှေ့ခရီး
အမျိုးဆက်တွေ တစ်လှေတည်းစီးပေမို့
အနေလည်းနီး၊ ရင်းနှီးချစ်ကြည်။

◆ ဖွံ့ဖြိုးမှုသာတူညီ
လာအတူညီ တွဲလက်များ ။
ခွဲထွက်မသွား
တစ်သားတည်း ဆွေသဟာ ...
မခြားဘဲနေမှာ ။

◆ ငါးဆယ်နှစ်ပြည့် အာဆီယံသည်
ကမ္ဘာတည်ရန် ...
အသိုက်အဝန်းပေကွယ့်လေး။ ။

**ဟသ်ာတမြင့်ငွေ**

**အာဆီယံ နှစ်(၅၀)ပြည့် ရွှေရတုနေ့ကို ဂုဏ်ပြုသည်။**




# အာဆီယံဖွဲ့စည်းထူထောင်မှု နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနက ဂုဏ်ပြုစုပေါင်းလမ်းလျှောက်



**နေပြည်တော် ဩဂုတ် ၅**

အာဆီယံဖွဲ့စည်းထူထောင်မှု နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ အာဆီယံအသိုက်အဝန်းအတွင်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ဂုဏ်ပြုစုပေါင်းလမ်းလျှောက်ပွဲနှင့် သတင်းဆောင်းပါးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ရာ ဂုဏ်ပြုစုပေါင်းလမ်းလျှောက်ပွဲကျင်းပရာ ယနေ့ နံနက် ၆ နာရီက ပြည်ထောင်စုဝန်ကြီးရုံးရှေ့ရှိ ယာဉ်ရပ်နားကွင်း၌ စတင်ထွက်ခွာခဲ့သည်။

အဆိုပါလမ်းလျှောက်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်နှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ ခေတ္တရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်၊ တပ်ဖွဲ့မှူးများနှင့် ဝန်ထမ်းများ စုစုပေါင်း ၃၅၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဂုဏ်ပြုလမ်းလျှောက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ စတင်ပြီး ဇေယျဌာနီလမ်းမကြီးအတိုင်း သပြေကုန်းအဝိုင်းကိုပတ်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ရေပန်းဥယျာဉ်ရှေ့မီးပွိုင့်မှတစ်ဆင့် ဇေယျဌာနီလမ်းမကြီးအတိုင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြန်လည်ပန်းဝင်ပြီး ၂ ဒသမ ၂၉ မိုင် စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆီယံဖွဲ့စည်းထူထောင်မှု နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် လူထုအားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

၂၀၁၇ ခုနှစ် အာဆီယံဖွဲ့စည်းထူထောင်မှု နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် လူထု စုပေါင်းလမ်းလျှောက်ပွဲနှင့် စုပေါင်းအလုပြစက်ဘီးစီးနင်းခြင်းကို ယနေ့ နံနက် ၆ နာရီတွင် မြို့မဈေးစုရပ်မှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းထိ ပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ ပါဝင်ဆင်နွှဲကြည့်ရှုအားပေးသည်။

ရှေးဦးစွာ အာဆီယံဖွဲ့စည်းထူထောင်မှု နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် စုပေါင်းအလုပြစက်ဘီးစီးနင်းခြင်းကို နေပြည်တော် မြို့မဈေးရှေ့မှ စတင်တာလွှတ်ခဲ့ပြီး ပျဉ်မနားတောင်ညိုလမ်းမှတစ်ဆင့် မဟာဇေယျာလမ်းအတိုင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်အမှတ်(၄)မှ ကွင်းအတွင်းဝင်ရောက်ပြီး ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပန်းဝင်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအတွဲ(၁)၊(၂) လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြပြီး အဆိုပါစုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် အရာထမ်း/အမှုထမ်းများ၊ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ အားကစားဝါသနာရှင် မိဘပြည်သူများ စုစုပေါင်း ၂၆၄၃ ဦး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆက်လက်ပြီး စုပေါင်းလမ်းလျှောက်ပွဲအပြီးတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုးပြိုင်ပွဲ(အမျိုးသမီး)၊ လွန်ဆွဲပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများနှင့် ရိုးရာအားကစားနည်းများဖြစ်သော ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ သုံးချောင်းထောက်ပြေးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရိုးရာအားကစားပြိုင်ပွဲများမှ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲတွင် တတိယဆုရရှိသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲတွင် တတိယဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲတွင် တတိယဆုရရှိသော ပြည်ထောင်စုလွှတ်တော်ရုံးအသင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြင်ဦးလွင်-ရန်ကုန် အသွား အပြန် မိုင် ၁၀၀၀ လမ်းလျှောက်သူ ပြန်လည်ပန်းဝင်ရောက်ရှိ

**ပြင်ဦးလွင် ဩဂုတ် ၅**

အားကစားဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့် ၂၀၁၇ ခုနှစ် ဆီးဂိမ်းအောင်မြင်နိုင်ရေး၊ လူငယ်များ မူးယစ်ဆေးကင်းစင်ပြီး ကျန်းမာကြံ့ခိုင်ရေး၊ မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေး စသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်လှုပ်ရှားမှုအဖြစ် ပြင်ဦးလွင်မြို့မှ ရန်ကုန်မြို့အထိ အသွား၊ အပြန် မိုင် ၁၀၀၀ လမ်းလျှောက်ခဲ့သူ ဦးကျော်ကျော်လင်းသည် ဩဂုတ် ၅ ရက် ညနေ ၃ နာရီတွင် ပြင်ဦးလွင်မြို့ ခရိုင် အားကစားကွင်းအတွင်းသို့ ပြန်လည် ပန်းဝင်ရောက်ရှိလာကြောင်း သိရသည်။

ဦးကျော်ကျော်လင်းသည် ဇွန် ၁၂ ရက် နံနက်မှစတင်၍ ပြင်ဦးလွင်ခရိုင်အားကစားကွင်းအတွင်းမှ စတင်တာထွက်ခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၅ ရက်အထိ စုစုပေါင်းလမ်းလျှောက်ရက် ၅၅ ရက်ကြာမြင့်ခဲ့ကာ ရန်ကုန်-မန္တလေး လမ်းဟောင်းမှ တစ်မြို့ဝင်၊ တစ်ရွာထွက်ဖြင့် တစ်ကိုယ်တော်လမ်းလျှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်ခရိုင် အားကစားကွင်းသို့ ပြန်လည်ပန်းဝင်ရောက်ရှိချိန်၌ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်တွင်းရှိ ပြည်သူလူထုတို့က ဂုဏ်ပြုပန်းကုံးများ၊ ပန်းခြင်းများနှင့် သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

### မုတ်သုံလေ အားကောင်း

**နေပြည်တော် ဩဂုတ် ၅-** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။ **(မိုး/ဇလ)**

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးစာပေပွဲတော် ကျင်းပရေးလုပ်ငန်းညှိနှိုင်း

**မုံရွာ ဩဂုတ် ၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးစာပေပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး လူမှုရေးဝန်ကြီးရုံးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများထက်မြက်လာစေရန် ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ၏ အပြောအဆိုနှင့် နှုတ်မှုရေးရာ စွမ်းရည်များ မြင့်မားလာစေရန်၊ ကလေးများစာပေနှင့်ရင်းနှီးပြီး ကလေးများ၏ ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကလေးစာပေ ပွဲတော်များကို ကလေးများအား စာပေမိတ်ဆက်ပေးသည့် ပွဲတော်တစ်ခုဖြစ်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကလေးများ၏ ဘဝအတွက် စာဖတ်ချင်စိတ်ဖြစ်ပေါ်လာအောင် ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ အဓိကအချက်အနေဖြင့် ပျော်ရွှင်စရာကောင်းသည့် ပတ်ဝန်းကျင်နှင့် ကလေးများအတွက် စာပေပတ်ဝန်းကျင်ကို ဖန်တီးပေးရန် အရေးကြီးပါကြောင်း ပြောကြားပြီး ကလေးစာပေပွဲတော် (မုံရွာမြို့) ကျင်းပမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးစာပေပွဲတော်ကို မုံရွာတက္ကသိုလ် ဘက်စုံခန်းမ၌ စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကလေးစာပေပွဲတော်တွင် ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စက္ကူ ခေါက်ပြိုင်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများ၊ စာပေဟောပြောပွဲများ၊ စာအုပ်အရောင်းပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

# လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရန် အသက်မွေးဝမ်းကျောင်းပညာသင်ကြားသည့်ကျောင်းများ များစွာပေါ်ထွန်းရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အထူးလိုအပ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရန် အသက်မွေးဝမ်းကျောင်းပညာသင်ကြားသည့်ကျောင်းများစွာပေါ်ထွန်းရန် လိုအပ်ပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။



ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ကျောက်မျက်ရတနာသင်တန်းကျောင်း (ရွှေကြာပင်)၌ ကျင်းပသည့် ကျောက်မျက်ရတနာသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သဘာဝအရင်းအမြစ်များကို ကျွမ်းကျင်သူများက တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချနိုင်မှသာ နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်ဘဏ္ဍာများ တိုးပွားရရှိလာမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်သည့် ကာလတွင် မျိုးဆက်သစ်များကို ခေတ်မီဆန်းသစ်သည့် ပညာရပ်များ သင်ကြားလေ့ကျင့်မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ ကျောက်မျက်ရတနာ သင်တန်းကျောင်းအနေဖြင့် သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားနိုင်ရေး တိုက်တွန်းလိုပါကြောင်း၊ ယခု သင်ကြားခဲ့သည့် ပညာရပ်များသာမက ကျောက်မျက်ရတနာ အချောထည်ပညာရှင်များဖြစ်သည်အထိ နိုင်ငံတော်အတွက် အကျိုးပြုနိုင်ရန် ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူ၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဌွေးနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသောင်းကြည်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောက်မျက်ရတနာသင်တန်းကျောင်း လက်ပန်းထိမ်သင်တန်းတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်မျက်ရတနာသင်တန်းကျောင်း သင်တန်းဆင်း အထိမ်းအမှတ် မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။

သင်တန်းဆင်းအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ ကျောက်မျက်အသင်းဝင်များ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ ကျင်းပသည့် သင်တန်းဆင်းပွဲတွင် ကျောက်စိမ်းပုတီးသင်တန်း၊ ကျောက်စိမ်းလက်ကောက်သင်တန်း၊ ကျောက်စိမ်းဖြတ် ကျောက်စိမ်းသွေးသင်တန်း၊ ကျောက်ပန်းချီသင်တန်း၊ ပတ္တမြား နီလာဖြတ်သွေးသင်တန်း၊ ကွန်ပျူတာပန်းပုသင်တန်း၊ လက်ပန်းပုသင်တန်း၊ လက်ပန်းထိမ်သင်တန်း၊ စက်ပန်းတိမ်သင်တန်း၊ ပယင်းအချောထည်သင်တန်း၊ အင်္ဂလိပ်နှင့် တရုတ်စကားပြော အခြေခံသင်တန်း၊ ပန်းချီဒီဇိုင်းနှင့် ကွန်ပျူတာ အခြေခံသင်တန်းများကို စာတွေ့နှင့် လက်တွေ့သင်ကြားပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၀၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်တွင် H1N1 နှင့် ပတ်သက်သည့် အသိပညာပေးပွဲကျင်းပ

**ဘူးသီးတောင် ဩဂုတ် ၅**

ဘူးသီးတောင်မြို့ဦးဥတ္တမခန်းမ၌ H1N1 နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းကျော်က H1N1 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောသည်။ အဆိုပါအခမ်းအနားသို့ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၃၀၀ ခန့်တက်ရောက်သည်ဟု သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး၊ မျိုးသူဟိန်း**



# မကွေးတိုင်းဒေသကြီး၌ H1N1 လူနာတစ်ဦးတွေ့ရှိ လက်ရှိကျန်းမာရေးကောင်းမွန်

**မကွေး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီးတွင် ရာသီအလိုက် ဖြစ်ပွားသော တုပ်ကွေးဖျားနာလူနာများအနက် H1N1 ရောဂါပိုးတွေ့ရှိသည့် လူနာတစ်ဦးရှိခဲ့ပြီး လက်ရှိလူနာမှာ ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးမှ သိရသည်။

"ရာသီအလိုက်ဖြစ်တဲ့ တုပ်ကွေးလူနာတွေကို သံသယလူနာအနေနဲ့ သီးသန့်ဆောင်တွေမှာထားတယ်။ နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး အမြန်ဆုံး သွေးစစ်ဆေးတယ်။ သွေးစစ်ဆေးပြီးမှ ပြင်းထန်သံသယရှိတဲ့ လူနာတွေကို နှာခေါင်းထဲမှ (swab)တွေယူပြီး ရန်ကုန်က အမျိုးသားဓာတ်ခွဲဌာနကို ပို့ဆောင်စစ်ဆေးခဲ့ရာမှာ တစ်ယောက်သာ H1N1 ရောဂါပိုး တွေ့ရှိခဲ့ပါတယ်" ဟု တိုင်းဒေသကြီးပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာဇင်မင်းဖွေးက ယနေ့ ပြောကြားသည်။

လူနာသည် မိန်းကလေးဖြစ်ပြီး ဇူလိုင် ၂၃ ရက်မှစ၍ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူခဲ့ခြင်းဖြစ်ကာ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဓာတ်ကုန်းကျေးရွာနေ မဝင်းမို့ဇင် အသက်(၂နှစ်)ဖြစ်ကြောင်း သိရသည်။

"စရောက်ကတည်းက ပြင်းထန်အဆုတ်ရောင်ဆိုတော့ ကလေးက မောတာလေးတွေ၊ ကျပ်တာလေးရှိတယ်။ အခုတော့ သူ့ကို အသက်ရှုလမ်းလေးကောင်းအောင် ဖောက်ပေးထားတယ်။ အခုတော့ တော်တော်လေးသက်သာနေပါပြီ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဩဂုတ် ၄ ရက်အထိ ဆေးရုံတက်ရောက်ကုသသည့် ရာသီအလိုက်ဖြစ်ပွားသည့် တုပ်ကွေးဖျားနာ လူနာစာရင်းများအရ လူကြီး ၁၈ ဦး၊ ကလေး ၁၃ ဦး၊ စုစုပေါင်း ၃၁ ဦးရှိခဲ့ရာ တချို့မှာ ရောဂါသက်သာပြီဖြစ်၍ ဆေးရုံမှဆင်းသွားခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါ H1N1 သည် ကြက်များတွင်ဖြစ်ပွားနေသည့် H5N1 တုပ်ကွေးရောဂါနှင့်လည်း ဆက်စပ်မှုမရှိကြောင်း၊ ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန် (သို့)လူနှင့် တိုက်ရိုက်ထိတွေ့ခြင်းဖြင့် ရောဂါကူးစက်ခံရနိုင်သော်လည်း တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်ခံရသည့်အန္တရာယ်သည် ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်များကို ထိတွေ့ကိုင်တွယ်ခဲ့သူများနှင့် သားသတ်ရုံများမှ လုပ်သားများသာ ဖြစ်ကြောင်း၊ ကောင်းမွန်စွာ ချက်ပြုတ်ထားသည့် အသား၊ ဥများမှတစ်ဆင့် ကူးစက်နိုင်ခြင်းမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

ဩဂုတ် ၄ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တို့တွင် လတ်တလောဖြစ်ပွားခဲ့သည့် ကူးစက်မြန်ပြင်းထန် ကြက်ငှက်တုပ်ကွေးရောဂါ Influenza Type A (H5N1) ကာကွယ်ထိန်းချုပ်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်က ၂၀၀၉ ခုနှစ် မက္ကဆီကိုနိုင်ငံမှ စတင်ခဲ့ပြီး လူများတွင် ကမ္ဘာအနှံ့ ကူးစက်ဖြစ်ပွားခဲ့သည့် တုပ်ကွေးရောဂါ H1N1 အား ဝက်တုပ်ကွေး (Swine Flu) အဖြစ် ကနဦးယူဆခဲ့ပါကြောင်း၊ အကြောင်းအရင်းမှာ ဝက်များတွင် ဖြစ်ပွားသည့် တုပ်ကွေးဗိုင်းရပ်စ်ပိုး၏ သဘာဝ နှင့်ဆင်တူသည့် ကိုယ်တွင်း ပစ္စည်းများကြောင့် ဖြစ်ပါကြောင်း၊ Center for Disease Control and Prevention ၏ သိပ္ပံပညာရှင်များက ၂၀၀၉ ခုနှစ်က လူတွင်ဖြစ်ပွားခဲ့သည့် တုပ်ကွေးသည် လူများတွင်သာ ကူးစက်နိုင်သည့် တုပ်ကွေးပိုးသစ်ဖြစ်ပြီး ဝက်များတွင် ဖြစ်ပွားသည့် တုပ်ကွေးဗိုင်းရပ်စ်ပိုးနှင့် ဆက်စပ်မှုမရှိသည်ကို တွေ့ရှိခဲ့ပါ ကြောင်း၊ ထို့ပြင် Pandemic အနေဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသည့် H1N1 သည် ကြက်သို့ကူးစက်နိုင်သော ရောဂါပိုးမဟုတ်ကြောင်း အမေရိကန်ပြည်ထောင်စု၏ ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန၏ Emerging Infectious Diseases Journal အတွဲ (၁၅) အမှတ်(၁၂)တွင် အခိုင်အမာ ပြောဆိုထားပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ထားဝယ်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ကူးစက်မြန်ပြင်းထန် ကြက်ငှက်တုပ်ကွေးရောဂါ Influenza Type A(H5N1) ဖြစ်ပွားခဲ့မှု အခြေအနေ၊ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးအတွက် ဦးစီးဌာန၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (နေပြည်တော်)မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေး အကြံပြုခဲ့ကြပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သီပေါ၌ ရာသီတုပ်ကွေးရောဂါကာကွယ်ရေး ဈေးသူ ဈေးသားများအား အသိပညာပေး

**သီပေါ ဩဂုတ် ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေးနှင့် ဝက်ဝံပျံကျဈေးသူ ဈေးသားများအား ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းက H1N1 ရောဂါပိုးနှင့် လက္ခဏာများအကြောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ရာသီတုပ်ကွေးရောဂါဆိုင်ရာ အသိပညာပေး

**ဖားဆောင်း ဩဂုတ် ၅**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မြောက်ပိုင်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်က ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအိဖြူသွယ်က ရာသီတုပ်ကွေးရောဂါအမျိုးအစားများ ရောဂါကူးစက်ပျံ့နှံ့မှုအကြောင်း၊ ရောဂါလက္ခဏာများနှင့် H1N1 ရောဂါကာကွယ်ရန် နည်းလမ်းများကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမ ဒေါ်တင်မိုးသက်က မိမိကိုယ်ကိုစ၍ကာကွယ်ရန် လက်ဆေးခြင်းနှင့် Mask များ စနစ်တကျအသုံးပြုရန် နည်းလမ်းများကို ပြောကြားခဲ့သည်။ **နေလင်း(ညောင်လေးပင်)**

**နေရာကွက်၍ မိုးကြီးနိုင်**

**နေပြည်တော် ဩဂုတ် ၅** - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **(မြန်မာ့အလင်း)**

# (H1N1) ဗိုင်းရပ်စ်ရောဂါပိုးနှင့် ပတ်သက်၍ မျိုးရိုးဗီဇများပြောင်းလဲမှု ရှိ၊ မရှိနှင့် ဆေးယဉ်ပါးမှု ရှိ၊ မရှိ အခြေအနေများအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခဒေါက်တာဌေးဌေးတင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**တွေ့ဆုံမေးမြန်း - ဇော်ကြီး(ပဏ္ဍိတ)**

ရန်ကုန် ဩဂုတ် ၅

**လတ်တလော၌ ပြည်သူများစိုးရိမ်နေသည့် ရာသီတုပ်ကွေးရောဂါ (H1N1) ဗိုင်းရပ်စ်ရောဂါပိုးနှင့် ပတ်သက်၍ မျိုးရိုးဗီဇများ ပြောင်းလဲမှုရှိ၊ မရှိနှင့် ဆေးယဉ်ပါးမှု ရှိ၊ မရှိ အခြေအနေများအပေါ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ပြည်သူများသိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။**

**မေး ။ ။ (H1N1) ဗိုင်းရပ်စ်ရောဂါပိုးနဲ့ပတ်သက်ပြီး မျိုးရိုးဗီဇများပြောင်းလဲမှု ရှိ၊ မရှိ၊ ဆေးယဉ်ပါးမှု ရှိ၊ မရှိ အခြေအနေတို့နဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံကို ပေးပို့စစ်ဆေးခဲ့တဲ့ ရလဒ်တွေကို သိပါရစေ။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ ရာသီတုပ်ကွေးရောဂါ H1N1 ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး မျိုးရိုးဗီဇများ ပြောင်းလဲမှု ရှိ၊ မရှိနဲ့ ဆေးယဉ်ပါးမှု ရှိ-မရှိကို ဇူလိုင် ၂၇ ရက်က Japan နိုင်ငံ Tokyo မြို့မှာရှိတဲ့ NIID (National Institute of Infectious Diseases) ထံ ပေးပို့စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးမှုအဖြေတွေကိုတော့ ဩဂုတ် ၂ ရက်က ပြန်လည်ရရှိခဲ့ပါတယ်။ ဒီလိုပေးပို့တဲ့အခါမှာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနက ရောဂါနာမည်တပ် အတည်ပြုပြီးသား၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီးသား နမူနာတွေကို ပေးပို့ခဲ့တာပါ။ ပေးပို့ရတဲ့ ရည်ရွယ်ချက်ကတော့ ရောဂါပိုးတွေဟာ ကျွန်မတို့ပေးတဲ့ရောဂါပိုးအမည်မှန်၊ မမှန်အပြင် တွေ့ရှိနေကြ ရာသီတုပ်ကွေးအမျိုးအစားပြောင်းလဲမှုရှိသလား၊ ဆေးယဉ်ပါးမှု ရှိ၊ မရှိနဲ့ ရောဂါဖြစ်နိုင်တဲ့စွမ်းအား အပြောင်းအလဲရှိသလားဆိုတာတွေနဲ့ပတ်သက်ပြီး သိချင်တဲ့အတွက် စစ်ဆေးခဲ့တာပါ။ ပေးပို့စစ်ဆေးမှုတွေကတော့ amino acid substitution, Next Generation Sequencing နဲ့ HA Gene ၏ Phylogenetic Tree တို့ပါဝင်ပါတယ်။ ရရှိလာတဲ့ အဖြေတွေကတော့ ပြည်သူတွေအတွက် အင်မတန် ဝမ်းသာစရာကောင်းပါတယ်။ မျိုးရိုးဗီဇကို အစဉ်အတိုင်း လိုက်လိုက်တဲ့အခါမှာ တွေ့နေကျရာသီတုပ်ကွေးရဲ့ ပုံမှန်အတိုင်းပဲ ဖွဲ့စည်းထားတယ်။ ပြောင်းလဲမှုမရှိဘူးလို့ သိရှိရပါတယ်။ ဒီအချက်တွေကို ပြည်သူတွေ နားလည်အောင်ပြောရရင် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ရာသီတုပ်ကွေးဗိုင်းရပ်စ်ဟာ ကမ္ဘာတစ်ဝန်းလုံးမှာ ပျံ့နှံ့ဖြစ်ပွားနေတဲ့ တုပ်ကွေးအမျိုးအစားထဲက တစ်မျိုးသာဖြစ်ပါတယ်။ ရောဂါမျိုးစိတ်အသစ်မဟုတ်ပါဘူး။ နောက်တစ်ခုအနေနဲ့ ရောဂါဖြစ်ပွားစေတဲ့စွမ်းအား(Antigenicity)ကလည်း တခြားကမ္ဘာ့နေရာအနှံ့အပြားမှာ ဖြစ်ပွားနေတဲ့ ဗိုင်းရပ်စ်တွေနဲ့ အတူတူပဲဖြစ်ပါတယ်။ H Gene နဲ့ N Gene တွေရဲ့ Amino acid ဖွဲ့စည်းမှုကလည်း သမားရိုးကျဖွဲ့စည်းမှုဖြစ်ပြီးတော့ အသွင်ပြောင်းပုံစံ မတွေ့ရပါဘူး။ ပြီးတော့ ပြည်သူတွေ၊ ဆေးပညာလောကသားတွေ သိချင်နေတဲ့ ဗိုင်းရပ်စ်ပိုးသတ် ဆေးယဉ်ပါးမှု ရှိ၊ မရှိနဲ့ ပတ်သက်ပြီးတော့ စမ်းသပ်စစ်ဆေးခဲ့ပါတယ်။

**မေး ။ ။ ဆေးယဉ်ပါးမှုနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။**

ဖြေ ။ ။ ဆေးယဉ်ပါးမှုကလည်း သတင်းထုတ်ပြန်မှုတွေထဲမှာ ပါခဲ့ပြီးပါပြီ။ H275Y လို့ခေါ်တဲ့ ဆေးယဉ်ပါးမှု Resistance marker လည်း မတွေ့ရှိရတဲ့အတွက် ဗိုင်းရပ်စ်ပိုးအား ယခုသုံးစွဲနေတဲ့ ဆေးတွေဟာ ၉၅ ရာခိုင်နှုန်းကနေ ၉၈ ရာခိုင်နှုန်းအထိ သက်သာပျောက်ကင်းစေနိုင်တာကို Amino acid (NA Gene) လေ့လာမှုကနေ တွေ့ရပါတယ်။ ဒ့ါအပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နဲ့ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှာဖြစ်ပွားနေတဲ့ ကြက်၊ ငှက်တုပ်ကွေးရောဂါ (H5N1)နဲ့နီးနွှယ်မှုရှိသလားဆိုတဲ့ သံသယတွေလည်း ပြည်သူတွေအနေနဲ့ ရှိနေကြပါတယ်။ ကြက်၊ ငှက် တုပ်ကွေးတွေနဲ့ အနီးစပ်ဆုံးသူတွေမှာ (H5N1) ရောဂါကူးစက်လာနိုင်ပါတယ်။ ဒါကြောင့် ထားဝယ်နဲ့ မရမ်းကုန်းမှာ ဖြစ်ပွားခဲ့တဲ့နေရာတွေက အနီးစပ်ဆုံးလူတွေရဲ့ ဓာတ်ခွဲစမ်းသပ်မှုနမူနာတွေကိုလည်း ကျွန်မတို့ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနက ရရှိခဲ့ပါတယ်။ ဒါပေမယ့် H1N1 ပဲတွေ့ရပါတယ်။ တချို့ကျတော့လည်း နီးနီးစပ်စပ်နေပြီး H1N1 တောင် မတွေ့ရပါဘူး။ ဒါကြောင့် အခုအချိန်အထိ တိရစ္ဆာန်မှာဖြစ်ပွားတဲ့ ကြက်ငှက်တုပ်ကွေး(H5N1) နဲ့ လူမှာဖြစ်နေတဲ့ H1N1 နှစ်ခုကြားမှာ မျိုးရိုးရောထွေးခြင်းမရှိတာ တွေ့ရပါတယ်။ အဓိကက လူမှာ ကြက်၊ ငှက် တုပ်ကွေးဖြစ်မလာသေးတာကို ထပ်မံတွေ့ရှိရပါတယ်။ ဂျပန်နိုင်ငံ NIID က ဆေးယဉ်ပါးမှု ရှိ၊ မရှိ မျိုးရိုးအရ တိုက်ခိုက်နိုင်စွမ်းအားကို စစ်ဆေးဦးမယ်လို့သိရပါတယ်။ ဒီအဖြေတွေကို ဆက်လက် အသိပေးသွားမှာဖြစ်ပါတယ်။ ဒီနှစ်မှာ ရောဂါအနေနဲ့ ထူးထူးခြားခြား ပြုပြင်ပြောင်းလဲမှုမရှိတာကို တွေ့ရပါတယ်။



ပါမောက္ခ ဒေါက်တာဌေးဌေးတင်
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဓာတ်ခွဲ)

**မေး ။ ။ ရာသီတုပ်ကွေးဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ဒီနှစ်မှာ ဒေသတွင်း နိုင်ငံတွေအခြေအနေနဲ့မြန်မာနိုင်ငံမှာ ဖြစ်ပွားမှုအပေါ် နှိုင်းယှဉ်ပြီး သုံးသပ်ပြောကြားပေးပါဦး။**

ဖြေ ။ ။ ဒီနှစ် တုပ်ကွေးရာသီမှာ အရင်နှစ်တွေနဲ့မတူဘဲ သံသယရှိသူ၊ အမှန်တကယ် ရောဂါတွေ့ရှိသူနဲ့ အသေအပျောက် အနည်းငယ်ရှိလာတာ ဘာကြောင့်လဲ မေးစရာရှိလာပါတယ်။ ဥပမာအားဖြင့် အမေရိကားနိုင်ငံမှာ အခုနှစ် တုပ်ကွေးရာသီအတွင်းမှာ ရောဂါပိုးတွေ့ရှိသူ ၁၂၀၀၀ ခန့်ရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ National Center for Statistics (NCHS)ရဲ့ မှတ်တမ်းတွေအရ ရာသီတုပ်ကွေးကြောင့် ၅ ဒသမ ၃ ရာခိုင်နှုန်းလောက် အသေအပျောက်ရှိခဲ့တာ သိရပါတယ်။ ဒီလိုပဲ ဂျပန်နိုင်ငံမှာလည်း လွန်ခဲ့တဲ့လေးနှစ်လောက်က ရာသီတုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရောက်ကုသခံရသူများပြားခဲ့ပြီးတော့ လူ ၅၀၀ ဝန်းကျင်လောက် နှစ်စဉ်အသေအပျောက်ရှိတယ်လို့ သိရပါတယ်။ အာရှအဝန်းအဝိုင်းထဲက အိန္ဒိယနိုင်ငံမှာ H1N1 Seasonal တုပ်ကွေးကြောင့် ဇူလိုင်လလယ်အထိ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁၃၁၈၈ ထဲက ၆၃၂ ဦး သေဆုံးခဲ့တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ကထက် ကူးစက်ခံရသူ ၁၀၇၆ ဦးနဲ့ သေဆုံးသူ ၂၆၅ ဦး ပိုလာခဲ့တာကို တွေ့ရှိရပါတယ်။ ဟောင်ကောင်မှာလည်း ကာကွယ်ဆေးထိုးတဲ့ အလေ့အထလျော့နည်းခြင်းမှာ မျိုးရိုးဗီဇပြောင်းလဲမှု သံသယရှိတာတွေကြောင့် အခုမှာ H3N2 ဖြစ်ပွားမှုနှုန်းနဲ့ ဆေးရုံတက်ရောက်ကုသမှုတွေ ပိုမိုများလာပါတယ်။ ဒ့ါကြောင့် မြန်မာနိုင်ငံမှာက နှစ်စဉ် မျိုးရိုးဗီဇပြောင်းလဲမှုအတိုင်း လိုက်လံထိုးနှံရတဲ့ ကာကွယ်ဆေးကို ဂရုတစိုက်ထိုးနှံမှု မရှိတာများပါတယ်။ တုပ်ကွေးရောဂါ (ILI)နဲ့ ဆင်တူတဲ့ ဖျားနာမှုတွေ၊ ဒေသတွင်း၊ နိုင်ငံတွင်း စစ်တမ်းကောက်ယူနိုင်မှု၊ Epidemiological and laboratory surveillance လုပ်ဆောင်မှုတွေ အားမကောင်းသေးတာကြောင့် ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ တုပ်ကွေးဆိုရင် အခုတော့ ဘယ်လိုကာကွယ်ရမယ်၊ ဘယ်လိုရှောင်ရှားရမလဲဆိုတာတွေကို သိလာကြပါတယ်။ နောင်နှစ်တွေမှာ ကာကွယ်ဆေးတွေ ဆက်တိုက်ထိုးလာမယ်ဆိုရင် အများကြီးဖြစ်လာစရာ မရှိတော့ပါဘူး။ တစ်ကမ္ဘာလုံးမှာ ဖြစ်နေတဲ့ဖြစ်ရိုးဖြစ်စဉ်ဆိုတဲ့ အချက်ကလေးကိုတော့ သိထားစေချင်ပါတယ်။

**မေး ။ ။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနအနေနဲ့ လုပ်ငန်းစဉ်တွေ သိပါရစေ။**

ဖြေ ။ ။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေပြီး အသိအမှတ်ပြုတဲ့ မြန်မာနိုင်ငံရဲ့အမျိုးသားတုပ်ကွေးဌာန (National Influenza Center)အဖြစ် ၃၅ မော်ကွန်းတိုက်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့မှာ တည်ထောင်ခဲ့ပါတယ်။ ၂၀၀၅ ထဲကစတင်ပြီး ရာသီတုပ်ကွေး မျိုးရိုးဗီဇတွေကို မော်လီကျူလာနည်းပညာနဲ့ စမ်းသပ်စစ်ဆေးမှုတွေ လုပ်ဆောင်နေပါတယ်။ ဂျပန်နိုင်ငံ - NIID နဲ့ပူးပေါင်းပြီး နှစ်စဉ် ကာကွယ်ဆေးထုတ်လုပ်တာ ရာသီတုပ်ကွေး၊ ကပ်ရောဂါတုပ်ကွေးနဲ့ အမျိုးအစားမခွဲခြားနိုင်တဲ့ တုပ်ကွေးတွေကို ပေးပို့စစ်ဆေးတာတွေကိုပြုလုပ်နေပါတယ်။ အမျိုးသားတုပ်ကွေးဌာနရဲ့စမ်းသပ်မှုတွေကို ထိန်းသိမ်းတဲ့အနေနဲ့ ဟောင်ကောင်မှာရှိတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု Center for Health Protection တုပ်ကွေး ဓာတ်ခွဲခန်းသို့ ပုံမှန်ပေးပို့စစ်ဆေးလျက်ရှိပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားချင်တာရှိလည်း ပြောကြားပေးပါ။**

ဖြေ ။ ။ H1N1 Influenza တုပ်ကွေးဟာ ရာသီတုပ်ကွေး အမျိုးအစားတွေထဲက တစ်ခုဖြစ်တာကြောင့် အထူးစိုးရိမ်ကြောင့်ကြစရာမလိုအပ်ပါဘူး။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ချက်တွေကို မှတ်သားပြီး ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို တိကျစွာ လိုက်နာရင် ကျန်းမာရေးသုခများ ရရှိနိုင်မှာဖြစ်ပါတယ်။

ဟုတ်ကဲ့ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

**တိရစ္ဆာန်မှာဖြစ်ပွားတဲ့ ကြက်ငှက်တုပ်ကွေး (H5N1) နဲ့ လူမှာဖြစ်နေတဲ့ H1N1 နှစ်ခုကြားမှာ မျိုးရိုးရောထွေးခြင်းမရှိတာ တွေ့ရပါတယ်။ အဓိကက လူမှာ ကြက်၊ ငှက်တုပ်ကွေးဖြစ်မလာသေးတာကို ထပ်မံတွေ့ရှိရပါတယ်။ ဂျပန်နိုင်ငံ NIID က ဆေးယဉ်ပါးမှု ရှိ၊ မရှိ မျိုးရိုးအရ တိုက်ခိုက်နိုင်စွမ်းအားကို စစ်ဆေးဦးမယ်လို့သိရပါတယ်။ ဒီအဖြေတွေကို ဆက်လက် အသိပေးသွားမှာဖြစ်ပါတယ်။ ဒီနှစ်မှာ ရောဂါအနေနဲ့ ထူးထူးခြားခြား ပြုပြင်ပြောင်းလဲမှုမရှိ**

## H5N1 ကြက်ငှက်တုပ်ကွေးရောဂါ အသိပညာပေး၊ ကြက်ဥကြက်သား စားပွဲတော်ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် နေပြည်တော်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါ အသိပညာပေး ဟောပြောပွဲနှင့် ကြက်ဥ၊ ကြက်သား စားပွဲတော်ကို နေပြည်တော် လယ်ဝေးမြို့ သုခမလမ်းရှိ လယ်ဝေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနပေါင်းစုံမှဝန်ထမ်းများ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ပြီး ကျန်းမာရေးနှင့်လျော်ညီစွာ ချက်ပြုတ်ကြော်လှော်ထားသော ကြက်ဥနှင့် ကြက်ကြော်တို့ကို လုံခြုံစိတ်ချစွာ စားသုံးအားပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဇူလိုင် ၁၆ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်မှာရှိတဲ့ ကြက်မွေးမြူရေးခြံ ကနေပြီးတော့ ကြက်တွေစတင်သေဆုံးတဲ့အကြောင်းကို ကြားသိတဲ့အခါမှာ ကျွန်တော်တို့မွေးမြူရေးနှင့် ကုသရေးဌာနနဲ့ တိရစ္ဆာန်ရောဂါရှာဖွေစစ်ဆေးရေး ဓာတ်ခွဲခန်းကနေပြီး စစ်လိုက်တဲ့အခါမှာ H5N1 ကို Positive အနေနဲ့တွေ့ရတယ်။ တွေ့ရတဲ့အခါမှာ ဒီရောဂါဖြစ်ပွားတဲ့ တိရစ္ဆာန်တွေကို ဖယ်ရှားရှင်းလင်းခြင်း၊ ရောဂါကူးစက် ပြန့်ပွားခြင်းကို ထိန်းချုပ်ခြင်းလုပ်ငန်းတွေကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပညာရှင်များ၊ ဒေသဆိုင်ရာ ကူးစက်ရောဂါထိန်းချုပ်ရေးအဖွဲ့များ၊ တာဝန်ရှိသူများ ပူးပေါင်းပြီးတော့ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံချက်တွေနဲ့ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါတယ်။ အခုအချိန်မှာ ဆိုလို့ရှိရင်လည်း ကောင်းမွန်စွာ ကျွန်တော်တို့ထိန်းချုပ်ရှင်းလင်းနိုင်ပြီဖြစ်ပါတယ်"ဟု လယ်ဝေးမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်စိုးမိုးက ပြောသည်။



ယခုအခါ H5N1 ကြက်ငှက်တုပ်ကွေး ရောဂါကြောင့်ပြည်သူလူထုအကြား ကြက်ဥ၊ ကြက်သားစားသုံးရန် စိုးရိမ်ကြောင့်ကြမှုများရှိနေခဲ့ရာ လိုက်နာရန် အချက်များကို စနစ်တကျ ကျင့်သုံးမည်ဆိုပါက စိတ်ချယုံကြည်စွာ စားသုံးနိုင်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**လဟယ် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် နယ်စည်းမထား ဆရာဝန်များအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ရာသီတုပ်ကွေး A(H1N1) ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက်က လဟယ်မြို့ မာလာတောင် အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဦးကေဆိုင်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာနိုင်ဝင်းက ရာသီတုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေး အသိပညာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နယ်စည်းမထားဆရာဝန်များအဖွဲ့က လက်ဆေးဆပ်ပြာနှင့် Mask အသုံးပြုပုံတို့အား သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသူများအား Mask နှင့်လက်ဆေးဆပ်ပြာများ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**လဟယ်(မြန်/ဆက်)**

# မြန်မာနိုင်ငံဒေသအချို့ရှိ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်များ မျိုးမသုဉ်းမီ အချိန်မီကာကွယ်ထိန်းသိမ်းရန်လိုအပ်

ပဲခူး ဩဂုတ် ၅

**မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေများရှိသည့်အနက် ရေဝပ်ဒေသဂေဟစနစ်ကိုယ်စားပြုသည့် နယ်မြေ ၁၀ ခုရှိကြောင်းကို မှတ်တမ်းများအရ သိရှိရသည်။ ယင်းနယ်မြေမှာ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဝက်သည်းကန်ငှက်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သမီးလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မော်စကော့ကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တို့ဖြစ်သည်။**

ထိုသို့သော ရေဝပ်ဒေသဂေဟစနစ်ကိုယ်စားပြုနယ်မြေများ ရှိသည့်အနက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်များ၏ နယ်နိမိတ်များအတွင်းတည်ရှိပြီး မြန်မာနိုင်ငံဆိုင်ရာ အရေးကြီးထိန်းသိမ်းရမည့် ရေဝပ်ဒေသ Ramsar Site အဖြစ် ပထမဦးဆုံးသတ်မှတ်ခံခဲ့ရသည့် နေရာတစ်ခုလည်းဖြစ်သည်။

အဆိုပါ ဘေးမဲ့တောတွင် လာရောက်ကျက်စားသည့် ငှက်မျိုးစိတ်များကို ယခုနှစ် စာရင်းကောက်ယူစဉ် ပြီးခဲ့သည့် မတ်၊ ဧပြီ၊ မေလများ၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အဓိကရှင်သန်ပေါက်ပွားလေ့ရှိသည့် ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်တစ်မျိုးဖြစ်သော ကြိုးကြာခေါင်းနီငှက်မျိုးစိတ် SARUS CRANE အထီး၊အမနှစ်ကောင်နှင့် အရွယ်မရောက်သေးသည့် အကောင်တစ်ကောင်၊ စုစုပေါင်း သုံးကောင်ရှိ မိသားစုကိုလည်း တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မြန်မာနိုင်ငံ၌ ဌာနေမျိုးရင်းဝင် မျိုးစိတ်သုံးမျိုးတွေ့ရသည့်အနက် တစ်မျိုးမှာ ဌာနေငှက်ဖြစ်သည်။ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်သည် အနီရောင်ဦးခေါင်းနှင့် ခြေထောက်ရှိ မီးခိုးရောင်ငှက်ကြီးမျိုးဖြစ်သည်။ ကိုယ်အလျား လက်မ ၆၀ ခန့်ရှိသည်။ စိမ့်တောမြက်ခင်းလွင်ပြင်နှင့် လယ်ကွင်းပြင်များတွင် တွေ့ရတတ်သည်။ ရာသက်ပန် ဖိုမစုံတွဲနေသည်။ တစ်ခါတစ်ရံ အုပ်စုကြီးများအဖြစ် ဖိုမစုံတွဲများ စုစည်းလျက်တွေ့ရသည်။ မိတ်မလိုက်မီ အဖိုရော အမပါ အတောင်ဖြန့်ခြင်း၊ ဦးခေါင်းနှိမ့်ခြင်း၊ ခုန်ဆွခုန်ဆွလုပ်ခြင်း၊ ကျယ်လောင်စွာ ခရာသံပေးခြင်း စသည်ဖြင့် ကကြသည်။ လူကြောက်သည်။ မိုးတွင်းတွင် သားပေါက်သည်။ ဌာနေငှက်ဖြစ်ကြောင်းကိုလည်း မြန်မာနိုင်ငံငှက်များ (Birds of Myanmar- ကျော်ညွန့်လွင်၊ ခင်မမသွင်)တို့၏ စာအုပ်တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

"ဒီအင်းထဲမှာ ကြိုးကြာမတွေ့တာ အတော်ကြာနေပါပြီ။ ပွင့်လင်းရာသီ အောက်တိုဘာလကတည်းက ကျရောက်ကျက်စားတာ ဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အောက်တိုဘာလအတွင်းမှာပဲ ကြိုးကြာသုံးကောင် ပျံသန်းတာကိုတွေ့တယ်လို့ နိုင်ငံခြားသား ဧည့်သည်ထံက သတင်းရတယ်။ တွေ့တာကတော့ ပြီးခဲ့တဲ့မတ်၊ ဧပြီလမှာ မိုးယွန်းကြီးအင်းနဲ့ ဆက်စပ်ဧရိယာဖြစ်တဲ့ ဖလောက်ရွာအနီးနားရှိ လယ်ကွင်းများမှာတွေ့တာ။ မေလမှာတော့ အင်းထဲက ဖလောက်ဝိုင်ကွင်းနဲ့ ကပင်ကွင်းမှာ လာရောက်ကျက်စားတယ်။ ဥကတော့ ဘယ်နေရာမှာ ဥတယ်ဆိုတာ မသိသေးဘူး"ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောသည်။



**မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်တစ်မျိုးဖြစ်သည့် ကြိုးကြာခေါင်းနီငှက်မျိုးစိတ် ကျရောက်ကျက်စားမှုကို တွေ့ရစဉ်**

ကမ္ဘာတစ်ဝန်းတွင် ကြိုးကြာငှက်မျိုးစိတ်များစွာရှိသည့်အနက် မြန်မာနိုင်ငံရှိ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်သည် ကမ္ဘာပေါ်တွင် အလွန်ရှားပါးသော ငှက်မျိုးစိတ်ဖြစ်နေပြီး မြန်မာနိုင်ငံတွင်လည်း အလွန်ရှားပါးလာသော မျိုးစိတ်ဖြစ်နေကြောင်း၊မြန်မာတစ်နိုင်ငံလုံး အကောင်ရေ ၅၀၀ ခန့်လောက်သာကျန်တော့မည်ဟု ခန့်မှန်းရကြောင်း၊ အချိန်မီ ထိန်းသိမ်းကာကွယ်ခြင်း မပြုပါက မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သော မျိုးစိတ်စာရင်းထဲတွင် ပါဝင်နေကြောင်း WCS ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့နောက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တောအုပ် ဦးစိုင်းဝဏ္ဏကြည်က "ဒီနှစ်မှာ ငှက်မျိုးစိတ် ၁၃၂ မျိုး ကျရောက်ကျက်စားတယ်။ ဌာနေငှက်မျိုး ၈၂ မျိုးနဲ့ ဆောင်းခိုငှက်အမျိုး ၅၀ အထိ တွေ့ရတဲ့အပြင် ငှက်ကောင်ရေ ၃၆၅၇၉ အထိ ကျရောက်ကျက်စားတယ်။ ဒီလိုကျရောက်ကျက်စားတာကလည်း အင်းရဲ့စားကျက်အနေအထား ကောင်းမွန်တာရယ်၊ ငှက်တွေအတွက် အနှောင့်အယှက် ကင်းရှင်းတာရယ်ကြောင့် ဖြစ်တယ်။ ကြိုးကြာကိုတော့ အခုနောက်ပိုင်းမတွေ့တာ တော်တော်လေးနှစ်ကြာသွားပြီ။ အခုနောက်ပိုင်း တဖြည်းဖြည်းနဲ့ ရှားလာတယ်။ ဒီလိုရှားတဲ့အကြောင်းအရင်းကို လေ့လာကြည့်လိုက်တော့ သူတို့ကျင်လည်ကျက်စားရာ နေရာရဲ့ အခြေအနေနဲ့ ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်မှု အန္တရာယ်အမျိုးမျိုးခံရတာရယ်ကြောင့် တဖြည်းဖြည်းရှားလာတာ။ အခုဆိုရင် ကြိုးကြာခေါင်းနီငှက်မျိုးစိတ်ဟာ မျိုးသုဉ်းမှုအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ မျိုးစိတ် Endangered (EN) ထိတိုင် ပြောင်းလဲသွားတာ"ဟု ပြောသည်။

အဆိုပါ ငှက်မျိုးစိတ်များကို ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံ၏ နေရာအချို့၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံတို့တွင် တွေ့ရှိရပြီး မြန်မာနိုင်ငံတွင်မူ တောင်တန်းဒေသများနှင့် မြန်မာပြည်အလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသများမှလွဲ၍ ကျန်ဒေသများတွင် တွေ့ရှိနိုင်ကာ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ရေကြည်၊ ဟင်္သာတ၊ ဝါးခယ်မ၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း၊ မအူပင်၊ မြောင်းမြနှင့် အိမ်မဲမြို့နယ်များတွင် အများဆုံးတွေ့ရှိနိုင်ကြောင်း လေ့လာသိရှိရသည်။

သိပ္ပံအမည် Grusantigone ဟုခေါ်သော ကြိုးကြာခေါင်းနီမျိုးစိတ်ကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(International Union for Conservation of Nature-IUCN) က မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသော မျိုးစိတ် Endangered (EN) အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် ၅၈၃/၉၄ အရ လုံးဝကာကွယ်ထားသည့် ငှက်များစာရင်းတွင် ထည့်သွင်းထားကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်း နေရာဒေသအချို့ရှိ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်များ ကျင်လည်ကျက်စားရာနေရာနှင့် ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်မှုအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့်အတွက် ယင်းငှက်များ မြန်မာ့မြေပေါ်တွင်သာမက ကမ္ဘာ့မြေပေါ်မှပါ ပပျောက်မသွားအောင် ဒေသနေပြည်သူများကလည်း ဝိုင်းဝန်းကာကွယ်ပြီး တာဝန်ရှိသူများကလည်း ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ငှက်ချစ်သူများက ပြောဆိုကြသည်။

**ပိန်းဇလုပ်သိန်းညွန့်**

## ကန့်ကြီးထောင့်မြို့တွင် ဒါးကမြစ်ရေကျဆင်းလာ၍ ရေဘေးရှောင်စခန်းများ ပိတ်သိမ်း ကျောင်းတချို့ပြန်လည်ဖွင့်လှစ်၍ အဖိတ်နေ့နှင့် တနင်္ဂနွေနေ့များတွင် အစားထိုးသင်ကြားပေးမည်

**ကန့်ကြီးထောင့် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်၌ ဇူလိုင်လတတိယပတ်မှစ၍ ဒါးကမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးရှောင်စခန်း ၁၁ ခုကို ယာယီဖွင့်လှစ်ခဲ့ရာ ယခုအခါ ဒါးကမြစ်ရေပြန်လည်ကျဆင်းလာပြီဖြစ်၍ ရေဘေးရှောင်စခန်းအားလုံးကို ဩဂုတ် ၅ ရက်မှစ၍ ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အလားတူ ဒါးကမြစ်ရေမြင့်တက်စဉ်က ယာယီပိတ်ထားရသော အခြေခံပညာစာသင်ကျောင်း စုစုပေါင်း ၁၂ ကျောင်းမှ အလက-(ခွဲ)ဒါးကမြို့မ၊ အမက-ကြိမ်ချောင်း၊ အမက-ဝဲ၊ အမက-ပိုက်သောင်၊ အမက-ဝဲချောင်းကျောင်း ငါးကျောင်းကို ဩဂုတ် ၃ ရက်နှင့် ၄ ရက်က ပြန်လည်ဖွင့်ပေးခဲ့ကာ ကျန်ရှိသည့် (အမက)ကျောင်း ခုနစ်ကျောင်းကို ဩဂုတ် ၈ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းပိတ်ရက်စာသင်ချိန်များကို အဖိတ်နေ့နှင့် တနင်္ဂနွေနေ့များတွင် ပြန်လည် အစားထိုးသင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

## လေဆင်နှာမောင်းတိုက်ခတ်သောကြောင့် နေအိမ်ပျက်စီးခဲ့ရသူများအား ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

**သထုံ ဩဂုတ် ၅**

မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းကျေးရွာ သရက်တောပိုင်းတွင် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးခဲ့ရသူများအား ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။



လေဘေးသင့်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်သည့်အခမ်းအနားကို မရမ်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး (ဓာတ်ပုံ) ပြိုကျခဲ့သည့်လူနေအိမ် ငါးလုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးပါ ပုံးငါးလုံး၊ Family kit ငါးအိတ်နှင့် အိမ်ဆောက်ပစ္စည်းနှင့် ဆန်ဖိုးအတွက် ငွေကျပ် ၅၄၄၁၀၀၊ တစ်စိတ် တစ်ပိုင်းပျက်စီးသွားသည့် နေအိမ်ခြောက်လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ခုနစ်မျိုးပါ ပုံးနှစ်လုံးနှင့် အိမ်ဆောက်ပစ္စည်းနှင့် ဆန်ဖိုးအတွက် ငွေကျပ် ၂၇၇၆၀၀ တို့အား ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ခဲ့သည်။

မရမ်းကုန်းကျေးရွာ သရက်တောပိုင်းတွင် ဩဂုတ် ၃ ရက် ည ၁၀ နာရီခွဲခန့်က လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ၅၇ ဦး လေဘေးသင့်ခံခဲ့ရခြင်းဖြစ်ကြောင်း မရမ်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**သက်ဦး(သထုံ)**

## ချောင်းဦးမြို့ ရတနာရွှေဂူကြီးဘုရားအတွင်းရှိ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များမှ သုံးဆူပျောက်ဆုံး

**ချောင်းဦး ဩဂုတ် ၅**

ချောင်းဦးမြို့ ရတနာရွှေဂူကြီးဘုရားအတွင်းရှိ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များအနက် ရုပ်ပွားတော်သုံးဆူ ပျောက်ဆုံးနေကြောင်း ဩဂုတ် ၄ ရက် နံနက်ပိုင်းက ဂေါပကအဖွဲ့မှသိရ၍ ချောင်းဦးမြို့မရဲစခန်းသို့ အမှုဖွင့်ထားရာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဘုရားသုံးဆူပျောက်ဆုံး**

ဩဂုတ် ၄ ရက် နံနက် ၆ နာရီခန့်က ချောင်းဦးမြို့ မြို့မရပ်နေ ရတနာရွှေဂူကြီးဘုရားဂေါပက ဦးသန်းဒန်သည် နေအိမ်တွင်ရှိနေစဉ် ဘုရားအရှေ့တောင်ဘက်ကိုးခန်းတိုက်၏ မြောက်ဘက် သစ်သားတံခါးပွင့်နေကြောင်း ဂေါပကအဖွဲ့ဝင်နှစ်ဦး လာရောက်အကြောင်းကြားချက်အရ ကိုးခန်းတိုက်အတွင်း တည်ထားကိုးကွယ်ထားသော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များအနက် အလျား ၂၄ လက်မ၊ အမြင့် ရှစ်လက်မ ရုပ်ပွားတော်နှစ်ဆူ၊ အလျား ၂၁ လက်မ၊ အမြင့် ရှစ်လက်မရှိ ရုပ်ပွားတော်တစ်ဆူ စုစုပေါင်းသုံးဆူပျောက်ဆုံးနေသည်ကို တွေ့ရကြောင်း သိရသည်။

**ဖမ်းဆီးရမိရေး**

ရုပ်ပွားတော်သုံးဆူ ပျောက်ဆုံးသွားသဖြင့် ချောင်းဦးမြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဥတ္တရခရိုင် အမှုစစ်(အရာရှိ)လုပ်ငန်းခွင် မွမ်းမံသင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော် ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် အမှုစစ်(အရာရှိ) လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၁၇)သင်တန်းဆင်းပွဲကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ဇူလိုင်လစတုတ္ထပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ခင်မောင်သန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းပွဲသို့ ခရိုင်အတွင်းရှိ မြို့နယ်မှူးများနှင့် သင်တန်းသား ၂၀ တက်ရောက်ခဲ့သည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

# မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ငွေလဲကောင်တာတွင် သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၅**

မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ငွေလဲကောင်တာတစ်ခုတွင် ငွေလာရောက်လဲလှယ်သူ အမျိုးသားတစ်ဦးက အသင့်ပါလာသော သေနတ်ဖြင့် ဆိုင်အတွင်းပစ်ခတ်၍ ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီခွဲခန့်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ပြည်လမ်းနှင့် ယိုးဒယားလမ်းထောင့် (အိုးရှင်းစင်တာရှေ့)ရှိ Farmer Money Changer သို့ (၂၆နှစ်) ခန့်ရှိ (ဘောင်းဘီအရှည်အနက်)၊ အင်္ကျီအနက်လက်တို၊ လျှာထိုးဦးထုပ်အနက်၊ နှာခေါင်းစည်းအစိမ်းရောင် ဝတ်ဆင်ထားသော အမျိုးသားတစ်ဦးရောက်ရှိလာပြီး အမေရိကန်ဒေါ်လာ ၃၀ ကို မြန်မာငွေဖြင့် လဲလှယ်ရန်ပြောဆိုရာ တာဝန်ကျဆိုင်ဝန်ထမ်းက ကျသင့်ငွေကျပ် ၄၀၈၀၀ ကို ပေးနိုင်ရန်အတွက် ငွေကျပ် ၄၁၀၀၀ ကို ပေးအပ်လိုက်ကြောင်း သိရသည်။

ထို့နောက် တာဝန်ကျ ဆိုင်ဝန်ထမ်းက ပိုငွေကျပ် ၂၀၀ ကိုပြန်လည်တောင်းခံစဉ် အဆိုပါအမျိုးသားမှ ဆိုင်အတွင်း တံခါးကိုဖွင့်ခိုင်းရာ တာဝန်ကျဆိုင်ဝန်ထမ်းက မဖွင့်ပေးသဖြင့် လွယ်အိတ်အတွင်းမှ အသင့်ပါလာသည့် သေနတ်ကိုထုတ်၍ အသံတိတ်တပ်ဆင်ကာ ဆိုင်အတွင်း သေနတ်တစ်ချက် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ယင်းပစ်ခတ်မှုကြောင့် ဆိုင်ကောင်တာပေါ်တွင် တင်ထားသည့် (၄×၆)လက်မအရွယ်အစားရှိ ရွှေရောင်မှန်ပေါင်ကွပ်အတွင်း၌ ကျောက်စိမ်းဖြင့် ထည့်သွင်းပြုလုပ်ထားသော ဘုရားဆင်းတုတော် (ပုံတော်)အား ထိမှန်ခဲ့ပြီးနောက် ကျည်ဆန်မှာ ဆိုင်အနောက်ဘက်နံရံသို့ ထိုးဖောက်ဝင်ရောက်သွားကြောင်း သိရ သည်။

ထို့နောက် အဆိုပါအမျိုးသားသည် ဆိုင်အပြင်သို့ ထွက်ပြေးသွားပြီး ဆိုင်ရှေ့တွင် ဆိုင်ကယ် (အနက်ရောင်)ဖြင့် အသင့်စောင့်ဆိုင်းနေသော အသက် ၂၀ ကျော်အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးက ၎င်းအား ဆိုင်ကယ်ဖြင့်တင်ဆောင်ကာ ပြည်လမ်းအတိုင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဘက်သို့ ဦးတည်မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် လူထိခိုက်မှုမရှိသည့်အပြင် ငွေကြေးတစ်စုံတစ်ရာ ဆုံးရှုံးသွားခြင်း မရှိကြောင်းသိရပြီး ဖြစ်ပွားရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ ရောက်ရှိလာပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ ပြစ်မှုကျူးလွန်သူတို့ကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး**

# ကိုင်းကြီး(မြို့)ရွာမှ ပျောက်ဆုံးနေသူ နှစ်ဦးအနက် ဒေါ်ထုမ်ဝေ သေဆုံးလျက်ပြန်လည်တွေ့ရှိ

**နေပြည်တော် ဩဂုတ် ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကိုင်းကြီး(မြို့)ရွာအနောက်ဘက်၌ ဩဂုတ် ၃ ရက် ဖြစ်စဉ်ကြောင့် ပျောက်ဆုံးနေသူ နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းလိုက်လံရှာဖွေခဲ့ရာ ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီတွင် ကိုင်းကြီးရွာ၏အရှေ့ဘက် ချောင်းကမ်းစပ်၌ ဒေါ်ထုမ်ဝေ (၂၁နှစ်) ၏အလောင်းအား တွေ့ရှိခဲ့သည်။ သေဆုံးနေသူ ဒေါ်ထုမ်ဝေကို စစ်ဆေးရာ ယာဘက်နို့အုံအောက်တွင် သေနတ်ကျည် ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဝဲပုခုံးတွင် သေနတ်ကျည်ဖောက်ဝင် တစ်ချက်၊ ဝဲနားထင်ပြတ်ရှဒဏ်ရာတစ်ချက်၊ ဝဲနားအထက်ပြတ်ရှဒဏ်ရာတစ်ချက်တို့ရရှိပြီး သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သေဆုံးသူ၏အလောင်းအား မောင်တောဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကျန်ပျောက်ဆုံးနေသူတစ်ဦးအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဇေယျာသီရိမြို့နယ်၌ ဂျင်လောင်းကစားဝိုင်းအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် သစ်တပ်အုပ်စု သပြေပင်ကျေးရွာအနီး ဆင်သေချောင်းကမ်းပါး၌ ဂျင်၊ ကြက်လောင်းကစားဝိုင်းများကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီက နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားချက်ဖြင့် မှုခင်းအကူအဖွဲ့ခေါင်းဆောင် ရဲအုပ် ထွန်းလှိုင်နှင့် ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇေယျာသီရိမြို့နယ် သစ်တပ်အုပ်စု သပြေပင်ကျေးရွာ ဆင်သေချောင်းကမ်းပါးအနီးတွင် ပြုလုပ်နေသော ဂျင်ဝိုင်းအား ဝင်ရောက်ရှာဖွေဖမ်းဆီးရာ မင်းလွင်၊ စိုင်းကျော်ငြိမ်း (ခ) ကိုရှမ်း၊ မစု(ခ)မစုစုမြင့်တို့အား ဖမ်းဆီးရမိပြီး ထွက်ပြေးသွားသူများအား လိုက်လံဖမ်းဆီးရာ ဗလ(ခ)ကိုမျိုးကိုလတ်အား ဖမ်းဆီးရမိပြီး လောင်းကစားပြုလုပ်နေသောနေရာမှ ဂျင်သီးသုံးခုနှင့် ယင်းနှင့်ဆက်စပ်ပစ္စည်းများပါ ဗီနိုင်းစတစ်ခု၊ လောင်းကြေး ငွေကျပ် ၅၅၈၀၀၀၊ ဆိုင်ကယ်မျိုးစုံ အစီး ၂၀ တို့အား သိမ်းဆည်းရမိပြီး ရေဆင်းရဲစခန်းမှ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဖမ်းဆီးရမိသူများနှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်

**ဇော်မျိုးနိုင်**

# ရွှေငွေလက်ဝတ်လက်စားများနှင့် ဖုန်းအပါအဝင် ခိုးယူခဲ့သူသုံးဦးအား ဖော်ထုတ်ဖမ်းဆီး

**ဘားအံ ဩဂုတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရပ်ကွက်များအတွင်း အလုပ်အကိုင်အတည်တကျမရှိသူများအား နယ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် စောင့်ကြည့်စုံစမ်းဖော်ထုတ်ရာမှ ခိုးမှုများဖော်ထုတ်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူသုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၅ ရက်က ဘားအံပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းခမ်းမိုးသည် တာဝန်ချိန်ပြီး၍ ဘားအံမြို့ အမှတ် (၆) ရပ်ကွက်ရှိနေအိမ်သို့ပြန်လာရာ ၎င်းပိုင် ရွှေလက်ကောက်နှစ်ကွင်း၊ ရွှေလက်စွပ်နှစ်ကွင်း၊ ရွှေကလစ်နှစ်ချောင်း၊ ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ နှစ်သောင်းတို့ထည့်ထားသော သားရေအိတ်အား နေအိမ်နှင့်တွဲလျက် မီးဖိုချောင်ခုတင်ပေါ်တွင် တင်ထားကာ နေအိမ်အပေါ်ထပ်တွင် အိပ်ရာဝင်ခဲ့ပြီး နံနက် ၆ နာရီခွဲခန့် အိပ်ရာထစဉ် ပျောက်ဆုံးသွားသဖြင့် ခိုးယူသူအား စုံစမ်းဖော်ထုတ်အရေးယူရန် ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဘားအံမြို့မရဲစခန်း နယ်ထိန်းတပ်ဖွဲ့ဝင်များသည် စုံစမ်းဆောင်ရွက်ခဲ့ရာ ဘားအံမြို့ပေါ်ရပ်ကွက်များအတွင်း အလုပ်အကိုင်အတည် တကျမရှိသူများဖြစ်သည့် ဝင်းထက်ကျော်(ခ)ဘုတို(၁၅နှစ်) အမှတ်(၆) ရပ်ကွက် ဘားအံမြို့၊ ညီညီနိုင်(၂၆နှစ်) တောင်ကလေးကျေးရွာ ဘားအံမြို့နယ်နေသူနှင့် စိန်လင်းတို့သုံးဦးအား ခိုးယူသွားသော သက်သေခံပစ္စည်းများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိခဲ့သဖြင့် ဘားအံမြို့နယ်တရားရုံးတွင် ချုပ်ရမန်ရယူထားကြောင်းသိရပြီး ဩဂုတ် ၄ ရက်က ဖမ်းဆီးရမိသူသုံးဦးအား အခြားခိုးမှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ အမှုဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲ နှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ၁၀-၉-၂၀၁၇ ရက်(တနင်္ဂနွေနေ့) နံနက် (၈း၃၀) နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး စည်ပင်ဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ/မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လှူဖွယ်ပစ္စည်းများ လှူဒါန်းရန် နှင့် အသက်(၇၅)နှစ်အထက် အသင်းဝင် အဘိုး၊ အဖွားများ အမည်စာရင်းများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) | ဥက္ကဋ္ဌ | ဖုန်း - ၀၉ ၇၉၄၄၁၉၆၉၇ |
| (၂) ဦးရဲညွန့် | ဒုတိယဥက္ကဋ္ဌ | ဖုန်း - ၀၉ ၅၁၁၄၅၇၅ |
| (၃) ရဲမှူးကြီးတင်သိန်းဟန်(ငြိမ်း) | ဒုတိယဥက္ကဋ္ဌ | ဖုန်း - ၀၉ ၅၃၂၁၉၁၉ |
| (၄) ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) | အတွင်းရေးမှူး | ဖုန်း - ၀၉ ၅၁၄၇၉၀၄ |
| (၅) ဦးမောင်မောင်လှ | တွဲဖက်အတွင်းရေးမှူး | ဖုန်း - ၀၉၇၃၀၀၁၉၀၀ |
| (၆) ဦးမြင့်လွင် | တွဲဖက်အတွင်းရေးမှူး | ဖုန်း - ၀၉၇၉၅၈၀၇၆၂၀ |

အလုပ်အမှုဆောင်အဖွဲ့

ဖခင်အမည်မှန်
ရမည်းသင်းမြို့၊ သိမ်ကုန်းအခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မဟေဇင်နှင်းအောင်၏ဖခင် ဦးကျော်ဝ၏ အမည်မှန်မှာ ဦးကျော်ဝင်း ၉/ရမသ(နိုင်)၀၃၁၆၂၆ ဖြစ်ပါကြောင်း။
ဦးကျော်ဝင်း

ဖခင်အမည်မှန်
ရမည်းသင်းမြို့၊ သိမ်ကုန်းအခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မသီရိဇော်၏ဖခင် ဦးဇော်ဇော်၏ အမည်မှန်မှာ ဦးမောင်ဇော် ၉/ရမသ(နိုင်)၁၀၇၉၀၇ ဖြစ်ပါကြောင်း။ ဦးမောင်ဇော်

ဖခင်အမည်မှန်
ရမည်းသင်းမြို့၊ မြို့လှအခြေခံပညာအထက်တန်းကျောင်းမှ မဖြိုးပြည့်ပြည့်မောင်၏ဖခင် ဦးမှတ်ကြီး၏ အမည်မှန်မှာ ဦးမြထွန်း ၉/ရမသ(နိုင်)၀၂၆၃၄၁ ဖြစ်ပါကြောင်း။
ဦးမြထွန်း

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 4E/6737 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၆၄)၊မြေကွက်အမှတ်(၃၉)၏ တစိတ်တဒေသ၊ဇရိယာ(၁)ဧက၏တစိတ်တဒေသ၊မြေကွက်တည်နေရာအမှတ်(၃၉)၊ပြည်လမ်း၊သန္တေပင်ကျေးရွာအုပ်စု၊မင်္ဂလာဒုံမြို့နယ်၊ဦးထွန်းတင်ပါ-၇ အမည်ပေါက်၊မြေအမျိုးအစား - L.G မြေအားမင်္ဂလာဒုံမြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်-၆၁/၁၆ဖြင့်တရားလိုဦးအောင်နိုင်သူဇစ်တာကတရားပြိုင်ဦးထွန်းတင်၊ဦးအောင်၊ဦးညွန့်၊ဒေါ်ချေး၊ဦးလှရွှေ၊ဦးကျော်၊ဦးအောင်ချိုတို့အပေါ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်(၁၅-၉-၁၆)ရက်နေ့တွင် အနိုင်ဒီကရီချမှတ်ပေးလိုက်ပြီးတရားမဇာရီမှုအမှတ်-၄၄/၁၆(၇-၁၀-၁၆)၏ နေ့စဉ်မှတ်တမ်း၊ဘီလစ်ခန့်စာ၊တရားရုံးအမိန့်၊မော်ဘီမြေစာရင်းဦးစီးဌာန၏ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ-၃(ခ)ဝန်ခံချက်လက်မှတ်တို့ကိုတင်ပြ၍တရားရုံးဘီလစ်ဒေါ်နုနုလှိုင်(၁၂/ဥကမ(နိုင်)၀၀၄၉၃၄)မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ရမည်းသင်းမြို့၊ ဝါတိုးအရှေ့ရပ်ကွက်နေ ဦးသိန်းလွင်-ဒေါ်ကေသီနွယ်တို့၏ သား မောင်ကျော်စိုးသိန်း ၉/ရမသ(နိုင်)၁၇၄၀၃၃သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။
ဖခင်-ဦးသိန်းလွင်
၉/ရမသ(နိုင်)၀၀၈၇၉၇

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English
Mon to Thurs-7:30-9:30am 14,28 Aug
Mon to Thurs-10:30-12:30am 14 Aug
Mon to Thurs-1:00-3:00pm 14,28 Aug
Mon to Thurs-3:00-5:00pm 14 Aug
Mon to Thurs-5:30-7:00pm 14 Aug
Sat & Sun-9:00-12:00am 26 Aug
Sat & Sun-3:45-6:45pm 26 Aug
Pre-Intermediate English
Mon to Thurs-10:30-12:30pm 14 Aug
Mon to Thurs-5:30-7:00pm 14 Aug

Grammar Foundation Course
Sat & Sun- 9:00-12:00am 12 Aug
Mon to Thurs-10:00-12:00am 14 Aug
Mon to Thurs-1:00-2:30pm 14 Aug
Structure & Written Expression
Sat & Sun - 12:30-3:30pm 5 Aug
Mon to Thurs-1:00-3:00pm 14 Aug
Sat & Sun - 9:00-12:00am 19 Aug
Sat & Sun - 3:30-6:30pm 19 Aug
TOEFL,SAT,IELTS,API,AWC,VEC

No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၂၅/ဂ)၊မြေကွက်အမှတ်(၁၃၃/က)၊ ဧရိယာ(၀.၀၂၅)ဧက၊မြေကွက်တည်နေရာအမှတ်(၂၇)၊ပဲခူးလမ်း၊ပဲခူးလမ်းရပ်ကွက်၊ထောက်ကြန့်မင်္ဂလာဒုံမြို့နယ်၊မောင်ဘိုးဆော့အမည်ပေါက်G(က)မြေ ၃(က)ရပြီးမြေအားမင်္ဂလာဒုံမြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်-၂၈/၁၆ (၂၁-၆-၂၀၁၆)အရတရားပြိုင်ဦးဘိုးဆော့အပေါ်အိမ်ယာမြေ၃(က)လျှောက်ထားရန်နှင့်မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်တရားစွဲဆိုခဲ့ရာဦးကျော်စွာဦး(တရားနိုင်)အား(၂၁-၆-၂၀၁၆)ရက်နေ့တွင်အနိုင်ဒီကရီချမှတ်လိုက်ပြီးတရားမဇာရီမှုအမှတ်(၄၂/၂၀၁၆)နေ့စဉ်မှတ်တမ်း၊၃(က)ဝန်ခံချက်လက်မှတ်တို့တင်ပြ၍ဒေါ်နုနုလှိုင်(ဘီလစ်)မှတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်
ပန်းတနော်မြို့နယ်၊ အထက(ခွဲ) အစုကြီး တက္ကသိုလ်ဝင်တန်း(B)မှ စလင်းကျော်မျိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁၄/ကကန(နိုင်) ၀၄၂၄၄၄ ဖြစ်ပါသည်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 9H/5822 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း
ကျွန်တော်ဦးတင်ရွှေ ၁၂/လမတ(နိုင်)၀၂၇၈၀၂ (ဘ) ဦးဟိန်ယူး အမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်ဈေး သစ်ဈေးရုံ(မြေညီ)၊ဆိုင်အမှတ်(၇၆) ၏ ဈေးဆိုင်ခန်း မှတ်ပုံတင်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်းလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဦးတင်ရွှေ
ဖုန်း-၀၉-၅၁၀၂၆၀၆
အမှတ်-၉၆(ပထပ်)၊ ၁၆ လမ်း၊
(၇)ရပ်ကွက်၊ လမ်းမတော်

# ဆီးဂိမ်းပြိုင်ပွဲပြင်ဆင်နေသည့် မြန်မာအမျိုးသမီးအသင်း ခြေစမ်းပွဲ၌ ဂိုးပြတ်နိုင်

**ရန်ကုန် ဩဂုတ် ၅**

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယနေ့ ညနေပိုင်းက အားကစားနှင့်ကာယပညာဦးစီးဌာန အသင်းနှင့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ကိုးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။




မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းအတွက် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် မန္တလေးနှင့် နေပြည်တော်၌ လာရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများကစားနေခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂျပန်လေ့ကျင့်ရေးခရီးစဉ်၌ ခြေစွမ်းမြင့်မားသည့်အသင်းများနှင့် ကစားခဲ့သောကြောင့် အပြီးသတ်ပြင်ဆင်ရာ၌ ပြည်တွင်းအသင်းများနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် အမျိုးသမီးလိဂ်ပြိုင်ပွဲယှဉ်ပြိုင်နေသည့် အသင်းဖြစ်သော်လည်း လူမစုံသောကြောင့် ခြေစွမ်းပြနိုင်ခြင်းမရှိခဲ့ပေ။

မြန်မာအမျိုးသမီးအသင်းသည် ပွဲအစ၌ အသင်းခေါင်းဆောင် ခင်မာလာထွန်း၊ သန်းသန်းထွေး၊ ရီရီဦး၊ ခင်မိုးဝေ၊ ဝင်းသိင်္ဂီထွန်း စသည့် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ၂၊ ၄၊ ၃၅ မိနစ်တို့တွင် ခင်မိုးဝေ၊ ၁၁၊ ၂၂၊ ၄၄ မိနစ်တို့တွင် နော်အားလိုဝါးဖော၊ ၃၉ မိနစ်တွင် ခင်မာလာထွန်းတို့က သွင်းယူခဲ့ပြီး ၃၆ မိနစ်၌ ချေပဂိုးတစ်ဂိုးပြန်ပေးခဲ့ရသည်။ ဒုတိယပိုင်း၌ မြန်မာအမျိုးသမီးအသင်းက ကစားသမား ၁၁ ဦးစလုံး လူစားလဲခဲ့ပြီး နှစ်ဂိုးသာထပ်သွင်းနိုင်ကာ မိနစ် ၅၀ တွင် ဝင်းသိင်္ဂီထွန်း၊ ၇၇ မိနစ်တွင် ဂျူလိုင်ကျော်တို့က သွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဩဂုတ် ၂ ရက်က ကစားခဲ့သည့် ခြေစမ်းပွဲတွင် အကယ်ဒမီ ယူ-၁၄ အမျိုးသားအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့ပြီး ဩဂုတ် ၁၀ ရက်တွင် ခြေစမ်းပွဲတစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**
**ဓာတ်ပုံ-စိုးညွန့်**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၅**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတက္ကသိုလ်အားကစားခန်းမ၌ ဩဂုတ် ၄ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက်က ပွဲဦးထွက်ပွဲစဉ်အဖြစ် ကွင်း(၁)၌ ပခုက္ကူတက္ကသိုလ်အသင်းနှင့် မုံရွာစီးပွားရေးတက္ကသိုလ်အသင်းတို့၏ သုံးယောက်တွဲ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲကို ဩဂုတ် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၅**

၂၀၁၇ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ ကျင်းပသည့် မိုးရာသီ ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံအမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၅ ရက်က ခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်း ရပ်ကွက်ကြီး (၁) မှ(၂၁) အထိ စုစုပေါင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၆ ရက်မှ စတင်ကျင်းပခဲ့ကြောင်း သိရသည်။ ဗိုလ်လုပွဲကို ရပ်ကွက်ကြီး (၁)အသင်းနှင့် ရပ်ကွက်ကြီး (၈) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရပ်ကွက်ကြီး(၁)အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့်ပွဲအဖြစ် ကွန်မြူနတီဒိုင်းကို ယနေ့ည ၇ နာရီခွဲတွင် လန်ဒန်ရှိ ဝင်ဘလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။ အဆိုပါ ကွန်မြူနတီဒိုင်းပွဲစဉ်သည် ပရီမီယာလိဂ်ချန်ပီယံရရှိခဲ့သည့်အသင်းနှင့် အက်ဖ်အေဖလားရရှိခဲ့သည့်အသင်းတို့ ယှဉ်ပြိုင်ကြရပြီး နာမည်ကြီးကစားသမားများဝယ်ယူအားဖြည့်ထားမှုကြောင့် ကြည့်ကောင်းမည့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်သည်။ ယခုနွေရာသီခြေစမ်းပွဲများကိုကြည့်လျှင် အာဆင်နယ်အသင်းက ငါးပွဲကစားထားရာ နှစ်ပွဲရှုံးနိမ့်ထားသည်။ ချယ်လ်ဆီးအသင်းက ငါးပွဲကစားထားရာတွင် သုံးပွဲအထိ ရှုံးနိမ့်ထားသည်။ ကွန်မြူနတီဒိုင်းလုပွဲနှင့်ပတ်သက်ပြီး နည်းပြ အာစင်ဝင်းဂါးက "ကျွန်တော်တို့အတွက် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်က စွမ်းဆောင်မှုမျိုးကို ပြန်လည်ပြသဖို့အတွက် ကောင်းမွန်တဲ့အခွင့်အရေးတစ်ခုသာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းက ကော်စတာနေရာမှာ မိုရာတာနဲ့ အစားထိုးထားတယ်။ မိုရာတာက ကော်စတာထက် ဂိုးသွင်းတာနည်းကောင်း နည်းပါလိမ့်မယ်။ ဒါပေမယ့် ဂိုးသွင်းနိုင်တဲ့အပြင် ဂိုးရရှိအောင်လည်း ပံ့ပိုးပေးနိုင်ပါတယ်"ဟု ဆိုသည်။ ကွန်တီက ဆိုရာတွင် "ကျွန်တော်တို့အတွက် တကယ်ကိုကောင်းမွန်တဲ့ရာသီဖြစ်ခဲ့သော်လည်း အက်ဖ်အေဖလားမှာ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့တာကတော့ မနှစ်မြို့စရာဖြစ်ခဲ့ပါတယ်။ အာဆင်နယ်အသင်းက အင်အားတောင့်တင်းတဲ့အသင်းဆိုတာ ကျွန်တော်တို့သိပါတယ်။ ခက်ခဲတဲ့ပြိုင်ပွဲတစ်ခုဖြစ်မယ်လို့ မျှော်လင့်ထားပေမယ့် ရာသီအစကို အနိုင်နဲ့စတင်ချင်ပါတယ်။ ပြီးတော့ အဲ့ဒါဟာ ရာသီအစရဲ့ ပထမဆုံးဆုဖလားလည်းဖြစ်တယ်။ သေချာတာကတော့ အရေးကြီးတဲ့ပြိုင်ပွဲဆိုတာပါပဲ"ဟု ဆိုသည်။
- ဘာရာဇီးနှင့် မန်စီးတီးကွင်းလယ်ကစားသမား ဖာနန်ဒိုသည် တူရကီကလပ် ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ၎င်း၏ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။ အသက် (၃၀ နှစ်) အရွယ် ဖာနန်ဒိုသည် ၎င်း၏ ပရော်ဖက်ရှင်နယ်ဘောလုံးသမားဘဝကို မွေးရပ်မြေရှိ ဗီလာနိုဗာအသင်းတွင် စတင်ကစားခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပေါ်တိုအသင်းမှ မန်စီးတီးအသင်းသို့ ပေါင် ၁၂ သန်းဖြင့် ရောက်ရှိလာခဲ့သည်။ ၎င်းသည် မန်စီးတီးအသင်းအတွက် ၁၀၁ ပွဲကစားထားပြီး ၂၀၁၆ အီးအက်ဖ်အယ်လ်ဖလားဗိုလ်လုပွဲတွင် လီဗာပူးအသင်းကို အနိုင်ရရှိအောင် ကူညီပေးထားနိုင်ခဲ့သည်။ နည်းပြဂွာဒီယိုလာက ဗဟိုခံစစ်ကစားသမားသုံးဦးအတွက် ပေါင်သန်း ၁၂၀ အထိ အသုံးပြုထားပြီး စုစုပေါင်း ပေါင်သန်း ၂၀၀ အသုံးပြုထားသော်လည်း ဗဟို ခံစစ်ကစားသမားတစ်ဦးကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။
- အင်္ဂလန်နှင့် လီဗာပူးကွင်းလယ်ကစားသမား အဒမ်လာလာနာသည် ပေါင်ခြံဒဏ်ရာရရှိပြီးနောက် ကာလရှည်အနားယူရနိုင်ကြောင်း လီဗာပူးနည်းပြ ဂျာဂျင်ကလော့ပ်က အတည်ပြုလိုက်သည်။ အဆိုပါဒဏ်ရာသည် ဗုဒ္ဓဟူးနေ့တွင် ကစားခဲ့သော အော်ဒီဖလားဗိုလ်လုပွဲစဉ်၌ အက်သလက်တီကိုမက်ဒရစ်ကို ရှုံးနိမ့်ခဲ့သောပွဲတွင် ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းသည် ရာသီအစ ပွဲစဉ်များအပြင် သောကြာနေ့တွင်ကစားမည့် ဟော်ဖန်ဟိန်းနှင့် ချန်ပီယံလိဂ် ရှုံးထွက်ပွဲစဉ်ကိုပါ လွဲချော်နိုင်ကြောင်း သိရသည်။ **ဇော်ဇော်**

---

**မိခင် အမည်မှန်**

မော်လမြိုင်မြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ထွန်းညွန့် နှင့် သတ္တမတန်း(ခ)မှ စောခွန်နောင်တို့၏ မိခင်အမည်မှန်မှာ နော်ခီလာ ၃/မဝတ(နိုင်)၀၄၃၀၃၀ ဖြစ်ပါကြောင်း။

**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့၊ ဇဝရတ်ကိုယ်ပိုင်အထက်တန်းသင်ကျောင်း နဝမတန်းမှ မဖြိုးမြတ်ပိုင်နှင့် ရွှေတောင် အထက၊ စတုတ္ထတန်းမှ မခိုင်စုကြွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၇/ရတန(နိုင်)၀၀၁၆၉၁ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထွန်း**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ အထက(မုတ္တမ) တက္ကသိုလ်ဝင်တန်းမှ မဟန်သီစိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်စိုး ၁၀/ပမန(နိုင်)၀၈၇၉၁၉ ဖြစ်ပါသည်။ **ဦးကျော်ကျော်စိုး**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ အထက(ခွဲ) (မင်းတန်း)၊ သတ္တမတန်း(B)မှ မောင် အောင်ရဲမွန်၏ ဖခင်အမည်မှန်မှာ မင်းချမ်းမွန် ၁၀/ပမန(နိုင်)၀၉၉၄၄၅ ဖြစ်ပါသည်။ **မင်းချမ်းမွန်**

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့၊ အထက၊ အဋ္ဌမတန်းမှ မလင်းပြည့်ပြည့်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဦး ၅/ကဘလ(နိုင်)၀၉၁၄၉၅ ဖြစ်ပါသည်။ **ဦးဇော်ဇော်ဦး**

**ဖခင်အမည်မှန်**

မန္တလေးမြို့၊ အထက(၃၃)၊ နဝမတန်း(C)မှ မနိုနို ၉/အမဇ(နိုင်)၀၆၃၁၉၈ ၏ ဖခင်အမည်မှန်မှာ ဦးချိုတီး ဖြစ်ပါကြောင်း။ **ဦးချိုတီး**

## အများသိစေရန်ကြေညာချက်

**ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အောက်တကဲကျေးရွာ၊ ကြေးတိုင်ပြင် ကွင်းအမှတ်(O.SS)၊ မြေဧရိယာ(၁၂၀)ဧကနှင့် ပတ်သက်၍ ဦးအေးမြင့်(ဘ)ဦးဘိုးသိုင်း ၁၂/သကတ(နိုင်)၀၉၈၉၀၁၊ အမှတ်၁၃၉၂၊ ထူပါရုံ ၁၁ လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ အပါအဝင် အပေါင်းအပါများနှင့် အများသိစေရန်။**

(၁) အထက်ပါကြေးတိုင်ပြင်ကွင်း(O.SS)၊ သနပ်ပင်မြို့နယ်(အောက်တကဲဧရိယာ-၂၅ဒသမ ၀၅ ဧကနှင့် ကျူချောင်းဧရိယာ ၉၅ဒသမ ၀၅ဧက) အား ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း) အမည်ပေါက်ဖြင့် "ရေအောက်ရတနာမြေ" စပါး၊ ငါးရှာဖွေဖော်ထုတ်ရေးအဖွဲ့ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက(၂၇-၅-၁၉၉၆) ရက်စွဲပါစာအမှတ်၊ စပါး၊ ငါး စီမံ/၀၀၉/၀၄/ ၉၆ဖြင့် တရားဝင်လုပ်ပိုင်ခွင့်ပြုသော အမိန့်စာဖြင့် ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)သို့ လုပ်ပိုင်ခွင့်ပြုပေးခဲ့ပါသည်။

(၂) ၎င်းနောက် "တိုးတက်ရေး" စပါး၊ ငါး၊ ပုစွန်မွေးမြူရေးအဖွဲ့ကို ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)က ဥက္ကဋ္ဌ အဖြစ် ဦးဆောင်၍အဖွဲ့ဝင်(၈)ဦးပါအဖွဲ့အား ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)၏ စီမံခန့်ခွဲမှုအောက်တွင် ဖွဲ့စည်းခဲ့ပါသည်။ အသင်း၏မတည်ရင်းနှီးငွေများကိုလည်း ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)တစ်ဦးတည်းကစိုက်ထုတ်၍ စီမံဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နေစဉ်(၁၁-၁၀-၂၀၀၀)ရက်တွင် ဦးအေးမြင့် (ဘ) ဦးဘိုးသိုင်း ၁၂/သကတ(နိုင်)၀၉၈၉၀၁၊ အမှတ်၁၃၉၂၊ ထူပါရုံ ၁၁လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ(တိုးတက်ရေးအဖွဲ့(ဖျက်သိမ်းပြီး) ယခင်အတွင်းရေးမှူးဟောင်း)သည် ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)ကိုယ်ပိုင်ငွေများဖြင့်ဝယ်ယူထားသောလုပ်ငန်းသုံး ယန္တရားများနှင့်အခြားလုပ်ငန်းသုံး ပစ္စည်းများအလွဲသုံးစားလုပ်ခြင်း၊ လုပ်အားခများ အလွဲသုံးစားလုပ်ခြင်း၊ အလုပ်ရှင်အပေါ်သစ္စာမဲ့မှုကြောင့် ၎င်းအားလုပ်ငန်းမှထုတ်ပယ်ပြီး တိုးတက်ရေးအဖွဲ့ကိုလည်း(၁၁- ၁၀-၂၀၀၀)ရက်နေ့ တိုးတက်ရေးအဖွဲ့အစည်းအဝေးမှတ်တမ်းအမှတ်စဉ်(၄/၂၀၀၀)အရ တရားဝင်ဖျက်သိမ်းပြီး၍ သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများကိုလည်း သတင်းပေးပို့ပြီး ဖြစ်ပါသည်။

(၃) ထို့နောက် အဆိုပါ(O.SS)၊ ကြေးတိုင်ပြင်ကွင်း မြေဧရိယာ (၁၂၀) ဧကပေါ်တွင် ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)က တစ်ဦးတည်းပိုင်ရှင်အဖြစ် မိမိငွေကြေးများစိုက်ထုတ်၍ နိုင်ငံတော်မှ ချမှတ်ထားသော စည်းကမ်းဥပဒေများနှင့်အညီ လုပ်ငန်းလုပ်ကိုင်လာခဲ့သည်မှာ ယနေ့အထိပင်ဖြစ်ပါသည်။

(၄) သို့ပါ၍ အထက်ပါ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကြေးတိုင်ပြင်ကွင်း (O.SS)၊ မြေဧရိယာ(၁၂၀)ဧကနှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲသော်လည်းကောင်း၊ (သို့မဟုတ်)ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)၏ တရားဝင်ဆက်ခံ၍ လက်ရှိလုပ်ကိုင်လျက်ရှိသူ ဒေါ်ကုဋ္ဌေနန်းမြင့် ၁၂/ရကန(နိုင်)၀၆၃၅၁၀၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲသော်လည်းကောင်းလုပ်ငန်းဝင်ရောက်လုပ်ကိုင်ခြင်း၊ ၎င်းမြေနှင့် ပတ်သက်၍ အဖွဲ့အစည်းတစ်စုံတစ်ရာ ဖွဲ့စည်းထူထောင်ခြင်း၊ လုပ်ငန်းလွှဲပြောင်းရောင်းချပေါင်နှံပေးကမ်းခြင်း၊ အာမခံပစ္စည်းအဖြစ်တင်သွင်းခြင်း၊ လုပ်ငန်းအား နှောင့်ယှက်မှုများ မပြုလုပ်ကြရန် ပြင်းထန်စွာ သတိပေးတားမြစ်လိုက်သည်။

(၆) တားမြစ်ချက်အား ဆန့်ကျင်၍ ဆောင်ရွက်ပါက ပြဋ္ဌာန်းထားသော တရားဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ကို ဦးအေးမြင့်(ဘ)ဦးဘိုးသိုင်း အပါအဝင် အပေါင်းအပါများနှင့်တကွ အများသိစေရန်ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ကုဋ္ဌေနန်းမြင့်**
**၁၂/ရကန(နိုင်)၀၆၃၅၁၀**
**ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)၏**
**တရားဝင်ဆက်ခံသူ**

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးသိန်းထွန်း**
**အထက်တန်းရှေ့နေ၊ စဉ်(၆၉၅၃)**
**အမှတ် ၇၇၅၊ ကေတုမတီလမ်း**
**(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၅၁၈၀၇၆၇**

ပြည်တွင်း/ပြည်ပ – အလုပ်အကိုင်ရှာနေသူများ အတွက်
အလွယ်တကူ အလုပ်အကိုင်ရရှိစေပြီး လစာကောင်းစေဖို့...
ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း
(နေ့စရိတ်/စားစရိတ်/သွားစရိတ်)-ဖြင့် စာတွေ့/လက်တွေ့ကျွမ်းကျင်မှု
အချိန်ပြည့် တစ်လ ➔ ရက် (၃၀) သင်တန်း၊ အလယ်တန်းအောင်အထက် (ကျား/မ)
အခြေခံအင်ဂျင်နီယာသင်တန်း (B.E.C)
(လျှပ်စစ်၊စက်တပ်ဆင်၊ပိုက်ဆက်၊ဂဟေဆက်၊အဲယားကွန်း-(၅) မျိုးပါဝင်သည်။
(5)weeks ➔ တနင်္လာ မှ စနေနေ့ထိ (အချိန်ပြည့်) အလယ်တန်းအောင်အထက် (ကျား)
ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်များရရှိထားသော
သုခစုစံ အသက်မွေးပညာသင်တန်းကျောင်း
ပန်းဆိုးတန်းမှတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)။
Ph : (01)377343, 377344, www.tkss.com.mm, Fb-TKSS99

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ(၉)၊ (ခ/၂/၂၅၁)မေတ္တာလမ်းတွင် နေထိုင်သူ မနန်းစိုးစိုးလွင် ၁၃/လရန(နိုင်)၀၀၀၆၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မနန်းစိုးစိုးလွင်သည် ဖခင် ဦးစောလွင်နှင့် မိခင်ဒေါ်ခမ်းလူတို့မှ မွေးဖွားသောသမီး(၃)ဦးအနက် အငယ်ဆုံးသမီးတစ်ဦးဖြစ်ပြီး အစ်မများမှာ မနန်းကလျာလွင်နှင့် မနန်းဇာဇာလွင်တို့ ဖြစ်ကြပါသည်။ မနန်းစိုးစိုးလွင်၏မိခင်၊ ဖခင်တို့မှာ လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ(၉)ရှိ အကွက်အမှတ်(၃၆)၊ စာရေးကုန်းရပ်၊ ဦးပိုင်အမှတ်(၂၂/ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၀၁ ဧကပေါ်ရှိမြေအနက်မှ မနန်းစိုးစိုးလွင်၊ မနန်းကလျာလွင်နှင့် မနန်းဇာဇာလွင်တို့(၃) ဦးအား ၂၀၁၄ခုနှစ်တွင် တစ်ဦးလျှင် မြေချိန်ဧရိယာ ၀ဒသမ၀၂၀ဧကစီ အညီအမျှ ခွဲခြမ်းစိတ်ဖြာ၍ ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး အပြီးအပိုင်ခွဲဝေပေးခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့ မနန်းစိုးစိုးလွင်တို့ ညီအစ်မ(၃)ဦးအား မိခင်၊ဖခင်တို့မှအညီအမျှ အပြီးအပိုင်ပေးကမ်းခွဲဝေပြီးဖြစ်၍ ကျန်ရှိသော အစိတ်အပိုင်းဖြစ်သည့် အိမ်နှင့်မြေကို မိခင်ဒေါ်ခမ်းလူ၏ အမည်ဖြင့်သာ ဦးပိုင်ခွဲစိတ်ခြင်း၊ ဂရန်အမည်ဖောက်ခြင်းစသည်တို့ ပြုလုပ်ရမည် ဖြစ်ပါသည်။ယခုအခါကျန်ရှိသောအိမ်နှင့်မြေကို အစ်မဖြစ်သူ မနန်းကလျာလွင်မှာ မိခင်ဒေါ်ခမ်းလူနှင့် ပူးတွဲ၍ ဦးပိုင်ခွဲစိတ်မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားမှုအပေါ် မနန်းစိုးစိုးလွင်မှ(၂၄-၇-၂၀၁၇)ရက်စွဲဖြင့် သက်ဆိုင်ရာရုံးများသို့ ကန့်ကွက်စာတင်သွင်းထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လားရှိုးမြို့၊ ရပ်ကွက်(၂)၊နယ်မြေ(၉)ရှိ အကွက်အမှတ်(၃၆)၊စာရေးကုန်းရပ်၊ ဦးပိုင်အမှတ်(၂၂/ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၀၁ဧကပေါ်ရှိ ကျန်ရှိသော အိမ်နှင့်မြေကို မိခင် ဒေါ်ခမ်းလူ အမည်ဖြင့်သာ ဦးပိုင်ခွဲစိတ်မြေငှားဂရန် ထုတ်ပေးသည့်ကိစ္စကို သဘောတူလက်ခံပြီး အစ်မဖြစ်သူ မနန်းကလျာလွင်မှ မိခင်ဒေါ်ခမ်းလူနှင့် ပူးတွဲ၍ အဆိုပါအိမ်နှင့်မြေအား ဦးပိုင်ခွဲစိတ်မြေငှားဂရန် ထုတ်ယူမည့်အပေါ် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟကျော်**
**LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၄၀)**
**အမှတ်(၃၈/၃၉)၊ မဆရ(၁၀) တိုက်တန်း၊ မန္တလေးလမ်း၊ ရပ်ကွက်(၁)၊လားရှိုးမြို့၊ ဖုန်း-၀၉-၅၂၃၂၀၆၁**

# လူမှုမီဒီယာကို အသုံးချပြီး အကြမ်းဖက်မှုများကို တန်ပြန်တိုက်ဖျက်သွားရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သဘောတူ

**မနီလာ ဩဂုတ် ၅**

ဒေသတွင်း၌ အကြမ်းဖက်အစွန်းရောက်ဝါဒပျံ့နှံ့လာမှုအပေါ် တန်ပြန်တိုက်ဖျက်မှုလုပ်ဆောင်ရန် လူမှုမီဒီယာကို အသုံးပြုဖို့ အာဆီယံနိုင်ငံများက သဘောတူလက်ခံလိမ့်မည်ဆိုသည့်အချက်ကို ဖိလစ်ပိုင် နိုင်ငံ မြို့တော်မနီလာတောင်ဘက်ရှိ ပါဆေးမြို့၌ ကျင်းပနေသည့် အကြိမ် (၅၀) မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တင်သွင်းရန် ကြိုတင်ပြင်ဆင်ထားသည့် ကြေညာချက်မူကြမ်းအရ သိရသည်။

အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဆွေးနွေးဖက် ၁၇နိုင်ငံမှ ခေါင်းဆောင်များသည် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုကိုဖြေရှင်းရန်အတွက် ဒေသတွင်းအကောင်းဆုံး နည်းလမ်းတစ်ခုဖန်တီးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

မကြာသေးမီက ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်ခဲ့သောအကြမ်းဖက်မှုများကို ပြင်းထန်စွာရှုတ်ချကြောင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ပြောကြားခဲ့သည်။ ထို့အပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက လူမှုမီဒီယာကို အပြည့်အဝအသုံးချပြီး အွန်လိုင်းတွင် ပျံ့နှံ့နေသည့် အကြမ်းဖက်မှုဝါဒများကို တန်ပြန်တိုက်ခိုက်သွားမည် ဖြစ်ကြောင်း ပြောခဲ့သည်။



ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာတောင်ဘက်ရှိ ပါဆေးမြို့၌ကျင်းပနေသော အကြိမ် (၅၀) မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ဩဂုတ် ၅ ရက်က စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

ဂျပန်၊ မလေးရှားနှင့် စင်ကာပူတို့၏ ဦးဆောင်မှုဖြင့် ပြုလုပ်မည့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် နည်းပညာကို မြှင့်တင်ရန်နည်းလမ်းကောင်းတစ်ခုဖန်တီးနိုင်ရေးကိုလည်း အာဆီယံဒေသတွင်း စည်းဝေးပွဲတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံအစည်းအဝေး လက်ခံကျင်းပသည့် ဖိလစ်ပိုင်နိုင်ငံသည် ဤကိစ္စတွင် အခရာကျသလို အကျိုးသက်ရောက်မှုလည်း အများဆုံးရှိမည်ဖြစ်ကြောင်း သိရသည်။ အစ္စလာမ္မစ်စစ်သွေးကြွခေါ် အိုင်အက်စ်တို့၏ အတွေးအခေါ်အယူအဆများသည် ဖိလစ်ပိုင်တောင်ပိုင်းတွင် အမြစ်တွယ်လျက်ရှိကြောင်း၊ ဖိလစ်ပိုင်တောင်ပိုင်းရှိ စစ်သွေးကြွအဖွဲ့သည် လူမှုမီဒီယာများကို အသုံးပြု၍ လူသစ်စုဆောင်းခြင်းပြုလုပ်လျက်ရှိကြောင်း၊ လူသစ်စုဆောင်းခြင်းတွင် အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံသားများပါဝင်လာကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောသည်။

ဖိလစ်ပိုင်တပ်ဖွဲ့များက ဖိလစ်ပိုင်တောင်ပိုင်း မွတ်စလင်အများစုနေထိုင်ရာ မြို့တော်မာရဝီ၏အစိတ်အပိုင်းအတော်များများကို ထိန်းချုပ်ထားသော အိုင်အက်စ်စစ်သွေးကြွများကို လွန်ခဲ့သော နှစ်လကျော်ကာလကတည်းက ယခုအချိန်ထိ ဆက်လက်တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။ တိုက်ပွဲများပြင်းထန်မှုကြောင့် လူ ၇၀၀နီးပါးသေဆုံးခဲ့ပြီး ၄၀၀၀၀၀ ကျော်ပြောင်းရွှေ့မှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

မာရဝီတွင်ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုများမှအစပြုကာ အခြားမြို့များကိုလည်း တိုက်ခိုက်နိုင်သည်ဟု ဖိလစ်ပိုင်အာဏာပိုင်များက ယုံကြည်ထားကြောင်းသိရသည်။

အိုင်အက်စ်အစွန်းရောက်များက လူမှုစာမျက်နှာများဖြစ်သော တွစ်တာ၊ ဖေ့ဘုတ်ခ်နှင့် တယ်လီဂရမ်တို့ကို အသုံးပြုလျက် အကြမ်းဖက်မှုဆိုင်ရာ ရုပ်သံဖိုင်များကို ထုတ်လွှင့်လျက်ရှိကြောင်း၊ အဆိုပါ နည်းလမ်းများအတိုင်း တန်ပြန်တိုက်ခိုက်မှုများပြုလုပ်သွားရန် နိုင်ငံခြားရေးဝန်ကြီးများက ဆုံးဖြတ်ထားကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနအဆင့်မြင့်အရာရှိတစ်ဦးက ပြောခဲ့သည်။

**(ရိုက်တာ)**

# ရဝမ်ဒါ သမ္မတရွေးကောက်ပွဲတွင် လက်ရှိခေါင်းဆောင် အပြတ်အသတ် အနိုင်ရ



**ကီခါလီ ဩဂုတ် ၅**

ရဝမ်ဒါသမ္မတရွေးကောက်ပွဲတွင် လက်ရှိခေါင်းဆောင် ပေါလ်ခါကာမီသည် အပြတ်အသတ် အနိုင်ရရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဩဂုတ် ၅ ရက်က ဖော်ပြခဲ့သည်။ ပေါလ်ခါကာမီသည် ယခုဆိုလျှင် တတိယသက်တမ်းအတွက် တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်ပြီး ၎င်း၏တာဝန်ထမ်းသက်သည် စုစုပေါင်း ၁၇နှစ်ကြာမြင့်ပြီဖြစ်ကြောင်း သိရသည်။

တွတ်ဆီလူမျိုး ၈၀၀၀၀၀နှင့် ဟူတူစ်လူမျိုးအနည်းငယ် အသတ်ခံရသည့် ၁၉၉၄ ခုနှစ် မျိုးတုံးသတ်ဖြတ်မှုပြီးကတည်းက အာဖရိကအလယ်ပိုင်း နိုင်ငံကို စီးပွားရေးနာလန်ထအောင်နှင့် ငြိမ်းချမ်းစွာထိန်းကျောင်းနိုင်မှုတို့ကြောင့် ပေါလ်ခါကာမီသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ထောက်ခံမှုကို ရရှိခဲ့သူဖြစ်သည်။

သို့သော်လည်း ပေါလ်ခါကာမီသည် လူ့အခွင့်အရေးကို အလွဲသုံးသည်ဟုဆိုကာ ပြစ်တင်ဝေဖန်သူများနှင့် အမှန်တရားဘက်တော်သားများ၏ပြစ်တင်ဝေဖန်မှုကို ရင်ဆိုင်နေရကြောင်း သိရသည်။ ဩဂုတ် ၄ ရက် ရွေးကောက်ပွဲမှ မဲ ၈၀ ရာခိုင်နှုန်းကို ရေတွက်ရာတွင် အသက် ၅၉နှစ်အရွယ်ရှိ ယခင်ပြောက်ကျားခေါင်းဆောင်သည် ထောက်ခံမဲ ၉၈ ဒသမ ၆၆ရာခိုင်နှုန်း ရရှိခဲ့ကြောင်း အမျိုးသားရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ချားလ်မြူညနီဇာက သတင်းစာရှင်းလင်းပွဲတွင်ပြောခဲ့သည်။

၁၀၀ ရာခိုင်နှုန်းရရှိမည်ဟု ထင်ထားကြောင်း၊ သို့သော်လည်း ရလဒ်မှာပြောင်းလဲသွားခြင်းမရှိကြောင်း အမျိုးသားရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။

မဲအပြည့်အဝရေတွက်ပြီးစီးမှုရလဒ်ကို ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီတွင် ထုတ်ပြန်ခဲ့သည်။ ၎င်း၏ပြိုင်ဘက်ဖြစ်သူ ဖရန့်ဇ်ဟာဘီနီဇာသည် မဲဆန္ဒရှင် ၁၂သန်းလောက်တွင် ထောက်ခံမဲ ၀ ဒသမ ၄၅ ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း သိရသည်။ အနိုင်ရရှိခဲ့သည့် ခါဂါမီက ၎င်းသည် နိုင်ငံအတွက် စီးပွားရေးအဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဟု ပြောခဲ့သည်။ **(ရိုက်တာ)**

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း နိုရူ ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းဝင်မည်

**တိုကျို ဩဂုတ် ၅**

ဩဂုတ် ၆ ရက်တွင် လေရော၊ မိုးပါအားကောင်းပါးကောင်းတိုက်ခတ်မည့် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း နိုရူသည် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ရာသီ၏ငါးကြိမ်မြောက်ဖြစ်သော အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီတွင် ယာကူရှိမာကျွန်း၏ တောင်မှအနောက်တောင်တည့်တည့် ကီလိုမီတာ ၅၀အကွာတွင်ရှိပြီး ယင်းမှတစ်ဆင့် မြောက်မှ အနောက်မြောက်တည့်တည့်သို့ တဖြည်းဖြည်းရွေ့လျားလာကြောင်း ဂျပန်မိုးဇလအေဂျင်စီက ဖော်ပြထားသည်။

မုန်တိုင်း၏ဗဟိုချက်မတွင် လေဖိအား ၉၆၅ ဟက်တိုပါစကယ်နှုန်းရှိပြီး အလယ်ဗဟိုချက်နှင့်အနီးတွင် လေတိုက်နှုန်းမှာ ၃၅မီတာပါစက္ကန့် နှုန်းမှ ၅၀မီတာပါစက္ကန့်နှုန်းအထိတိုက်ခတ်နိုင်ကြောင်း သိရသည်။ မုန်တိုင်းအရှိန်ကြောင့် ကျူရှူကျွန်းတောင်ဘက်ကာဂိုရှီမာစီရင်စု အမာမီကျွန်းများတွင် မိုးသက်လေပြင်းများကျရောက်နေပြီး တစ်နာရီအတွင်း မိုးရေချိန်လက်မ ၁၃၀ အထိရရှိကြောင်းသိရသည်။

မုန်တိုင်းကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားနိုင်သဖြင့် အဆိုပါစီရင်စုရှိ အိမ်ထောင်စုပေါင်း ၅၀၀၀မှ လူဦးရေ ၉၀၀၀ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့မှုပြုရန် သတိပေးထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တရုတ်ဖွံ့ဖြိုးရေးဘဏ်အကြီးတန်းအရာရှိတစ်ဦးကို လာဘ်စားမှုဖြင့် ထောင်ဒဏ်နှင့် ငွေဒဏ်များချမှတ်

**ရှန်ဟိုင်း ဩဂုတ် ၅**

တရုတ်ဖွံ့ဖြိုးရေးဘဏ်ဘုတ်အဖွဲ့ဝင် ခေါင်းဆောင်ဟောင်း တစ်ဦးကို လာဘ်စားမှုဖြင့် ထောင်ဒဏ် ၁၄ နှစ် ချမှတ်လိုက်သလို ငွေဒဏ်ယွမ် ၃ ဒသမ ၅ သန်းရိုက်လိုက်ကြောင်း တရုတ်လာဘ်စားမှုတိုက်ဖျက်ရေးစောင့်ကြည့်အဖွဲ့က ဩဂုတ် ၅ ရက်တွင် ပြောခဲ့သည်။

ယောင်ကျောင်မင်းသည် လွန်ခဲ့သော ၂၀၀၂နှင့် ၂၀၀၃ခုနှစ်များတွင် သူ့အစ်ကိုမှတစ်ဆင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ယွမ် ၃၆ ဒသမ ၂ သန်း ရယူခဲ့ကြောင်း စည်းကမ်းစောင့်ကြည့်ထိန်းသိမ်းရေး ဗဟိုကော်မရှင်က ၎င်း၏ ဝက်ဆိုက်ကြေညာချက်တွင် ဖော်ပြခဲ့သည်။



၎င်းသည် ချေးငွေကိစ္စနှင့် အခြားကန်ထရိုက်အလုပ်များကို ကူညီမှုဖြင့် ပိုက်ဆံများကို လက်ခံရယူခဲ့ကြောင်း အဆိုပါဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ယောင်သည် အပြစ်ကိုဝန်ခံခဲ့သဖြင့် တရားရုံးက လျှော့ပေါ့ကာ အမိန့်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း စည်းကမ်းစောင့်ကြည့်ထိန်းသိမ်းရေးဗဟိုကော်မရှင်က ပြောခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် စစ်ဘက်ဆိုင်ရာမှ ဘဏ္ဍာရေးအထိကဏ္ဍပေါင်းစုံရည်ရွယ်ကာ အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေး လှုပ်ရှားမှုကို ကျယ်ပြန့်စွာလုပ်ဆောင်လျက်ရှိသည်။

**(ရိုက်တာ)**

# အလုပ်ဆိုင်ရာ အယူအဆများနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ရုန်းကန်နေရတဲ့ဂျပန်

**တင်လင်းအောင်**



**အသစ်အသစ်သော စီးပွားရေးကြီးထွားဖွံ့ဖြိုးမှုတွေကို အာသာပြင်းပြင်းရှာဖွေနေတဲ့ ဂျပန်နိုင်ငံဟာ အလုပ်ချိန်ကြာမြင့်စွာ လုပ်ကိုင်လာရတဲ့ကိစ္စ၊ အချိန်ပိုလုပ်ကိုင်ရတဲ့ ကိစ္စတွေနဲ့သာမက ပြောင်းလဲလာတဲ့ အလုပ်ယဉ်ကျေးမှုပုံစံတွေဟာ ဂျပန်လုပ်သားထုတစ်ရပ်လုံးနဲ့ မူဝါဒရေးရာ ကျွမ်းကျင်သူတွေကြား ဗျာများစေခဲ့ပါပြီ။**

လွန်ခဲ့သောနှစ်က တိုကျိုမြို့ရှိ နာမည်ကြီးအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုဖြစ်တဲ့ ဒန့် (တ်) ဆုရဲ့လုပ်သားသစ်စုဆောင်းရာမှာ ပါဝင်လာတဲ့ မိန်းမပျိုလေးဟာဆိုရင် သူ့ကိုယ်သူ သတ်သေခဲ့ပါတယ်။ သူမရဲ့သေဆုံးမှုဟာ အလုပ်ချိန်ကြာမြင့်စွာ လုပ်ကိုင်ရမှုနဲ့ သက်ဆိုင်နေပါတယ်။ သူသေဆုံးပြီးနောက်မှာ ဂျပန်လူမျိုးများကြား လုပ်ငန်းအလေ့အကျင့်နဲ့ပတ်သက်ပြီးတော့ ငြင်းခုံမှုတွေ စတင်ဖြစ်လာခဲ့ပါတယ်။

အလုပ်သမားတွေဟာ အလုပ်မှာ အချိန်ကြာမြင့်စွာ လုပ်ကိုင်ကြရပါတယ်။ သူတို့ဟာ သူတို့အလုပ်ရှင်မပြန်ခင် ဘယ်တော့မှ အလုပ်မှအိမ်ကို စောမပြန်ရဲကြပါဘူး။

ဂျပန်ကုမ္ပဏီ ငါးပုံတစ်ပုံလောက်ကို လေ့လာထားတဲ့ အစိုးရစစ်တမ်းတစ်ခုအရ တချို့အလုပ်သမားတွေဟာ တစ်လကို နာရီ ၈၀ ထက်မနည်း အလုပ်လုပ်ကိုင်ကြရတာကို သိရပါတယ်။ အဲဒီလိုလုပ်ကိုင်ခြင်းဟာ ကျန်းမာရေးနဲ့မညီတဲ့အပြင် ပိုလို့တောင် ဆိုးနေပါသေးတယ်။

ဒန့် (တ်) ဆုမှာအလုပ်လုပ်နေတဲ့ မက်တ်ဆူရီ တာကာဟာရှီဆိုရင် ကိုးလဆက်တိုက် တစ်လကို အချိန်ပို နာရီ ၁၀၀ ထက်မနည်းလုပ်ကိုင်နေရပါတယ်လို့ သူ့ရဲ့မိသားစုက ဆိုပါတယ်။

**စိုးရိမ်မှုတွေမြင့်တက်**

ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ခြင်းဟာ ဂျပန်နိုင်ငံမှာ အမျိုးသားရေးဆိုင်ရာ အလုပ်တစ်ခုဖြစ်လို့လာပါပြီ။ ကမ္ဘာ့နိုင်ငံများကလည်း ဂျပန်နိုင်ငံရဲ့အလုပ်အလေ့အထနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေမြင့်တက်လာပါပြီ။

မကြာသေးမီကမှ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကျင်းပခဲ့တဲ့ စာတမ်းဖတ်ပွဲတစ်ခုမှာ နိုင်ငံရဲ့ အလုပ်ယဉ်ကျေးမှုပုံစံနဲ့ပတ်သက်ပြီး ပြောင်းလဲဖို့လို၊ မလိုဆိုတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့သေးကြောင်း သိရပါတယ်။

**ထုတ်လုပ်မှုစွမ်းအားကောင်းဖို့ အလုပ်ချိန်နဲ့ဆိုင်သလား**

အလုပ်နဲ့ပတ်သက်ပြီး တကယ်လို့ပြုပြင်မှုတွေလုပ်မယ်ဆိုရင်လည်း ထုတ်လုပ်မှုစွမ်းအား ပိုမိုကောင်းလာအောင် လုပ်ဖို့လိုကြောင်း၊ ထုတ်လုပ်မှုစွမ်းအား ကောင်းဖို့ဆိုတာ အလုပ်ချိန်တိုတောင်းမှု သို့မဟုတ် ကြာမြင့်မှုနဲ့လားလားမှ မဆိုင်ကြောင်း သိရပါတယ်။

ဂျပန်နိုင်ငံကို အလုပ်နဲ့ပတ်သက်ပြီး လေ့လာမှုပြုမယ်ဆိုရင် ဂျပန်နိုင်ငံဟာ အလုပ်ကို ပိုမိုထိရောက်အောင်လုပ်ဖို့လိုပါတယ်။ ရုံးလုပ်ငန်းတွေမှာ အချိန်ကြာမြင့်စွာလုပ်ခြင်းဟာ ရည်မှန်းရာပန်းတိုင်ကို ရောက်ဖို့လားလားမှ မသက်ဆိုင်သလိုဖြစ်နေပါတယ်။

**ဂျပန်နိုင်ငံမှာ ဒုတိယကမ္ဘာစစ်ပြီးကတည်းက အလုပ်ချိန်ကြာမြင့်စွာလုပ်ခြင်းဟာ အလေ့အကျင့်လိုဖြစ်လို့ လာခဲ့ပါတယ်။ ဘာလို့လဲဆိုရင် စစ်ပြီးခေတ်ဆိုတော့ နိုင်ငံတည်ဆောက်ရေးနဲ့ အဘက်ဘက်က ယိုယွင်းနေတဲ့ကဏ္ဍတွေကို ပြန်လည်တည်ဆောက်နေလို့ပဲ ဖြစ်ပါတယ်**

သို့သော်လည်းပဲ ဂျပန်နိုင်ငံရဲ့ အသင်းအဖွဲ့ယဉ်ကျေးမှုဟာ အားကောင်းလွန်းတာကြောင့် အများနဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်ကိုပဲ ချမှတ်လေ့ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်အများစုကို အချိန်ယူပြီး အစုအဖွဲ့နဲ့ ဆုံးဖြတ်လေ့လည်းရှိပါတယ်။

ဂျပန်နိုင်ငံမှာရှိတဲ့ ဝန်ထမ်းအများစုဟာ အလုပ်ကြောင့် သူတို့ရဲ့ရိုးရာ ပွဲလမ်းသဘင်တွေကိုလည်း မဆင်နွှဲလိုက်ရမှာကြောက်ကြပါတယ်။

**အလုပ်ချိန်နည်းနည်းနဲ့ ထုတ်လုပ်မှုစွမ်းအားကောင်းဖို့**

ဆွေးနွေးပွဲကိုတက်ရောက်လာတဲ့ လျှပ်စစ်ကုမ္ပဏီမှ အလုပ်အမှုဆောင်လူကြီးတစ်ဦးက သူ့ကုမ္ပဏီမှာ အလုပ်သမားတွေဟာ သွားရင်းလာရင်း အချိန် နှစ်နာရီထက်မနည်း ကုန်ဆုံးသွားတာကိုသိပြီးတဲ့နောက်မှာ အခုဆိုရင် တယ်လီဖုန်း၊ ကွန်ပျူတာတို့နဲ့ အိမ်ကနေပြီး ရုံးဌာနနဲ့ အခြားပုဂ္ဂိုလ်များထံ ဆက်သွယ်ကာ အိုးမကွာအိမ်မကွာ အလုပ်လုပ်တဲ့စနစ်ကို ကျင့်သုံးနေပြီလို့ ပြောပါတယ်။

အခြားကုမ္ပဏီတစ်ခုတွင် တည်ထောင်သူတစ်ဦးက ဘာပြောသလဲဆိုရင် သူ့ကုမ္ပဏီမှာ အခုဆိုရင် အစည်းအဝေးတွေသိပ်မလုပ်တော့ဘူးလို့ပြောပါတယ်။ ဘာလို့လဲဆိုရင် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာတွေ့ဆုံမှုတွေက တစ်ခါတလေမှာ သိပ်မလိုဘူးလို့ ထင်သလို အစည်းအဝေးတွေက အချိန်တွေကုန်သွားတတ်ပြီး အလုပ်ချိန်တွေနည်းသွားလို့ပဲဖြစ်ပါတယ်လို့ပြောပါတယ်။

နောက်တစ်ဦးကတော့ အကယ်၍ အစည်းအဝေးလုပ်တယ်ဆိုရင်လည်း ထိုင်ခုံတွေဖယ်ထုတ်ထားပြီး ဆွေးနွေးဖို့လိုကြောင်း၊ ဒါမှသာ အစည်းဝေးခန်းထဲမှာ အချိန်တွေအများကြီးကုန်ဆုံးတော့မှာမဟုတ်ကြောင်း ပြောပါတယ်။ ပြီးတော့လည်း ဆွေးနွေးချင်တဲ့အကြောင်းအရာကိုလည်း လျင်လျင်မြန်မြန်နဲ့ လိုတိုရှင်း ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချဖို့လိုကြောင်း ပြောပါတယ်။

နောက်တစ်ခုကတော့ ဂျပန်နိုင်ငံရဲ့ အကြီးမားဆုံးအီးကောမာ့စ်ကုမ္ပဏီဖြစ်တဲ့ ရာကူတန်ပဲဖြစ်ပါတယ်။ ဘုတ်အဖွဲ့ အစည်းအဝေးတွေကို အင်္ဂလိပ်လိုပဲလုပ်ပြီး တစ်နာရီတောင် မကြာဘူးလို့သိရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ပြောချင်တာက ကျွန်တော်တို့ မြန်မာနိုင်ငံက ဆွေးနွေးပွဲတွေအကြောင်းပဲ ဖြစ်ပါတယ်။ ဆွေးနွေးပွဲတွေမှာ အချိန်နှစ်နာရီ၊ သုံးနာရီသာကြာသွားတယ်။ ဘာဆုံးဖြတ်ချက်မှ မချနိုင်သလို တိကျတဲ့ အနာဂတ်မျှော်မှန်းချက်တွေကိုလည်း လိုတိုရှင်းနဲ့ မြန်မြန်ဆန်ဆန် မဆွေးနွေးနိုင်သေးတာကို တွေ့ရပါတယ်။

ထုတ်လုပ်မှုစွမ်းအားကောင်းဖို့ဆိုရင် ဒီအချက်တွေကို အရင်ဆုံးကျော်ဖြတ်ရမယ်လို့ ထင်မြင်မိပါတယ်။ တိုကျိုအစိုးရက အလုပ်ချိန်နည်းနည်းနဲ့ ထုတ်လုပ်မှု စွမ်းအားကောင်းဖို့၊ ဝန်ထမ်းတွေကို ရုံးဆင်းချိန်စောဖို့ အားပေးဆောင်ရွက်မှုတွေ ပြုလုပ်နေကြောင်း သိရပါတယ်။

ဂျပန်နိုင်ငံဟာ အခုဆိုရင်ကုန်ပဒေသာဆိုင်တွေ၊ ဈေးဝယ်စင်တာတွေနဲ့ စူပါမားကတ်တွေမှာရှိတဲ့ ဓာတ်လှေကားတွေမှာ အစောင့်ထားတဲ့စနစ်ကိုလည်း စွန့်လွှတ်လိုက်သလို လူထူထပ်တဲ့ လမ်းတွေမှာ လူသားဆိုင်းဘုတ်လိုဟာမျိုးတွေ ထားရှိခြင်းကိုလည်း မကျင့်သုံးတော့ပါဘူး။

**ခေတ်နှစ်ခေတ်ကြား အလုပ်ဆိုင်ရာ အယူအဆကွာဟမှု**

ဂျပန်နိုင်ငံမှာ ဒုတိယကမ္ဘာစစ်ပြီးကတည်းက အလုပ်ချိန်ကြာမြင့်စွာလုပ်ခြင်းဟာ အလေ့အကျင့်လိုဖြစ်လို့ လာခဲ့ပါတယ်။ ဘာလို့လဲဆိုရင် စစ်ပြီးခေတ်ဆိုတော့ နိုင်ငံတည်ဆောက်ရေးနဲ့ အဘက်ဘက်က ယိုယွင်းနေတဲ့ကဏ္ဍတွေကို ပြန်လည်တည်ဆောက်နေလို့ပဲ ဖြစ်ပါတယ်။


သို့သော်လည်း ယနေ့ခေတ်မှာတော့ အဲဒီလိုမဟုတ်တော့ပါဘူး။ ထုတ်လုပ်နိုင်စွမ်းဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အကောင်းဆုံးအချက်လို့ ခံယူထားပါတယ်။ ဒါပေမယ့် ထုတ်လုပ်စွမ်းအားဟာ အလုပ်ချိန်ကြာမြင့်လာမှုနဲ့တော့ သိပ်တော့မသက်ဆိုင်ပါဘူး။ အလုပ်ချိန် အကြာကြီးလုပ်သော်လည်း ထုတ်လုပ်မှုစွမ်းအားကောင်းလာမယ်လို့တော့ မပြောနိုင်ပါဘူး။ ကျဆင်းကောင်း ကျဆင်းလာနိုင်တာကိုတွေ့ရမှာဖြစ်ပါတယ်။ ထုတ်လုပ်မှုစွမ်းအားမကောင်းရင် ဂျပန်ဟာ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလည်းရှိမှာမဟုတ်သလို လူနေမှုအဆင့်အတန်းလည်း နိမ့်ကျလာမှာ မလွဲပါဘူး။


## တိုယိုတာနှင့်မာဇဒါကားကုမ္ပဏီတို့ အမေရိကန်ကားစက်ရုံတွင် ဒေါ်လာ ၁ ဒသမ ၆ဘီလီယံဖိုးရင်းနှီးမြှုပ်နှံမည်


**တိုကျို ဩဂုတ် ၅** - ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီနှစ်ခုဖြစ်သည့် တိုယိုတာနှင့် မာဇဒါကားကုမ္ပဏီတို့သည် လျှပ်စစ်ကားနည်းပညာအဆင့်မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် အမေရိကန်ကားထုတ်လုပ်ရေးစက်ရုံ၌ ကန်ဒေါ်လာ ၁ ဒသမ ၆ဘီလီယံတန်ဖိုးခန့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်ဟု သောကြာနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။


လာမည့် ၂၀၂၁ ခုနှစ်တွင် စတင်လည်ပတ်ဆောင်ရွက်မည့် အဆိုပါစက်ရုံသည် တစ်နှစ်လျှင် မော်တော်ယာဉ် ၃၀၀၀၀၀ ထုတ်လုပ်သွားနိုင်ရန်လုပ်ဆောင်သွားမည်ဖြစ်ပြီး ကားထုတ်လုပ်ရေးကုမ္ပဏီနှစ်ခုက ထုတ်လုပ်ရေးကိုနှစ်ပိုင်းခွဲလျက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့အပြင် ကားထုတ်လုပ်ရေးအတွက်လူ ၄၀၀၀ ခန့်ကို အလုပ်ခန့်အပ်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီများက ပြောကြားခဲ့ကြောင်း သိရသည်။


**(ရိုက်တာ)**













# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

၈၄။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏လျှောက်ထားချက်အရ အသေးစားတီထွင်မှုမူပိုင်ခွင့်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက အဆိုပါ အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းခြင်းပြုနိုင်သည် -

(က) ပုဒ်မ ၇၈ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် အသေးစားတီထွင်မှုမူပိုင်ခွင့်အားရခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသောသက်သေခံအထောက်အထား ပေါ်ပေါက်ခြင်း။

၈၅။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မူလလျှောက်ထားချက်လျှောက်ထားသည့်နေ့ရက်ကို လျှောက်လွှာတင်သွင်းသည့် နေ့ရက်အဖြစ်မှတ်ယူပြီး အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မူလလျှောက်ထားသည့်နေ့ရက်ကို လျှောက်လွှာတင်သွင်းသည့် နေ့ရက်အဖြစ်မှတ်ယူပြီး တီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို တစ်ကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

၈၆။ လျှောက်ထားသူသည် တူညီသော တီထွင်မှုတစ်ခုအတွက် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တို့ကို တစ်ပြိုင်နက်တည်းဖြစ်စေ၊ တစ်ခုပြီးမှတစ်ခုဖြစ်စေ အပြိုင်လျှောက်ထားခြင်းမပြုရ။

## အခန်း(၁၉)
## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၈၇။ အပြည်ပြည်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ တီထွင်မှု မူပိုင်ခွင့်လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၈၈။ ဦးစီးဌာနသည် နိုင်ငံတော်အား ဖော်ပြလျှောက်ထားသော အပြည်ပြည်ဆိုင်ရာလျှောက်ထားချက်တစ်ခုကို တီထွင်မှုမူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ခွင့်ပြုသောအပြည်ပြည်ဆိုင်ရာ လျှောက်ထားသည့် နေ့ရက်အား နိုင်ငံတော်တွင် လျှောက်ထားသည့်နေ့ရက်အဖြစ် သတ်မှတ်ပြီး ဤဥပဒေအရ လျှောက်ထားသော တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တစ်ခုအဖြစ် မှတ်ယူရမည်။

၈၉။ ဦးစီးဌာနသည် မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် နေထိုင်သူတစ်ဦးက အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခု တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ လျှောက်လွှာလက်ခံသည့် ရုံးအဖြစ် ဆောင်ရွက်ရမည်။

၉၀။ ဦးစီးဌာနသည် ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု အကာအကွယ်ကိုရရှိရန် နိုင်ငံတော်ကို ဖော်ပြလျှောက်ထားလာသော အပြည်ပြည်ဆိုင်ရာလျှောက်ထားချက်တစ်ခုနှင့် စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်ထားသည့်ရုံးအဖြစ် ဆောင်ရွက်ရမည်။

## အခန်း(၂၀)
## အယူခံခြင်း

၉၁။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၉၂။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် တရားရုံးသို့ အယူခံလျှောက်ထားနိုင်သည်။

## အခန်း(၂၁)
## တရားရုံးတည်ထောင်ခြင်း

၉၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန်သင့်လျော်သော နယ်မြေဒေသတွင် တရားရုံးများကို တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ(က) အရ တရားရုံးများကို တည်ထောင်ခြင်းမပြုမီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အပ်နှင်းသည့် တရားရုံးအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများအား စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်အပေါ် အယူခံမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း (၂၂)
## တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍တရားရုံး၏လုပ်ပိုင်ခွင့်များ

၉၄။ (က) နစ်နာသူ မည်သူမဆို ပုဒ်မ (၉၅) နှင့် ပုဒ်မ (၉၆) တို့ပါ ပြဋ္ဌာန်းချက်များအရ ယာယီအရေးယူဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) နစ်နာသူမည်သူမဆို တရားမကြောင်းအရ အရေးယူဆောင်ရွက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

၉၅။ (က) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပုဒ်မ (၉၄) ပုဒ်မခွဲ(က) အရ လျှောက်ထားလာပါက အောက်ပါယာယီအရေးယူဆောင်ရွက်သည့်အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ရှင်းလင်းပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ်တားဆီးရန်အတွက် သင့်သည်ထင်မြင်သည့်အမိန့်၊

(၂) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်အတွက် သင့်သည်ထင်မြင်သည့်အမိန့်၊

(ခ) တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ပေးရန် လျှောက်ထားသူထံမှ အောက်ပါတို့ကို တောင်းဆိုနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ခိုင်လုံသေချာစေရန်အလို့ငှာ သင့်လျော်လုံလောက်သည့် မည်သည့်သက်သေခံအထောက်အထားများကိုမဆို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း၊

(ဂ) တရားရုံးက ထုတ်ပြန်ထားသော အမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် တရားရုံးသည် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှု အပေါ် အမှုကိုအပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရတရားစွဲဆိုခြင်းကို တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ရက်ပေါင်း ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့်အချိန်ကာလထက် မပိုသော အချိန်အတွင်း တရားစွဲဆိုမှုကို စတင်ဆောင်ရွက်ခဲ့ခြင်း မရှိလျှင် ပုဒ်မ ၉၆ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၉၆ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူ ဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင် ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက်များကြောင့်ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်မျှတသော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၉၆။ (က) တရားရုံးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် တစ်ဖက်သတ်ယာယီ အရေးယူ ဆောင်ရွက်သည့် အမိန့်များကိုချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ်ကျရောက်မည်ဟု စိုးရိမ်ဖွယ်ရာရှိခြင်း။

(ခ) တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်ရာတွင်-

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) တရားရုံးက သတ်မှတ်သည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက်အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့် ကာလအတွင်း ဆောင်ရွက်ရမည်။

၉၇။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) အကောက်ခွန်ရှင်းလင်းပြီး တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ထားသည့် တင်သွင်းလာသော ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှု လမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ်တားဆီးခြင်းအပါအဝင် တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန်အတွက် သင့်သည် ထင်မြင်သည့်အမိန့်၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သော နစ်နာကြေးပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူက ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်စလုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန်အမိန့်။

၉၈။ (က) တရားရုံးသည် အခွင့်အရေးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ်ဆုံးဖြတ်ချက်အမိန့် ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းချမှတ်နိုင်သည်-

(၁) ထိပါးချိုးဖောက်ကြောင်း တွေ့ရှိသည့် ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန်တားမြစ်စေခြင်းနှင့်

(၂) ထပ်မံထိပါးချိုးဖောက်မှုကို လျော့နည်းစေရေးအတွက် လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်ခြင်းမရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသောပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် အပြီးအပြတ် ဖယ်ရှားခြင်း။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ မိမိဆင်ခြင်တုံ တရားကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) တားမြစ်မိန့်ချမှတ်ခြင်းကြောင့်ရရှိမည့် အကျိုးသက်ရောက်မှု၊

(၂) ဖျက်ဆီးမှုဆောင်ရွက်ခြင်းဖြင့် ထိပါးချိုးဖောက်မှုအတိုင်းအတာနှင့် အချိုးကျကိုက်ညီမှု၊

(၃) ဖျက်ဆီးပုံ၊ ဖျက်ဆီးနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့်၊

(၄) အခြားပုဂ္ဂိုလ်များ၏ တရားဝင်အကျိုးစီးပွားထိခိုက်မှု။

၉၉။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန် တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား လျှောက်ထားသူက လျော်ကြေးပေးဆောင်ရမည့်အပြင် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၁၀၀။ (က) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို ထိပါးချိုးဖောက် ခြင်းနှင့် စပ်လျဉ်း၍ တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် တီထွင်မှုမူပိုင်ခွင့်ပါ အကြောင်းအရာသည် ထုတ်ကုန်ပစ္စည်းတစ်ခုကိုရရှိနိုင်သည့် ထုတ်လုပ်မှုနည်းစဉ် တစ်ရပ်ဖြစ်ပါက ထပ်တူညီသော ထုတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာ၌ အသုံးပြုသော ထုတ်လုပ်မှုနည်းစဉ်သည် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်နှင့် ကွဲပြားခြားနားကြောင်း သက်သေပြရန် တရားပြိုင်အား အမိန့်ချမှတ်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

မြန် မာ့ ရိုး ရာ အား က စား

# ရိုးရာလက်ဝှေ့နှင့်အပြိုင် မွေထိုင်း မြန်မာနိုင်ငံ၌ ကျင်းပနိုင်ရေးကြိုးပမ်းလာ

**သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**

**ယနေ့ အားကစားလောကတွင် ကမ္ဘာ့နိုင်ငံများသို့ ခေတ်နှင့်အပြိုင် ထိုးဖောက် ဝင်ရောက်နေသော အားကစားနည်းများထဲတွင် လက်ဝှေ့ (စိတ်ဝင်စားမှုမြင့်မား) သည်လည်း အားကစားချစ်သူများအကြား တစ်စတစ်စစိမ့်ဝင်ထိုးဖောက်လျက်ရှိသည်။ နိုင်ငံတစ်ခုချင်းစီ၏ ယဉ်ကျေးမှုအရ၊ အမျိုးသားရေးတစ်ရပ်အဖြစ် အသွင်သဏ္ဌာန်ဆောင်ကာ K One ၊ MMA၊ မွေထိုင်း၊ ဘောက်စင်စသည်ဖြင့် အကာအကွယ်ပါ၊ အကာအကွယ်မဲ့နည်းစနစ်မျိုးစုံဖြင့် ထိုးဖောက်နေကြသည်။ ယင်းအထဲတွင် ရှေးယခင်ခေတ်များကတည်းက မြန်မာ့ရိုးရာလက်ဝှေ့နှင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သော အိမ်နီးချင်းထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့အားကစားသည်လည်း နိုင်ငံတကာသို့ ထိုးဖောက်လာလျက်ရှိသည်မှာ ယနေ့ကမ္ဘာ့နိုင်ငံများအကြားတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်လျက်ရှိနေပြီဖြစ်သည်။ အလားတူ မိမိတို့ မြန်မာ့ရိုးရာလက်ဝှေ့သည်လည်း ယခင်ပြည်တွင်းပွဲ အနည်းငယ်သာရှိခဲ့ရာမှ ပြည်တွင်း/ပြည်ပပွဲများ ယခင်ထက်ပိုမိုများပြားလာပြီး ယခုဆိုလျှင် ကမ္ဘာ့စီးပွားရေးနိုင်ငံကြီးဖြစ်သော ဂျပန်နိုင်ငံ၌ပင် ယခုနှစ်အတွင်း နှစ်လတစ်ကြိမ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။**



မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်

မြန်မာ့ရိုးရာလက်ဝှေ့ကို ယခုကဲ့သို့ပြည်တွင်းသာမက ပြည်ပနိုင်ငံကြီးများကပါ စိတ်ဝင်စားမှုရှိနေချိန်တွင် အိမ်နီးချင်းထိုင်းနိုင်ငံမှမွေထိုင်းသည် နှစ်စဉ်ကမ္ဘာ့နိုင်ငံများ၌ လှည့်လည် ကျင်းပလျက်ရှိနေသည်မှာအချိန်ကာလတစ်ခုပင်ကြာမြင့်နေပြီဖြစ်သည်။ အမျိုးသားရေးတစ်ရပ်အသွင်အဖြစ် ကမ္ဘာ့နိုင်ငံများသို့ထိုးဖောက်ကာ ဝင်ရောက်နေသည့်နည်းတူ တစ်ဖက်တွင်လည်း စီးပွားရေးအမြတ်အစွန်းကို ရှေးရှုလာသည်များရှိသည်။

ယင်းသို့ဖြင့်များမကြာမီရက်ပိုင်းက မြန်မာ့ရိုးရာလက်ဝှေ့နှင့်အပြိုင် ကမ္ဘာ့နိုင်ငံများသို့ထိုးဖောက်နေသော ထိုင်းနိုင်ငံအခြေစိုက် မွေထိုင်းပြိုင်ပွဲကို မြန်မာနိုင်ငံ၌ ကျင်းပရန် ကမ်းလှမ်းလာသည်ကို ကြားသိခဲ့ရသည်။ ရက်၊ လ၊ အချိန်နှင့်ဘယ်နေရာတွင် ကျင်းပမည်ဆိုသောသတင်းက ပြည်သူများကြားပျံ့နှံ့သွားကာ အံ့သြမှုအသွင်ဆောင်သွားကြသည်။ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် ဘယ်လိုတုံ့ပြန်မည်ဆိုသည်ကို မြန်မာ့ရိုးရာလက်ဝှေ့ချစ် ပြည်သူများကြား ဝေဖန်သံများက ကာလတိုတစ်ခုအတွင်း ပျံ့နှံ့သွားသည်။

"ကျွန်တော်တို့ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကိုတော့ ထိုင်းဖိုက်ကျင်းပဖို့ တရားဝင်တင်ထားတာမရှိပါဘူး။ တကယ်တော့ လက်ဝှေ့နဲ့ပတ်သက်လို့ ပြိုင်ပွဲတွေ လုပ်ချင်တယ်ဆိုရင် ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကို တင်ပြီးတော့ ဒီကထောက်ခံချက်နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို တင်ရတာပါ။ ဝန်ကြီးဌာနက သေချာစိစစ်ပြီးမှ ပြိုင်ပွဲကျင်းပဖို့ ခွင့်ပြုပေးတာပါ။ အခုကျွန်တော်တို့ဆီမှာ လက်ခံကျင်းပနေတဲ့ MMA ဆိုရင်လည်း ဒီလိုပုံစံမျိုးနဲ့လာတာဖြစ်ပါတယ်။ ထိုင်းနိုင်ငံက မွေထိုင်းကစားသမားတွေ ရိုးရာလက်ဝှေ့လာကစားတာရှိသလို မြန်မာ့ရိုးရာလက်ဝှေ့သမားတွေလည်း မွေထိုင်းပြိုင်ပွဲတွေမှာ သွားရောက်ယှဉ်ပြိုင် ထိုးသတ်တာရှိတယ်။ သူတို့မွေထိုင်းကတော့ ပုံစံအမျိုးမျိုးနဲ့ခွဲထွက်တာပေါ့။ ကျွန်တော်တို့ ရိုးရာလက်ဝှေ့ကျတော့ ရိုးရာ လက်ဝှေ့အမွေအနှစ်အဖြစ် ဆက်ပြီးလျှောက်လှမ်းနေတာဖြစ်တော့ သိပ်ပြီးပြောင်းလဲတာမရှိသေးပါဘူး။ အခုဆိုရင် ရိုးရာလက်ဝှေ့က ပြည်တွင်းရော ပြည်ပမှာပါ အထိုက်အလျောက်ပြန့်ပွားအောင်မြင်နေပါပြီ။ ရိုးရာလက်ဝှေ့ကို ပြန့်ပွားအောင် လုပ်နေတဲ့အခုလိုအချိန်မှာအပြိုင်ဖြစ်တဲ့ထိုင်းဖိုက်ပြိုင်ပွဲကိုတော့ ဒီမှာအိမ်ရှင်အဖြစ် လက်ခံပေးဖို့အစီအစဉ်လုံးဝမရှိပါဘူး။ ထောက်ခံပြီး အထက်ကို တင်ပေးဖို့လည်း လုပ်ဆောင်မှာမဟုတ်ပါဘူး"ဟု မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

မြန်မာနိုင်ငံတွင် လာရောက်ကျင်းပမည်ဟု အသံထွက်လာသောထိုင်းဖိုက်ပြိုင်ပွဲသည် ထိုင်းနိုင်ငံမွေထိုင်းမှ ခွဲထွက်လာသော ပြိုင်ပွဲဖြစ်ပြီး အဆိုပါပြိုင်ပွဲများကို ၂၀၁၃ ခုနှစ်မှစတင်ကာ နိုင်ငံပေါင်း ၂၀ ကျော်မှ နာမည်ကြီးလက်ဝှေ့ဖိုက်တာများကို ခေါ်ယူကာ ပြိုင်ပွဲတစ်ရပ်အသွင်စတင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတွင် စူပါ မွေထိုင်း၊ မက်စ်မွေထိုင်း စသည်ဖြင့် လက်ဝှေ့ပြိုင်ပွဲများ အမျိုးမျိုးရှိရာမှ ထိုင်းဖိုက်ပြိုင်ပွဲသည်ဆုကြေးအမြင့်ဆုံးဖြစ်သော လက်ဝှေ့ပြိုင်ပွဲကြီးဖြစ်သည်။ နိုင်ငံတကာသို့ လှည့်လည်ကာ အင်္ဂလန်ထိုင်းဖိုက်၊ ဗီယက်နမ်ထိုင်းဖိုက်၊ ရှောင်လင်ထိုင်းဖိုက်စသည်ဖြင့်လက်ခံကျင်းပပေးသော နိုင်ငံပေါ်မူတည်၍ အမည်နာမပေးကာ ကမ္ဘာ့နိုင်ငံများကို ထိုးဖောက်ဝင်ရောက်နေသော လက်ဝှေ့ပြိုင်ပွဲတစ်ခုလည်း ဖြစ်သည်။

အဆိုပါထိုင်းဖိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်မခံနိုင်သည့်အကြောင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က "ကျွန်တော်တို့ဆီမှာ လက်ဝှေ့ပြိုင်ပွဲတွေနဲ့ပတ်သက်ပြီး နှစ်စဉ်ပြည်တွင်းရော၊ ပြည်ပကပါလာလုပ်တဲ့ MMA ပွဲတွေကအစ Promoter တွေကမှတ်ပုံတင်ပြီးတော့ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်နေရာမှာဘယ်လိုပုံစံမျိုးနဲ့ ကျင်းပတာကအစ အဖွဲ့ချုပ်က စုစည်းပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနကို တစ်နှစ်စာတင်ရပါတယ်။ အဲဒီကခွင့်ပြုချက်ရမှ တစ်ပွဲချင်းစီရဲ့လုံခြုံရေးကအစ စာချုပ်စာတမ်းနဲ့ ထပ်မံတင်ရတယ်။ ကျလာရင်ကျင်းပမယ့်သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရထံ ပြန်ခွင့်တောင်းရတယ်။ အခုလိုသူတို့ ပြောသလိုကြားဖြတ်ဝင်လာပြီးလုပ်လို့ မရဘူး။ ပြီးတော့တစ်ခုရှိတာက အမျိုးသားရေးယဉ်ကျေးမှုအမွေအနှစ်အရ ဒီမြန်မာနိုင်ငံမှာကတော့ သူတို့ထိုင်းဖိုက်ကို ခွင့်ပြုပေးစရာ အကြောင်းမရှိပါဘူး။ သူတို့လည်း ကျွန်တော်တို့မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ထိုင်းမှာ သွားလုပ်မယ်ဆိုရင် လုပ်ခွင့်ပြုမှာမဟုတ်ဘူး"ဟု မြန်မာ့အလင်းသို့ ထပ်မံရှင်းပြသည်။

များမကြာမီနှစ်အနည်းငယ်အတွင်း ပေါ်ထွက်လာသောအဆိုပါ ထိုင်းဖိုက်လက်ဝှေ့ပြိုင်ပွဲသည် ယခုနှစ်အတွင်း မြန်မာနိုင်ငံအပါအဝင် ရှစ်နိုင်ငံ၌လှည့်လည်ကျင်းပသွားရန်စီစဉ်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် လတ်တလောငြင်းဆန်ထားသည်။ အဆိုပါထိုင်းဖိုက်ပြိုင်ပွဲသည်အမှတ်ပေးစနစ်ပြိုင်ပွဲဖြစ်ပြီး ကာ့ချုပ်ဆိုသည့်မြန်မာ့ရိုးရာလက်ဝှေ့ဆန်ဆန် ဗလာလက်သီးကို အသုံးပြုလာသော ပြိုင်ပွဲလည်းဖြစ်သည်။ ထိုင်းဘုရင့်သမီးကိုယ်တိုင်က အားပေးထောက်ပံ့ထားပြီး ပြိုင်ပွဲမစမီအားကစားသမားများက ထိုင်းဘုရင်ကိုဂါရဝပြုပြီး ကြိုးဝိုင်းစင်ပေါ်သို့တက်ရောက်ကာ မွေထိုင်းအားကစားနည်း လက်ဝှေ့ရေးပြသရသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ထိုင်းဖိုက်ပွဲများသည် ပြည်သူများစိတ်ဝင်စားမှု ကျဆင်းလာသော မွေထိုင်းနေရာတွင် အစားထိုးဝင်ရောက်လာခြင်းဖြစ်သည်။

"ထိုင်းဖိုက်နဲ့ပတ်သက်လို့ပြောရရင် ၂၀၁၃ ခုနှစ် ထိုင်းမှာ စတင်ကျင်းပကတည်းက သူတို့မြန်မာနိုင်ငံကို လာရောက်ကျင်းပချင်တယ်ဆိုတဲ့အကြောင်း ပူးပေါင်းပေးဖို့ ကျွန်တော့်ကိုကမ်းလှမ်းတာတွေရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ သူတို့ရဲ့ ရည်ရွယ်ချက်ကိုသိနေတဲ့အတွက် မဖြစ်နိုင်ဘူး။ ဒီမှာလည်း နိုင်ငံတကာပြန့်ပွားဖို့အတွက် ကြိုးစားနေတဲ့ ရိုးရာလက်ဝှေ့ရှိတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံကလည်း ခွင့်ပြုမှာမဟုတ်သလို ကျွန်တော်ကလည်း ပြည်တွင်းရိုးရာလက်ဝှေ့ Promoter တစ်ဦးအနေနဲ့ ပူးပေါင်းပါဝင်ဖို့ မဖြစ်နိုင်ဘူးလို့ ငြင်းခဲ့ပါတယ်။ ကျွန်တော်နဲ့ညှိမရလို့ နောက်ပြည်တွင်း Promoter တစ်ဦးကိုလည်း ကမ်းလှမ်းခဲ့တယ်။ ဒါလည်း အဆင်မပြေခဲ့ဘူး။ ခုဟာကတော့ အောက်ခြေမှာအဆင်မပြေလို့အပေါ်ကို တိုက်ရိုက်ကမ်းလှမ်းတာဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါလည်းအဆင်ပြေမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားအမွေတစ်ရပ်ဖြစ်တဲ့ ရိုးရာလက်ဝှေ့ကလည်း နိုင်ငံတကာကို ထိုးဖောက်ဖို့ကြိုးစားနေတဲ့ အချိန်အခါ ဖြစ်တာကြောင့်ပါ"ဟု ပြည်တွင်းပြည်ပ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို စီစဉ်ကျင်းပလျက်ရှိသော ဦးစိုင်းဇော်ဇော်က ပြောသည်။

ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့သည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပါ အထိုက်အလျောက် ထိုးဖောက်အောင်မြင်နေသော အချိန်ဖြစ်သည်။ ရိုးရာလက်ဝှေ့ကလပ်အနေဖြင့်လည်း ယခင်က ကလပ်ပေါင်း ၂၀ ကျော်မှ ယခုအခါကလပ်ပေါင်း ၅၀ ကျော်သည်အထိ တိုးပွားများပြားလာခဲ့သည်။ ပြည်တွင်း၌ ကျင်းပသော ရိုးရာလက်ဝှေ့ပြိုင်ပွဲများသည်လည်း ယခင်ကထက် နှစ်စဉ်နှစ်ဆနီးပါး များပြားလာပြီး ပြည်ပနိုင်ငံများသို့ အောင်မြင်စွာသွားရောက် ကျင်းပနိုင်သည်အထိ အောင်မြင်မှုလမ်းကြောင်းမှန်ပေါ်သို့ရောက်ရှိနေသော မြန်မာ့ရိုးရာလက်ဝှေ့နှင့်အပြိုင် မွေထိုင်းပြိုင်ပွဲများ မြန်မာနိုင်ငံ၌ ကျင်းပနိုင်ရေး ကြိုးပမ်းလာမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်စောင့်ရှောက်ရတော့မည်ဖြစ်ပါကြောင်း။ ။



ဂျပန်နိုင်ငံမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ရှမ်းကိုနှင့်အိုကူဒါတို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်

**ရိုးရာလက်ဝှေ့က ပြည်တွင်းရော ပြည်ပမှာပါ အထိုက်အလျောက် ပြန့်ပွားအောင်မြင်နေပါပြီ။ ရိုးရာလက်ဝှေ့ကို ပြန့်ပွားအောင်လုပ်နေတဲ့ အခုလိုအချိန်မှာ အပြိုင်ဖြစ်တဲ့ ထိုင်းဖိုက်ပြိုင်ပွဲကိုတော့ ဒီမှာ အိမ်ရှင်အဖြစ် လက်ခံပေးဖို့ အစီအစဉ်လုံးဝမရှိပါဘူး။ ထောက်ခံပြီး အထက်ကို တင်ပေးဖို့လည်း လုပ်ဆောင်မှာမဟုတ်ပါဘူး**

## အင်းတော်ကြီးအင်းအနောက်ဘက်ကမ်းတွင် ဂျာမနီနိုင်ငံအထောက်အပံ့ဖြင့် သဘာဝဝန်းကျင် ပညာပေးပြတိုက်တည်ဆောက်

**မိုးညှင်း ဩဂုတ် ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လုံးတုံကျေးရွာအုပ်စု လုံးတုံကျေးရွာအနီး အင်းတော်ကြီးအင်းအနောက်ဘက်ကမ်းတွင် ဂျာမနီနိုင်ငံ Spree World Biosphere Reserve အထောက်အပံ့ အကူအညီဖြင့် အင်းတော်ကြီးကန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် ပညာပေးပြတိုက် Museum ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံကို ၂၀၁၇ ခုနှစ် ဧပြီလတွင် စတင်ဆောက်လုပ်ခဲ့ပြီး အလျား ၃၆ ပေ၊ အနံ ၂၇ ပေရှိသော မီဒီယာခန်းမဆောင်ကိုလည်းကောင်း၊ အလျား ၄၅ ပေ၊ အနံ ၃၆ ပေရှိသော Museum ပညာပေးပြတိုက်ဆောင်ကိုလည်းကောင်း ဆောက်လုပ်လျက်ရှိသည်။

"ဒီအဆောက်အအုံကို ဆောက်လုပ်ရခြင်းရဲ့အဓိကရည်ရွယ်ချက်ကတော့ တောရိုင်းတိရစ္ဆာန်တွေ ရေတိမ်ဒေသရဲ့ ဂေဟစနစ်အော်ဂဲနက် စိုက်ပျိုးရေး ပညာပေးဖို့အတွက် ပြခန်းအဆောက်အအုံတွေကိုဆောက်လုပ်ထားတာပါ။ တည်ဆောက်ပြီးစီးပါက သစ်တောဦးစီးဌာန အင်းတော်ကြီးဘေးမဲ့တောဌာနကို ပြန်လည်လွှဲပြောင်းပေးအပ်မှာပါ။ ဖွင့်ပွဲကို နိုဝင်ဘာလထဲမှာ ပြုလုပ်ဖို့ မျှော်လင့်ထားပါတယ်" ဟု FFI မှ လုပ်ငန်းညှိနှိုင်းရေးမှူးဖြစ်သူ ဦးမြင့်ရွှေက ပြောသည်။ (၀၆၇)



ခ ရီး သွား ဆောင်း ပါး

# ဘုရင်ညီနောင်ဂူဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

ကြည်လင်နေသောရေကို သေသေချာချာကြည့်လိုက်ရာ ရေအောက်၌ အပင်ငယ်အချို့ကိုမြင်ရသည်။ ရေပြင်ကို အပေါ်ယံရှုပ်ပြီးကြည့်လျှင် ရှင်းလင်းနေသည်ဟုထင်ရသော်လည်း အနီးကပ် ကြည့်လိုက်သည့်အခါ ရေအောက်မြေပြင်ကိုကပ်လျက် အပင်ငယ် အချို့ပေါက်ရောက်နေသည်ကို တွေ့ရသည်။ ခြေထောက်ကို တစ်ဖက်ချင်းစီ တဖြည်းဖြည်း ရေအောက်သို့ ချလိုက်ရာ ပူနွေးသော အထိအတွေ့က တစ်ကိုယ်လုံး ပျံ့နှံ့သွားသလို ခံစားလိုက်ရသည်။ သဘာဝရေပူ။ ရေပူစမ်းမှ ထွက်သော ရေပူဖြစ်ရာ ထူးခြားသော အပူငွေ့က ရိုက်ခတ်လျက်၊ ကျန်းမာရေးနှင့်ညီညွတ်သဖြင့် အချိန်အတန်ကြာမျှ ခြေထောက်တွေကို ရေပူစိမ်နေမိသည်။ လက်နှစ်ဖက်နောက်ပစ်ထောက်ပြီး ခေါင်းကိုနောက်လှန်မော့ကာ မျက်စိမှိတ်ထားမိသည်။ ခြေထောက်မှအပူရှိန်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး နွေးထွေးသွားလေသည်။

၁၅ မိနစ်ခန့် ရေပူစိမ်ပြီးနောက် မတ်တတ်ရပ်ကာ ပတ်ဝန်းကျင်ကိုကြည့်မိသည်။ လူငယ်အချို့ရေပူစိမ်နေသည်ကို တွေ့ရသည်။ ငယ်ရွယ်သူတို့၏ အပျော်အပြုံးများက လွတ်လပ်မှု၊ ပျော်ပါးမှုများအပြည့်ပင်။ အချင်းချင်း နောက်ပြောင်ပြောဆိုမှု အသံများက စည်ဝေနေသည်။ ကျွန်တော်တို့ ဘုရင်ညီဂူသို့ လှမ်းကြည့်လိုက်ရာ မှိုင်းညို့ညို့ကျောက်တောင်ကြီး နောက်ခံလျက် စေတီ၊ ပြာသာဒ်၊ ကျောင်းအချို့နှင့် စုလစ်မွမ်းချွန်များကို လှမ်းမြင်ရသည်။ ဘုရင်ညီဂူနှင့်အနီးဝန်းကျင် ပုံရိပ်များက ပြောင်းလဲသွားခဲ့ပြီ။

ရန်ကုန်မှ နံနက်စောစောထွက်လာခဲ့သော ကျွန်တော်တို့ကားက ဘားအံ-သထုံ ကားလမ်းအနီးရှိ ဘုရင်ညီဂူသို့ရောက်ချိန်မှာ နံနက် ၁၀နာရီခန့်ပင် ရှိသေးသည်။ ဘုရင်ညီဂူဟု လူအများက အလွယ်ခေါ်ဝေါ်နေကြသော်လည်း အမည်အပြည့်အစုံမှာ ဘုရင်ညီနောင်လိုဏ်ဂူဖြစ်ပြီး အချို့ကလည်း ဘုရင်ညီနောင် ရတနာလိုဏ်ဂူဘုရားဟု ခေါ်ဝေါ်ကြသည်။

ဘုရင်ညီဂူသို့ ကျွန်တော် ၁၉၉၅ ခုနှစ်က ပထမဆုံးအကြိမ်ရောက်ခဲ့ဖူးသည်။ ထိုစဉ်က ကျွန်တော်၊ ကိုစိုးခိုင်၊ ကိုအောင်တင့်၊ ကိုလှထွန်းတို့ ဘုရားလည်းဖူး၊ လေ့လာရေးခရီးအဖြစ်



လည်း ရောက်ခဲ့ကြခြင်းဖြစ်ရာ သတိတရဖြစ်မိသည်။ ဘုရင်ညီဂူ၊ သာမည၊ ကျိုက်ထီးဆောင်း၊ အလံတရာဘုရား စသည်တို့ကိုရောက်ခဲ့ရာ ထူးခြားသောဖြစ်ရပ်အချို့ကြောင့် အမြဲတမ်းအမှတ်တရရှိနေခြင်းလည်းဖြစ်သည်။

ထိုစဉ်က ဘုရင်ညီဂူသည် ယခုကဲ့သို့ စေတီ၊ ပုထိုး၊ အဆောက်အအုံများ စည်ကားမှု၊ ဖွံ့ဖြိုးမှု မရှိသေး။ ခရီးသွားများ၊ ဘုရားဖူးများလည်း အရောက်အပေါက်နည်းသေးသည်ဖြစ်ရာ ရေပူစမ်းသည် အငွေ့ထောင်းထောင်းထကာ ကြက်ဥထည့်လိုက်လျှင် ခဏအကြာတွင် ကျက်သည်အထိ သဘာဝအတိုင်း အပူရှိန်ပြင်းလေသည်။ ရေပူစမ်းအိုင်၏ ပတ်လည်တွင် မြေကြီးတာပေါင်၊ မြေကြီးလမ်းအဆင့်သာ ရှိသေးသဖြင့် ယခုကဲ့သို့ သွားလာရသည်မှာ အဆင်ပြေမှုမရှိခဲ့။ ယခုအချိန်တွင် စနစ်တကျပြုလုပ်ထားသည်ဖြစ်ရာ အမျိုးသား၊ အမျိုးသမီး သီးသန့်စီခွဲထားသည်ကို တွေ့ရသည်။ ရေပူအိုင်မှ ဘုရင်ညီဂူသို့ ကွန်ကရစ်လမ်းသဖွယ် ခင်းထားရာ သွားလာရသည်မှာ အဆင်ပြေလေသည်။

ကျွန်တော်တို့ ဘုရင်ညီဂူရှိရာသို့ လျှောက်လာခဲ့ကြသည်။ မိုးရာသီဖြစ်၍လားမသိ၊ ဧည့်သည်နည်းပါးလျက်ရှိရာ တစ်ဦးစနှစ်ဦးစသာ တွေ့ရသည်။ ဘုရင်ညီဂူသည် သထုံမြို့နှင့် ၁၅ မိုင်ခန့်သာဝေးပြီး မော်လမြိုင်မြို့နှင့် ၅၀ မိုင်ခန့်ဝေးရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ပွင့်လင်းရာသီတွင် ဘုရားဖူးနှင့် ခရီးသွားဧည့်သည်ရောက်ရှိမှု များပြားကြောင်း သိရသည်။

ကျွန်တော်တို့ ဂူအတွင်းဝင်ရောက်ခဲ့ကြသည်။ ဂူအတွင်း၌ ထိုင်လျက် ဗုဒ္ဓရုပ်ပွားတော်များကို ကြည်ညိုဖွယ်ရာ မြင်တွေ့ဖူးမြော်ရသည်။ အချို့ဗုဒ္ဓဆင်းတုတော်များမှာ ကြွေပြားကပ်ပုလ္လင်များဖြင့် သပ္ပာယ်စွာတည်ရှိနေပြီး မတ်တတ်ရပ် ဗုဒ္ဓရုပ်ပွားတော်အချို့ကိုလည်း တွေ့ရသည်။ ဂူနံရံ အချို့နေရာများပေါ်၌ ဗုဒ္ဓရုပ်ပွားတော်များ ပူဇော်ထားရှိပြီး ဗုဒ္ဓမြတ်စွာဘုရားနှင့် နောက်ပါသံဃာတော်များ ဆွမ်းခံကြွနေသည့်ပုံသဏ္ဌာန် ဗုဒ္ဓနှင့် သံဃာများ ရုပ်တုကိုလည်း ဖူးမြော်တွေ့မြင်ရသည်။

ဂူအတွင်း ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုနိုင်ရန် လျှပ်စစ်မီးသွယ်တန်းထွန်းညှိပေးထားရာ လာရောက်သည့် ခရီးသွားဧည့်သည်များအတွက် လေ့လာစရာများကို အခက်အခဲမရှိ လေ့လာဖူးမြော်နိုင်ရန် စီစဉ်ပေးထားသည်ကို တွေ့ရသည်။ ဗုဒ္ဓဆင်းတုတော်တိုင်းနီးပါးတွင် ဝါဆိုရွှေကြာ သင်္ကန်းများ ကပ်လှူပူဇော်ထားသဖြင့် ကြည်ညိုဖွယ်ရာအဆင်းကို ဆောင်လျက်ရှိသည်။

ဗုဒ္ဓဆင်းတုတော်များတည်ရှိရာအနီး ဂူကြမ်းပြင်တွင် ဘုရားဖူးမြော်ဝတ်ပြုသူများအတွက် စိတ်အေးချမ်းသာစွာ အာရုံပြုနှလုံးသွင်းနိုင်ရန် ကြွေပြားများခင်းပေးထားရာ အဆင်ပြေလေသည်။ ကျွန်တော်တို့ ဗုဒ္ဓဆင်းတုတော်များအား ဦးချဖူးမြော်ပြီး ခေတ္တထိုင်ကာ လေ့လာနေမိသည်။ ဂူနံရံပေါ်တွင် အထွတ်လိုက် ကျဆင်းနေသော ကျောက်ခက်ပန်းဆွဲများက သဘာဝအတိုင်း လှပနေသည်။

ဂူအတွင်း အချို့နံရံနေရာများတွင် ပြင်ပမှအလင်းရောင်များ ထိုးဝင်ဖြာကျလျက်တွေ့ရသည်။ မီးဆလိုက်ထိုးထားသလို ဖြစ်နေသည်။ ဗုဒ္ဓရုပ်ပွားတော်များက ဂူအတွင်းနေရာအနှံ့တွင် တွေ့မြင်ရသည်။ ဘုရင်ညီနောင်ဂူသည် ၂၀၀၉ ခုနှစ်က ကွင်းဆင်းတိုင်းတာမှုအရ အရှည် ၂၀၇ မီတာခန့်ရှိကြောင်း မှတ်တမ်းအချို့တွင် လေ့လာခဲ့ဖူးသည်။

ဘုရင်ညီနောင်ဂူ၏ သမိုင်းမှာလည်း စိတ်ဝင်စားစရာဖြစ်သည်။ ခရစ်နှစ် ၁၀၅၇ ခုနှစ်တွင် ခမာတို့ရန်ကြောင့် သထုံဘုရင် မနုဟာမင်း ပုဂံသို့ တိမ်းရှောင်နေရစဉ် သားတော်သီဟကုမာရနှင့် စိတ္တကုမာရတို့သည် သထုံမှရှောင်တိမ်းရင်း ဤဂူကြီးသို့ ရောက်ရှိခဲ့ကြသည်။ လိုဏ်ဂူအတွင်း ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ဖူးတွေ့ကြရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ပြီး ယင်းလိုဏ်ဂူ၌ပင် နေထိုင်ခဲ့ကြသည်။ သို့သော် နောက်ပိုင်း မင်းသားညီနောင်ကို လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာမှ နောင်တော်သီဟကုမာရအား ဖမ်းဆီးပြီး လုပ်ကြံရန် စီစဉ်ဆဲကာလ၌ ရေပူတံခွန်လုံးကြီး ရုတ်တရက်ကျရောက်ခဲ့ရာ ထွက်ပြေးခဲ့ကြသည်။ မင်းသားညီနောင်တို့ နေထိုင်ခဲ့ဖူးသည့်လိုဏ်ဂူဖြစ်သဖြင့် ယခုတိုင် ဘုရင်ညီနောင်ဂူဟု ခေါ်ဆိုခဲ့ကြပြီး အရပ်အခေါ် ဘုရင်ညီဂူဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်မှစတင်ကာ လိုဏ်ဂူအနီးတွင် ရေပူစမ်းလည်း ဖြစ်ပေါ်လာခဲ့သည်ဟုဆိုကြရာ ယနေ့တိုင် ရေပူစမ်းသည် ခန်းခြောက်သွားသည်မရှိဘဲ တစ်နှစ်ပတ်လုံး ရေပူများ ထွက်ရှိနေခြင်းဖြစ်သည်။

ဘုရင်ညီနောင်ဂူအကြောင်း အတွေးစကိုဖြတ်ပြီး ကျွန်တော်တို့ ဂူအတွင်း လိုက်လံလေ့လာခဲ့သည်။ လူသွားလမ်းသဖွယ်ပြုလုပ်ထားသဖြင့် သွားလာရသည်မှာ အဆင်ပြေလေသည်။ တစ်နေရာတွင် ဘုရင်၊ မင်းညီမင်းသား၊ မောင်းမရုပ်တုများကို တွေ့မြင်ရသဖြင့် မေးကြည့်ရာ သီဟကုမာရနှင့် စိတ္တကုမာရတို့၏ ရုပ်တုများဖြစ်ကြောင်း၊ အမှတ်တရရှိစေရန် ရုပ်တုများထုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဘုရင်ညီနောင်ဂူ ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း နှစ်စဉ် တပို့တွဲလဆန်း ၁၄ ရက်၊ ၁၅ ရက်တို့တွင် ကျင်းပပြုလုပ်ပေးခဲ့ရာ ယခု ၂၀၁၇ ခုနှစ် ဒီဇင်ဘာလဆိုလျှင် အကြိမ်(၅၀) မြောက်တော့မည်ဖြစ်သည်။ စည်ကားသော ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်ရာ ရပ်နီးရပ်ဝေးမှပြည်သူများ အများအပြား လာရောက်ဆင်နွှဲကြသည်ဟုသိရသည်။ ကျွန်တော်တို့ တစ်ကြိမ်မျှမကြုံခဲ့ရ။

ကျွန်တော်တို့ ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြပြီး ဘုရင်ညီနောင်ဂူကို အပြင်ဘက်မှ လေ့လာနေမိသည်။ စုလစ်မွမ်းချွန်တို့ဖြင့် ပန်းချီကားတစ်ချပ်ကဲ့သို့ရှုမောဖွယ်ရာကောင်းသည့်မြင်ကွင်းပင်ဖြစ်သည်။ ရွှေရောင်တဝင်းဝင်း၊ မှန်ကင်းတပြောင်ပြောင်ဖြစ်နေရာ ဘုရင်ညီနောင်ဂူသည် ဆွဲဆောင်မှုအပြည့်ရှိနေသည်။ လိုဏ်ဂူအပြင်ဘက် ကျောက်နံရံတစ်နေရာတွင် မြတ်စွာဘုရားရှင်နှင့် နောက်ပါရဟန်းသံဃာတော်များ ဆွမ်းခံကြွလာသည့် မတ်ရပ်ပုံ ရုပ်တုများကလည်း သက်ရှိထင်ရှားအလား ဖူးတွေ့ရသည်။

လိုဏ်ဂူအနီး ရေပူကန်အတွင်း ဖြတ်သန်းတည်ဆောက်ထားသော ကွန်ကရစ်တံတားဖြင့် ကန်အလယ်သို့ သွားရောက်နိုင်ပြီး လိုဏ်ဂူဝန်းကျင်ကို ရှုမျှော်လေ့လာနိုင်လေသည်။ ကြွေပြားခင်းထားသော ကွန်ကရစ်တံတားကို ရေညှိများကြောင့် ချော်မလဲနိုင်အောင် သန့်ရှင်းရေးပြုလုပ်ထားသည်ကို သတိပြုမိသည်။

လိုဏ်ဂူဝန်းကျင်တွင် လယ်ကွင်းစိမ်းစိမ်းများ၊ ခပ်ဝေးဝေးမှ တောင်နှင့် တောင်ကြောများ၊ သစ်ပင်အုပ်များက စိမ်းလန်းပြီး အေးချမ်းမှုအပြည့်ရှိနေသည်ကို တွေ့ရသည်။

ကရင်ပြည်နယ်တွင် ဇွဲကပင်တောင်၊ ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူများလည်းရှိရာ ဘုရင်ညီနောင်ဂူနှင့် တစ်ဆက်တည်း သွားရောက်လေ့လာနိုင်လေသည်။ ကရင်ပြည်နယ်တွင် ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူတို့က ထင်ရှားသည်ဖြစ်ရာ ခရီးသွား ဧည့်သည်များအတွက် လေ့လာစရာပေါ်များသည်။ တစ်နေရာနှင့်တစ်နေရာ သွားလာရေးလည်း လွယ်ကူသဖြင့် အဆင်ပြေလေသည်။

ကျွန်တော်တို့ ဘုရင်ညီနောင်ဂူတွင် အတန်ကြာ လေ့လာပြီးနောက် ပြန်လာခဲ့ကြသည်။ မြန်မာနိုင်ငံတွင် စိတ်ဝင်စားစရာ လိုဏ်ဂူအများအပြားရှိရာ ထူးခြားသော သမိုင်းဖြစ်ရပ်များကလည်း လေ့လာချင်စရာကောင်းလေသည်။ အပြန်လမ်းတွင် မိုးက သည်းထန်စွာ ရွာလာပြန်သည်။ ရန်ကုန်ကို နေမဝင်မီ အလင်းရောင်မပျောက်မီ ရောက်မည်ဟု စိတ်ထဲမှန်းဆနေမိသည်။ ။

**ကရင်ပြည်နယ်တွင် ဇွဲကပင်တောင်၊ ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူများလည်းရှိရာ ဘုရင်ညီနောင်ဂူနှင့် တစ်ဆက်တည်း သွားရောက်လေ့လာနိုင်လေသည်။ ကရင်ပြည်နယ်တွင် ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူတို့က ထင်ရှားသည်ဖြစ်ရာ ခရီးသွား ဧည့်သည်များအတွက် လေ့လာစရာပေါ်များသည်။ တစ်နေရာနှင့်တစ်နေရာ သွားလာရေးလည်း လွယ်ကူသဖြင့် အဆင်ပြေ**

# အလုပ်ရုံဆွေးနွေးပွဲ၊ မျက်နှာစုံညီဆွေးနွေးပွဲ



## မောင်ခင်မင်(ဓနုဖြူ)

"ဘဘ နေကောင်းတယ်နော်"

"ဩော်...သမီးပြန်ရောက်နေတာလား။ မတွေ့ရတာ တောင်ကြာသွားပြီ"

"ဟုတ်ကဲ့။ ကျောင်းသားတွေစာမေးပွဲဖြေပြီးသွားလို့ သမီးတို့ဆရာ ဆရာမတွေ ကျောင်းမှာအလှည့်ကျဂျူတီယူပြီး အိမ်ခဏပြန်ခွင့်ရလို့ပါ"

"အေး...ကောင်းတာပေါ့ကွယ်။ သမီးဘီအီးဒီဘွဲ့ရပြီး ဆရာမဖြစ်သွားကတည်းက နယ်ရောက်နေတာဆိုတော့ အိမ်ပြန်ခွင့်ရတုန်း ပြန်ရမှာပေါ့။ ကဲ...ဘဘနဲ့သမီးစာ အကြောင်း ပေအကြောင်းမပြော ရတာကြာပြီ။ သမီးမေး ချင်တာ ဆွေးနွေးချင်တာရှိရင် ပြောလေ"

"ဟာ...ဘဘက သမီးကိုလူရာသွင်းပြီး ဆွေးနွေးစရာ ဆွေးနွေးဖို့ ပြောပေမယ့်သမီးဘဘနဲ့ မဆွေးနွေးရဲပါဘူးဘဘ။ မေးချင်တာ ကလေးတော့ရှိပါတယ်"

"မေးလေ...သမီး"

"အခုအသုံးတွင်နေတဲ့ 'အလုပ်ရုံဆွေးနွေးပွဲ' ဆိုတဲ့ စကားလုံးအကြောင်းပါဘဘ"

"ကဲ...ဆက်ပြောပါဦး"

"'အလုပ်ရုံဆွေးနွေးပွဲ' ဆိုတဲ့စကားကိုဘယ်လိုအဓိပ္ပာယ် ဖွင့်သလဲလို့ မြန်မာစာအဖွဲ့ကထုတ်တဲ့အဘိဓာန်မှာ သမီးရှာကြည့်ပါတယ်ဘဘ"

"ဘယ်လို... ဖော်ပြထားသလဲသမီး"

"မပါပါဘူးဘဘ။'အလုပ်ရုံ'ဆိုတဲ့ စကားလုံးတောင် မပါပါဘူး"

"ဩော်။ ခရီးဆောင်မြန်မာအဘိဓာန်ဆိုတာရှိသေး တယ်။ အဲဒီအထဲမှာရော ရှာကြည့်သေးသလား"

"ရှာကြည့်ပါတယ်ဘဘ။ ခရီးဆောင်အဘိဓာန်မှာလည်း မပါပါဘူး"

"ကဲ...ဒါဆိုရင် ဒီလိုလုပ်ရအောင်။ အဲဒီအလုပ်ရုံဆွေးနွေး ပွဲဆိုတဲ့ စကားလုံးဟာ ဘာသာပြန်ထားတဲ့စကားလုံးဆိုတာ သမီးသိတယ်မဟုတ်လား"

"ဟုတ်ကဲ့ဘဘ။ workshop ဆိုတဲ့အင်္ဂလိပ်စကားလုံးကို ဘာသာပြန်ထားတာလို့ သိထားတာပါ။ အခုဘဘကိုမေးချင် တာလည်း အဲဒီကိစ္စပါ"

"ဘာမေးချင်တာလဲကွယ်"

"သမီးမှာ မြန်မာစာအဖွဲ့က ပြုစုတဲ့အင်္ဂလိပ်-မြန်မာ အဘိဓာန်လည်းရှိပါတယ်။ သမီးက အဲဒီအဘိဓာန်ထဲမှာ workshop ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲလို့ သိချင်တာနဲ့ ရှာကြည့်ပါတယ်"

"ဒီတော့"

"workshop ကိုအနက်နှစ်ခုဖွင့်ထားတာ တွေ့ရပါ တယ်။ တစ်ခုက 'အလုပ်ရုံ၊ ဝပ်ရှော့'တဲ့။ နောက်တစ်ခုက 'လုပ်ငန်းခွင်ဆွေးနွေးပွဲ'လို့ ဖွင့်ပါတယ်"

"ဒီတော့..."

"သမီးသိထားတာ အလုပ်ရုံဆွေးနွေးပွဲလို့ပဲ သိထားတာ။ အခုလုပ်ငန်းခွင်ဆွေးနွေးပွဲလို့ ဖွင့်ထားတော့ သမီးစိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားပါတယ်ဘဘ။ အလုပ်ရုံဆွေးနွေးပွဲလို့ သုံး တာဟာမှားများနေလို့လားလို့တွေးမိလို့ပါ"

"ဩော်...ဒါကြောင့်သမီးက ဒီကိစ္စမေးတာကိုး"

"ဟုတ်ပါတယ်ဘဘ"

"ဒါဆို အပြန်အလှန်များ ဖွင့်သလားလို့ မြန်မာစာအဖွဲ့ကပဲ ထုတ်တဲ့မြန်မာ-အင်္ဂလိပ် အဘိဓာန်ကို ကြည့်ရအောင်။ အဲဒီမှာ အလုပ်ရုံ ဆွေးနွေးပွဲဆိုတာပါသလား။ သမီးကြည့်ကြည့်စမ်းပါ"

"ဟုတ်ကဲ့။ ဘဘ'အလုပ်ရုံ'ပဲပါပါတယ်။ အလုပ်ရုံကို factory, workshop, works လို့ဖွင့်ပါတယ်။ အလုပ်ရုံ ဆွေးနွေးပွဲဆိုတဲ့ စကားလုံးမတွေ့ပါဘူးဘဘ"

"ဒါဆိုရင် နောက်တစ်လုံးရှာကြည့်ပါဦး။ မြန်မာအဘိဓာန် မှာ workshop ကိုလုပ်ငန်းခွင်ဆွေးနွေးပွဲလို့ ဖွင့်တာဆိုတော့ အခုမြန်မာ- အင်္ဂလိပ်အဘိဓာန်မှာ လုပ်ငန်းခွင်ဆွေးနွေးပွဲကို အင်္ဂလိပ်လိုဘယ်လိုဖွင့်သလဲ"

**အလုပ်ရုံက ပစ္စည်းကိရိယာတွေကိုသုံးပြီး လိုအပ်တဲ့အသုံးအဆောင်တွေကိုထုတ်လုပ်တယ်။ ဒီဆွေးနွေးပွဲကလည်း ဦးနှောက်တွေသုံးပြီး လိုအပ်တဲ့အဖြေကို ထုတ်တယ်။ အားကြိုးမာန်တက်၊ အပြင်းအထန်ထုတ်လုပ်တာချင်း တူပါတယ်။ ဒါကြောင့် အလုပ်ရုံနဲ့ ဆွေးနွေးပွဲကိုထပ်တူပြုပြီး 'အလုပ်ရုံဆွေးနွေးပွဲ' လို့ခေါ်တာပါ**

"ဟာ...ဘဘ၊ 'လုပ်ငန်းခွင်ဆွေးနွေးပွဲ'မပါပါဘူး။ 'လုပ်ငန်းခွင်'ပဲပါတယ်။ workplace, work environment လို့အင်္ဂလိပ်လိုဖွင့်ပါတယ်"

"ဘဘက အပြန်အလှန်ဖွင့်မယ်ထင်လို့ ရှာခိုင်းတာပါ။ ကဲ...ကဲ၊ ထားပါတော့။ ဟောဒီမှာ၊ ၂၀၁၆ခုနှစ်က၊ အဲ... မနှစ်ကပေါ့။ မနှစ်ကထုတ်တဲ့ ထွန်းဖောင်ဒေးရှင်း အင်္ဂလိပ်-မြန်မာအဘိဓာန်ပဲ။ သမီးတွေ့ဖူးပြီလား"

"မတွေ့ဖူးသေးပါဘူးဘဘ။ စာအုပ်ကတော်တော်ကောင်း တယ်နော်။ နှစ်တွဲတောင်"

"အေး၊ အဲဒီအဘိဓာန်လည်း ပညာရှင်တွေ စုပေါင်းပြုစု တာပဲ။ တော်တော်အချိန်ယူပြီး ပြုစုထားတာ။ အဲဒီမှာ workshop ကို ဘယ်လိုဖွင့်သလဲ။ ကြည့်ပါဦး"

"တွေ့ပါပြီဘဘ။ အဲ...အနက်နှစ်ခုဖွင့်ပါတယ်။ အနက် ၁ ကအလုပ်ရုံ၊ ဝပ်ရှော့-တဲ့။ အနက် ၂ က'လုပ်ငန်းခွင်ဆွေးနွေးပွဲ'၊ 'အလုပ်ရုံဆွေးနွေးပွဲ'တဲ့ နှစ်မျိုးလုံးပေးထားတယ်ဘဘ"

"ဒီတော့ workshop ကို အလုပ်ရုံဆွေးနွေးပွဲလို့ ဘာသာပြန်တာမမှားဘူးဆိုတာ သမီးသိပြီပေါ့။ တကယ်တော့ workshop ဆိုတဲ့ အင်္ဂလိပ်စကားမှာကိုက အနက်နှစ်ခုရှိတာ သမီးရဲ့"

"ဩော်...ဟုတ်ကဲ့ပါ"

"အင်္ဂလိပ်အဘိဓာန်တွေ ကြည့်ကြည့်ရင် တွေ့မှာပါ။ ဟောဒီမှာကြည့်။ The American Heritage Dictionary တဲ့တွေ့လား။ ၂၀၁၆ခုနှစ်မှာ ပဉ္စမအကြိမ်ပုံနှိပ်ထုတ်ဝေထား တဲ့မူပဲ။ အဲဒီမှာ workshopကို အနက်နှစ်ခုပေးထားတယ်။ ဘဘပဲရှင်းပြပါ့မယ်။ အနက် ၁ က လက်နဲ့လုပ်တဲ့အလုပ်၊ ဒါမှမဟုတ် အသေးစားစက်မှုလုပ်ငန်းလုပ်တဲ့ အခန်း၊ နေရာ၊ အဆောက်အအုံတို့ကို ခေါ်တယ်တဲ့။ 'အလုပ်ရုံ'ဆိုတဲ့ အဓိပ္ပာယ် ပဲပေါ့။ အနက် ၂ကတော့ လူနည်းနည်းပဲပါတဲ့ အစုအဝေးတစ်ခု က တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပြောဆိုဆွေးနွေး ပြီး အသိချင်းဖလှယ်တာကို အလေးထားဆောင်ရွက်တဲ့ ပညာ ဆိုင်ရာဆွေးနွေးပွဲတို့၊ အစည်းအဝေးတို့ကို ခေါ်တယ်လို့ဖွင့် တယ်"

"ဟုတ်ကဲ့ပါ"

"ဒီအနက်နှစ်ခုက ဆက်စပ်နေတယ်လေ။ အနက်၁က အလုပ်ရုံ၊ အနက် ၂က ဆွေးနွေးပွဲ။ အဲဒီဆွေးနွေးပွဲက လုပ်နေကျ ဆွေးနွေးပွဲတွေလိုမဟုတ်ဘဲ လူစုတစ်စုက ပြဿနာတစ်ခုကို အဖြေထွက်အောင် အပြန်အလှန်အမြင်ချင်းဖလှယ်ပြီး နောက် ဆုံးရလဒ်တစ်ခု ထွက်လာအောင်အဖြေထုတ်ရတဲ့ ဆွေးနွေးပွဲ မျိုးလေ။ workshop တွေ သမီးလေ့လာဖူးမှာပေါ့။ ဒီတော့ အလုပ်ရုံမှာ ပစ္စည်းကိရိယာတွေသုံးပြီး လိုအပ်တဲ့အသုံးအ ဆောင်တွေထုတ်လုပ်ရသလိုပဲ ဒီဆွေးနွေးပွဲမှာပါဝင်သူတွေ ဟာ ဦးနှောက်တွေကို စက်ကိရိယာတွေလို ထက်ထက်သန်သန် သုံးပြီးအလုပ်ရုံက အသုံးအဆောင်ပစ္စည်းတွေထုတ်လုပ်သ လို ရလဒ်အဖြေတစ်ခုရအောင်ထုတ်ရတာမို့ ဒီဆွေးနွေးပွဲမျိုးက အလုပ်ရုံနဲ့ အခြေခံသဘာဝချင်းတူတယ်လေ"

"ဟုတ်ကဲ့ပါ"

"workshop မှာ အဖြေရအောင် brainstorming ပေါ့၊ ခေါင်းချင်းရိုက်ပြီး အပြင်းအထန်အဖြေထုတ်ရတာ လေ။ ဒါကြောင့် workshopကို ဘာသာပြန်တဲ့ပုဂ္ဂိုလ်က 'အလုပ်ရုံနဲ့တူတဲ့ ဆွေးနွေးပွဲ' ဆိုတဲ့အဓိပ္ပာယ်နဲ့ 'အလုပ်ရုံ ဆွေးနွေးပွဲ' လို့ ဘာသာပြန်လိုက်တာပဲ။ ဘဘတော့ အဲဒီလို သဘောပေါက်တယ်"

"ဟုတ်ကဲ့ဘဘ"

"တစ်နည်းပြောရရင် ဆွေးနွေးပွဲကို အလုပ်ရုံနဲ့ တင်စား ပြီး 'အလုပ်ရုံတည်းဟူသော ဆွေးနွေးပွဲ' လို့ခေါ်လိုက်တာပဲ။ ဘဘတစ်ခါပြောဖူးတယ်လေ ဥပစာတင်စားတာပဲပေါ့။ သဘောချင်းတူတဲ့အရာနှစ်ခုကို တစ်သားတည်း၊ တစ်ထပ် တည်း ထပ်တူပြုလိုက်တာပေါ့။ ကဗျာအဖွဲ့တွေမှာ ဆိုရင်တော့ ရူပကအလင်္ကာ ခေါ်တာပေါ့ကွယ်။ ဒီနေရာမှာကတော့ စကားလုံးတီထွင်တဲ့ ဘာသာစကားကိစ္စမို့'ဥပစာ' လို့ခေါ်တာပို သင့်လျော်ပါတယ်။ ကဲ... သမီးပြောပါဦး။ အလုပ်ရုံနဲ့ ဆွေးနွေး ပွဲနဲ့ ဘယ်လိုတူတယ်ဆိုတာ။ တူတဲ့ဂုဏ်ကို ဖော်ထုတ်ကြည့် ပါဦး"

"ဟုတ်ကဲ့ဘဘ။ အလုပ်ရုံက ပစ္စည်းကိရိယာတွေကို သုံးပြီး လိုအပ်တဲ့အသုံးအဆောင်တွေကိုထုတ်လုပ်တယ်။ ဒီဆွေးနွေးပွဲကလည်း ဦးနှောက်တွေသုံးပြီး လိုအပ်တဲ့ အဖြေကို ထုတ်တယ်။ အားကြိုးမာန်တက်၊ အပြင်းအထန်ထုတ်လုပ် တာချင်း တူပါတယ်။ ဒါကြောင့် အလုပ်ရုံနဲ့ ဆွေးနွေးပွဲကိုထပ်တူ ပြုပြီး 'အလုပ်ရုံဆွေးနွေးပွဲ' လို့ခေါ်တာပါ ဘဘ"

"ဟုတ်ပါတယ်။ ဒီသဘောကိုသတိမမူမိလို့ အဘိဓာန် တစ်ခုမှာ workshop ကို 'လုပ်ငန်းခွင်' ဆွေးနွေးပွဲလို့ ပြန်တာဖြစ်မှာပေါ့။ လုပ်ငန်းခွင်ဆွေးနွေးပွဲဆိုတာ workshop ရဲ့ အဓိပ္ပာယ်ကို မငုံမိဘူးလေ။ ဘဘကတော့ 'အလုပ်ရုံ ဆွေးနွေးပွဲ'လို့ ဘာသာပြန်တဲ့ ပုဂ္ဂိုလ်ကို လေးစားပါတယ်ကွယ်။ ချီးလည်း ချီးကျူးပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလို တင်စားထားတဲ့ စကားလုံးတွေရှိပါတယ် ကွယ်။ 'ဆင်နားရွက်တံခါး'တို့၊ 'လေဆင်နှာမောင်း'တို့လို စကားလုံးတွေပေါ့။ 'ဆင်နားရွက်နဲ့တူတဲ့တံခါး' 'ဆင်နှာမောင်း လို ဝှေ့ယမ်းပြီးတိုက်တဲ့လေ'လို့ ဆိုလိုတာပါ။ 'အလုပ်ရုံနဲ့တူတဲ့ ဆွေးနွေးပွဲဆိုတာနဲ့တင်စားပုံချင်းအတူတူပါပဲကွယ်။ 'ဆင်နား ရွက်တံခါး'မှာ အဓိကဖြစ်တဲ့ 'တံခါး'ကို 'တင်စားတဲ့' ဆင်နား ရွက်ရဲ့နောက်မှာထားတယ်။ 'လေဆင်နှင်မောင်းကျတော့ အဓိကဖြစ်တဲ့'လေ'ကို တင်စားတဲ့ ဆင်နှာမောင်းရဲ့ရှေ့မှာထား တယ်။ အထားအသိုပဲကွာတယ်။ တင်စားပုံက အတူတူပါပဲ"

"နားလည်ပါပြီဘဘ"

"အခုပြောခဲ့တာက အရာနှစ်ခုမှာ တူတဲ့သဘောတစ်ခုခု ရှိလို့ ဥပစာတင်စားတဲ့ပုံစံပေါ့။ အဲဒီလိုပဲ အရာနှစ်ခုတူတာ မဟုတ်ဘဲ ဆက်စပ်မှုရှိတာဆိုရင်လည်း ဥပစာတင်စားလေ့ရှိကြ တယ်။ 'အလုပ်ရုံဆွေးနွေးပွဲ'နဲ့ ခပ်ဆင်ဆင်စကား တစ်လုံး ရှိတယ်။ 'မျက်နှာစုံညီဆွေးနွေးပွဲ'ဆိုတာလေ။ တစ်ချိန်က တွင်တွင်ကျယ်ကျယ်သုံးခဲ့တဲ့စကားပဲ"

"ကြားဖူးပါတယ်ဘဘ။ ဖိတ်ထားတဲ့သူတွေ အစုံအညီ တက်တဲ့ အစည်းအဝေးကို ခေါ်တဲ့စကားလုံးထင်ပါတယ်"

"ဟုတ်ပါတယ်။ ကဲ- သမီးစဉ်းစားကြည့်လေ။ 'မျက်နှာ စုံညီ'လို့ သုံးပေမယ့် တကယ်က မျက်နှာတွေပဲစုံရတာမဟုတ်ဘူး လူတစ်ကိုယ်လုံးစုံရတာမဟုတ်လား"

"ဟုတ်ပါတယ်ဘဘ"

"ဒါပေမယ့် အဓိကကျတဲ့ အစိတ်အပိုင်းဖြစ်တဲ့ 'မျက်နှာ' လို့ ပြောပေမယ့် တစ်ခုလုံးဖြစ်တဲ့ လူတစ်ယောက်လုံး၊ လူတစ် ကိုယ်လုံးလို့ အဓိပ္ပာယ်ကောက်ရတယ်လေ။ ဒီတော့ လူအားလုံး စုံညီတဲ့ဆွေးနွေးပွဲကို မျက်နှာစုံညီလို့ တင်စားပြောတဲ့ သဘော ပေါ့။ အစိတ်အပိုင်းကို တစ်ခုလုံးအဖြစ်တင်စားတဲ့ နည်းပဲလေ။ အစိတ်အပိုင်းနဲ့တစ်ခုလုံးဆိုတဲ့ ဆက်စပ်မှုအရ တင်စားတာ ပေါ့"

"ဩော်...ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ။ အစိတ်အပိုင်းကိုတစ်ခုလုံး အဖြစ်တင်စားတဲ့ ဥပစာစကားတစ်ခု နမူနာပေးမယ်။ 'သျှောင်နောက်ဆံထုံးပါ' ဆိုတဲ့ စကားပုံမျိုးပေါ့။ အဓိပ္ပာယ်ကို သမီးသိမှာပါ"

"ဟုတ်ကဲ့။ လင်ယောကျ်ားနောက်ကို ဇနီးကလိုက်ပါရ တယ်ဆိုတဲ့ အဓိပ္ပာယ်ပါ"

"သျှောင်ဆိုတာရှေးက ယောကျ်ားတွေရဲ့အစိတ်အပိုင်း လေ၊ သျှောင်ထုံးပေါ့။ ဆံထုံးကတော့ မိန်းမတွေရဲ့အစိတ်အပိုင်း မဟုတ်လား။ ဒီတော့ အစိတ်အပိုင်းတစ်ခုလုံးအဖြစ် တင်စား သုံးတာပေါ့ကွယ်"

"သမီးမှတ်ထားပါ့မယ် ဘဘ"

# ဥယျာဉ်ခြံမြေရှင်းလင်းခြင်းဖြင့် ငှက်ဖျားရောဂါကိုထိရောက်စွာဖြေရှင်းနိုင်

ကလျာမိုးမြင့်



ငှက်ဖျားရောဂါကို တိုက်ဖျက်ရေး ဆောင်ရွက်တဲ့အခါမှာ ဥယျာဉ်ခြံမြေ ခုတ်ထွင်ရှင်းလင်းခြင်းဟာ ဝတ်မှုန်တွေကို စားသုံးတဲ့ခြင်တွေရဲ့အစာထောက်ပံ့မှု ကိုဖြတ်တောက်လိုက်ခြင်းအားဖြင့် ခြင် ပေါက်ပွားနိုင်မှုပမာဏကို လျှော့ချလိုက် တာဖြစ်တဲ့အတွက် သိပ်ကိုအစွမ်းထက် တဲ့ လက်နက်တစ်ခုဖြစ်တယ်လို့ ဆေးပညာရှင်တွေက ပြောခဲ့ကြပါတယ်။

ငှက်ဖျားရောဂါ ဖြစ်ပွားမှုနဲ့ ပတ် သက်ပြီး ထိရောက်တဲ့နည်းလမ်းတွေကို သုတေသနပြုနေတဲ့ လေ့လာရေးအဖွဲ့ တစ်ဖွဲ့ဟာ အနောက်အာဖရိကရဲ့မိုးခေါင် ခြောက်သွေ့တဲ့ မာလီဒေသ အတွင်းမှာရှိတဲ့ ကျေးရွာကိုးခုမှာ ကွင်းဆင်းစမ်းသပ်မှုတွေ လုပ်ဆောင် ခဲ့ကြပါတယ်။

ချုံပုတ်တွေမှာရှိတဲ့ပန်းပွင့်တွေကို ဖယ်ရှားရှင်းလင်းလိုက်ခြင်းက ငှက်ဖျား ရောဂါကိုသယ်ဆောင်တဲ့ အင်းဆက် အကောင်ပေါက်တွေ၊ အင်းဆက်အမ တွေနဲ့ အင်းဆက်အကောင်ကြီးတွေ အမြောက်အမြားကို သတ်ပစ်လိုက်နိုင် တယ်လို့လေ့လာသူတွေက ပြောဆိုခဲ့ပါ တယ်။လုံလောက်တဲ့ ဝတ်ရည်ကိုမရရှိဘူး ဆိုရင် ခြင်မတွေဟာ ရှင်သန်ပေါက်ပွား နိုင်မှုလည်းမရှိတော့ဘူးလို့ ကျွမ်းကျင် ပညာရှင်တွေက ယူဆခဲ့ကြပါတယ်။

**ခြင်မတွေကိုနှိမ်နင်းခြင်း**

အရွယ်ရောက်ပြီးသား ခြင်မ တွေကို အပျောက်ရှင်းနိုင်မယ်ဆိုရင် ငှက်ဖျားရောဂါ ကူးစက်မှုသံသရာ လည်တာကို ရပ်တန့်သွားစေနိုင်ပါတယ်။ အနောဖလစ်ခြင်တွေဟာ ငှက်ဖျား ရောဂါဖြစ်ပွားစေတဲ့ကပ်ပါးပိုးကို ယင်း တို့ရဲ့တံတွေးဂလင်းထဲမှာ သယ်ဆောင် ထားနိုင်ပြီး အဲဒီခြင်တွေလူကိုကိုက်ပြီး လူ့သွေးကို စုပ်ယူလိုက်ချိန်မှာခြင်ရဲ့ တံတွေးက နေတစ်ဆင့် လူဆီကို ကူးစက် ရောက်ရှိသွားစေပါတယ်။

ရောဂါကူးစက်ခံထားရတဲ့ သူဆီ ကနေ နောက်ထပ်တစ်ဦးဆီကိုခြင်မ အကိုက်ခံရတဲ့အခါထပ်မံကူးစက်စေပါ တယ်။ခြင်မတွေဟာသန္ဓေအောင်ပြီးဥဉ ဖို့အတွက် သွေးကိုအစာအဖြစ်လုံလောက် စွာရရှိဖို့ ချောင်းမြောင်းနေတာဖြစ်ပါ တယ်။

ရောဂါကူးစက်ခံထားရပြီဖြစ်တဲ့ ခြင် မဟာ လူဆီကိုရောဂါပိုးပြန့်ပွားနိုင်တဲ့ အခြေအနေရောက်ရှိဖို့ ၁၀ရက်ခန့်ကြာ မြင့်ပါတယ်။ ငှက်ဖျားရောဂါကိုကူးစက် စေနိုင်တဲ့အချိန်ရောက်တဲ့အခါမှာတော့ ခြင်မဟာ သက်တမ်းအားဖြင့်အတော် လေးကြီးရင့်သွားပြီလို့ဆိုရမှာ ဖြစ်ပါ တယ်။

ခြင်မဟာလူ့သွေးကိုစုပ်ယူစားသုံး နိုင်သော်လည်းပဲ အသက်ဆက်လက်ရှင် သန်ဖို့လုံလောက်တဲ့ စွမ်းအင်အတွက် အာဟာရဖြည့်တင်းရာမှာ ပန်းဝတ်မှုန် တွေကို အဓိကမှီခိုအားထားနေရပါတယ်။ ဒီတော့ပန်းပွင့်တွေကို ခုတ်ထွင်ရှင်းလင်း လိုက်ခြင်းကခြင်တွေကို အားနည်းသွား အောင်လုပ်ပြီးနှိမ်နင်းတဲ့ ထိရောက်သော နည်းလမ်းတစ်ခုဖြစ်တယ်လို့လေ့လာ သူတွေက ကောက်ချက်ချခဲ့ကြပါတယ်။ **(ဘီဘီစီ)**

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။(အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ စီးပွားရေး၊ စာရင်းအင်း၊ နိုင်ငံတကာဆက်ဆံရေး၊ ဥပဒေဘာသာရပ်နှင့် ငွေစာရင်းကျွမ်းကျင် သူဦးစားပေးပါမည်။)

(က) ဒုတိယဦးစီးမှူးနေရာ လစာနှုန်းကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)
 (၁) တက္ကသိုလ်တစ်ခုခုမှ အနည်းဆုံးဘွဲ့တစ်ခုရရှိပြီးသူဖြစ်ရမည်။
 (၂) အခြားကျွမ်းကျင်မှု ဘာသာရပ်များအတွက် ကျွမ်းကျင်မှုအထောက်အထား ဘွဲ့/ဒီပလိုမာပူးတွဲ၍ လျှောက်ထားရမည်။

(ခ) အငယ်တန်းစာရေးနေရာ လစာနှုန်းကျပ်(၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)
 (၁) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
 (၂) အခြားကျွမ်းကျင်မှုဘာသာရပ်များအတွက် ကျွမ်းကျင်မှုအထောက်အထား ပူးတွဲ၍ လျှောက်ထားရမည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အပိုဒ်၁(က)ပါ ရာထူးအတွက်(၃၁-၈-၂၀၁၇)ရက်တွင် ၂၈နှစ်ထက် မကျော်စေရ၊ ဝန်ထမ်းဖြစ်ပါက ၃၂နှစ်ထိ ခွင့်ပြုသည်။
(ဂ) အပိုဒ် ၁(ခ)ပါ ရာထူးအတွက်(၃၁-၈-၂၀၁၇)ရက်တွင် (၂၅)နှစ်ထက် မကျော်စေရ။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံ သန်စွမ်းသူဖြစ်ရမည်။
(င) ကွန်ပျူတာတတ်ကျွမ်းရမည်။

၃။ လျှောက်လွှာကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး(၉ လမ်း၊ ၇၀×၇၃ကြား)တွင် ၇-၈-၂၀၁၇ ရက်(တနင်္လာနေ့)မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။ လျှောက်လွှာတွင် အောက်ပါအချက်များပါဝင်ပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-
(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ခ) မွေးနေ့၊ မွေးသက္ကရာဇ်နှင့်အသက်၊
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ၎င်းတို့၏အလုပ်အကိုင်၊
(စ) ဝန်ထမ်းဖြစ်လျှင် ရာထူး၊ ဌာနနှင့် လုပ်သက်၊
(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်၊
(ဇ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊
(ဈ) အမြဲတမ်းနေရပ်လိပ်စာ၊

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်-
(က) တစ်လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံနှစ်ပုံ(နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ရေးသားရန်)
(ခ) ဘွဲ့လက်မှတ် မိတ္တူ၊
(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူ၊
(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင် ကတ်ပြား မိတ္တူ၊
(င) ဝန်ထမ်းမဟုတ်သူများအတွက် တစ်လအတွင်းရရှိထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း၊
(စ) ဒုတိယဦးစီးမှူးရာထူးအတွက် အနည်းဆုံး(၅)နှစ်၊ အငယ်တန်းစာရေးရာထူးအတွက် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး၊ မန္တလေးမြို့သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှတ်ပုံတင်၍သော်လည်းကောင်း (၂၁-၈-၂၀၁၇)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၆။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၊ မန္တလေးမြို့သို့(၂၁-၈-၂၀၁၇)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ အရည်အချင်းစစ်စာမေးပွဲကို အောက်ပါဘာသာရပ်များအား ၂-၉-၂၀၁၇ရက်တွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး၌ ဖြေဆိုရမည်-
(က) မြန်မာစာ
(ခ) အင်္ဂလိပ်စာ
(ဂ) အထွေထွေဗဟုသုတ

၉။ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုတို့အား စစ်ဆေးမည်ဖြစ်ပြီး ဆောင်ရွက်မည့်အစီအစဉ်ကို ထပ်မံကြေညာမည်။

၁၀။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၊ စီမံရေးရာဌာန ဖုန်း-၀၂-၆၁၀၆၂၊ ၀၂-၆၁၀၈၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/6306 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

---

## 8th Model ASEM 2017 ညီလာခံသို့ တက္ကသိုလ်ကျောင်းသားကျောင်းသူများ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်ခြင်း

၁။ 8th Model ASEM သည် အာရှ-ဥရောပဒေသရှိ အဖွဲ့ဝင်နိုင်ငံပေါင်း(၅၁) နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများပါဝင်၍ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေး အယူအဆများကို လေ့ကျင့်ဆွေးနွေးညှိနှိုင်းသည့် ညီလာခံဖြစ်ပါသည်။ အဆိုပါညီလာခံအား (၂)နှစ်လျှင် (၁)ကြိမ် ကျင်းပလျက်ရှိပြီး (၈)ကြိမ်မြောက် အာရှ-ဥရောပတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ညီလာခံကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ၁၅-၁၁-၂၀၁၇ရက်မှ ၂၀-၁၁-၂၀၁၇ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသည်။

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ပါသည်-
(က) အသက်(၁၈)နှစ်နှင့် (၃၀)နှစ်အတွင်းရှိရမည်။
(ခ) နိုင်ငံတကာဆက်ဆံရေးကို စိတ်ပါဝင်စားသူဖြစ်ရမည်။
(ဂ) အင်္ဂလိပ်စာ အရေး၊ အပြော ကောင်းမွန်ရမည်။
(ဃ) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုတွင် ပညာသင်ကြားနေသူဖြစ်ရမည်။

၃။ http://www.asef.org/projects/themes/education/4104-modelasem8 သို့ ဝင်ရောက်၍ Application Form များ တင်သွင်းနိုင်ပြီဖြစ်ပါကြောင်းနှင့် (၃-၉-၂၀၁၇)ရက် GMT 23:59 တွင် လျှောက်လွှာပိတ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ တက္ကသိုလ်ကျောင်းသားကျောင်းသူ (၅၀)အား ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်မှုစာရင်းကို စက်တင်ဘာလတွင် ကြေညာသွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် တက္ကသိုလ် ကျောင်းသားကျောင်းသူများ 8th Model ASEM 2017 ညီလာခံသို့ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများနှင့် ဒေါက်တာကျော်နိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန် ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်၊ ဖုန်း-၀၉-၅၁၉၁၆၈၁၊ ၀၁-၅၃၇၂၆၁၊ အီးမေးလ် drkyawnaing2009@gmail.com, drkyawnaing2009@moe-st.gov.mmသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(8th Model ASEM 2017 ကျင်းပရေးဆပ်ကော်မတီ)**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7F/9881 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/1685 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အများသိစေရန်

ကွယ်လွန်သူဦးမြ အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းအမှတ်(၃၂)၊ မြေကွက်အမှတ်(၁/ဈ)နှင့် မြေကွက်အမှတ်(၂/က) စုစုပေါင်းဧရိယာ ၃ဒသမ၇၁၉ဧက အနက်မှ ဝန်ထမ်းအိမ်ရာ၊ မြေကွက် ၀ဒသမ၁၅၂ဧကကို ချန်လှပ်ပြီး ကျန်ရှိသော မြေဧရိယာ ၃ဒသမ ၅၆၇ဧကကို ၂၂-၅-၂၀၁၃ရက်တွင် ပြုလုပ်ခဲ့သောစက်မှုဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၃-၂၀၁၄)မှ သဘောတူညီခွင့်ပြုချက်ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ စက်မှုဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ၂၂ရက် နေ့စွဲပါစာအမှတ် ၂၀-စမ(၂) ၂၀၁၃-၂၀၁၄ (၃၉၆၉)ဖြင့် မူလပိုင်ရှင်ဖြစ်သော ဦးမြ၏သား၊ သမီး၊ မြေးများဖြစ်ကြသော ဦးထွန်းအေးပါ(၉)ဦး အမည်သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုကြောင်း တရားဝင်စာထုတ်ပြန်ခဲ့ပြီး မူလပိုင်ရှင်များက မြေအမည်ပေါက် ပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ချန်လှပ်ခဲ့သော ဧရိယာ၀ဒသမ၁၅၂ဧကရှိ ဝန်ထမ်းအိမ်ရာမြေကွက်ကို မူလပိုင်ရှင်ဦးမြ၏ အမွေစား အမွေခံများထံသို့ ပြန်လည်ပေးအပ်အမည်ပြောင်းလဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာသို့ တင်ပြလျှောက်ထားနေဆဲဖြစ်ကြောင်းပိုင်ရှင် ဦးမြ၏အမွေစားအမွေခံများဖြစ်သည့် ဦးထွန်းအေးပါ (၂၀)ဦးတို့က အများသိစေရန် ကြေညာအပ်ပါသည်။

**မြေအမည်ပေါက်ပိုင်ရှင် ဦးမြ၏**
**အမွေစားအမွေခံများ၏လွှဲအပ်ချက်အရ-**
**ဦးမောင်မောင်**
**တရားလွှတ်တော်ရှေ့နေ (၃၄၇၃)**
**ရုံးအမှတ်၁၄၂/၁၄၄၊ သုံးလွှာ(ယာ)၊**
**လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၇၀၃၆**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

Japanese ODA Loan No.MY –P 10(Power Distribution Improvement Project in Yangon - Phase 1)ဖြင့်ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက်အောက်ဖော်ပြပါပစ္စည်းများအား Local Competitive Bidding စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | IFB 3-3 ODA-LCB | 400 V Aerial Bundle Cables Systems and Accessories |

တင်ဒါပုံစံရောင်းချမည့်ရက် -(၉.၈.၂၀၁၇) ရက်နေ့ မှ (၁၁.၈.၂၀၁၇) ရက်နေ့
(၁၄.၈.၂၀၁၇ )ရက်နေ့မှ (၁၈.၈.၂၀၁၇)ရက်နေ့
(၂၁.၈.၂၀၁၇) ရက်နေ့မှ (၂၂.၈.၂၀၁၇) ရက်နေ့

တင်ဒါတင်သွင်းမည့်နေ့ရက်နှင့်အချိန် - (၁၉.၉.၂၀၁၇)ရက်နေ့၊နေ့လည်(၁၂:၀၀)နာရီမတိုင်မီ
တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန် - (၁၉.၉.၂၀၁၇)ရက်နေ့၊နေ့လည် (၁၄:၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကိုအောက်ပါလိပ်စာတွင်ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊
ပစ္စည်းစီမံရေးဌာန၊
ရန်ကုန်မြို့ ၊ ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁ ၂၂၀၈၁၆

---

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့ အထက(ခွဲ)၊ အလက(၃) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ကောင်းမြတ်စိုး၏ ဖခင်အမည်မှန်မှာ ဦးဌေးလွင်ဦး ၁၀/မလမ(နိုင်)၁၉၆၄၄၂ ဖြစ်ပါကြောင်း။

**ဦးဌေးလွင်ဦး**

---

**အမည်ပြောင်း**

ဦးအောင်ဆန်း၏သမီး အထက(၃) ဗိုလ်တထောင်မြို့နယ် အဋ္ဌမတန်း(C)မှ မသဲသဲအား မသင်းသဒ္ဒါဖြူဟု ပြောင်းလဲခေါ်ပါရန်။

**မသင်းသဒ္ဒါဖြူ**

---

**အောင်ပါဝေ**
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊
ပိုင်ဒါင်၊ ဌာနဆိုင်ရာရုံးခန်းများ
ပြောင်းရွှေ့လိုပါက ၁၀ ပေ၊ ၁၄ ပေ၊
၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်
အလုပ်သမားများအပါ စိတ်တိုင်းကျ
ပြောင်းရွှေ့ပေးသည်။(မြို့တွင်း/နယ်ဝေး)
09 253266665
09 250554793
09 256263264

---

**ဖခင်အမည်မှန်**

